ရောင်းမှ

The Mirror

Established in 1957

၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ် ၊ ကဆုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (22-5-2013) (၇၄၈၈)

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဆက်လက်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပြုပြင်ပြောင်းလဲမှု အများအပြားဆောင်ရွက်ခဲ့သဖြင့် ပိတ်ဆို့မှုအားလုံးကို လျှော့ချပေးလိုက်ပြီဖြစ်

အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့ သွားရောက်၍ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဗိုးသိန်းနှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စုသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ ၃ နာရီခွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို သမ္မတအိမ်ဖြူတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမ္မတ ဘာရက်အိုဘားမားက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စုကရော အိမ်ဖြူတော်ကပါလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မိမိအနေဖြင့် ယမန်နှစ်က မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန်သမ္မတတစ်ဦးအဖြစ် ရောက်ရှိခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လည်း နှစ်ပေါင်း(၅၀)အတွင်း အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာသည့် မြန်မာခေါင်းဆောင်တစ်ဦးဖြစ်သည့်အတွက် ကောင်းမွန်သည့်ခရီးစဉ်ဖြစ်ပါကြောင်း၊ ယခင်နှစ်(၅၀)က နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုများရှိခဲ့ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်၌ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မစ္စ ဟီလာရီကလင်တန်နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စ ဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကလင်တန်ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ မိခင်နှင့်ကလေး အသေအပျောက်နှုန်းလျော့နည်းရေး၊ လယ်ယာကဏ္ဍတွင် ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာ နည်းပညာများရရှိရေး၊ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေး၊ ဆိုလာစွမ်းအင်စနစ်အသုံးပြုရေး၊ ဆေးရုံသုံးနှင့် ဆေးဝါးပစ္စည်းများရရှိရေးနှင့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီရေးတို့နှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

နေရောင်ခြည်မှရရှိသော ဗီတာမင်ဒီ ပန်းနာရင်ကျပ်ဝေဒနာရှင်များကို အထောက်အကူပြုနိုင်

ဘာသာပြန် - ဟိန်းထက်လင်း

ဗီတာမင်ဒီသည် ပန်းနာရင်ကျပ်ဝေဒနာရှင်များ အတွက် ထိရောက်သောထောက်ပံ့ကူညီမှုများ ပေးနိုင်ကြောင်း လန်ဒန်ကောလိပ်မှ သုတေသီများက ထုတ်ဖော်ပြောကြားခဲ့သည်။

နေရောင်ခြည်တွင်ပါဝင်သော ဗီတာမင်ဒီသည် ပန်းနာရင်ကျပ်ဝေဒနာသည်များ၏ ရောဂါလက္ခဏာ ပိုမိုဆိုးရွားအောင် လှုံ့ဆော်ပေးနေသည့် ခန္ဓာကိုယ်အတွင်းရှိ သဘာဝဓာတုပစ္စည်း၏ လှုံ့ဆော်မှုအဆင့်ကို လျော့ကျစေကြောင်း ၎င်းတို့က ဆိုသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ ရှေ့ဆောင်စာမျက်နှာ ၂၂-၅-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

အနာဂတ်အတွက်ရေ

မြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်နှင့် မြစ်ချောင်းငယ်များစွာ ရှိသည်။ နှစ်စဉ်မိုးရေချိန်လက်မ ၁၀၀ ကျော်ရွာသွန်းပြီး နှစ်စဉ်ရေချို ကုဗမီတာသန်းပေါင်း ၈၈၀ ရရှိသောနိုင်ငံဖြစ်သည်။ အာဆီယံဒေသ အတွင်း၌ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ရေချိုဒုတိယအများဆုံးရရှိသော နိုင်ငံဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော ဒေသများ၌ နေထိုင်သောပြည်သူများမှာ သောက်သုံးရေရရှိရေးအတွက် အချိန်ရှိသရွေ့လုံးပန်းနေရသည်။ ၎င်းတို့၏ အချိန်များစွာကို ရေရရှိရေး အတွက် အသုံးပြုနေရသောကြောင့် အခြားဝင်ငွေရရာလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းမရှိဘဲ မုန့်လုံးစက္ကူကပ်ဖြစ်ကြရကာ ဆင်းရဲနွမ်းပါးမှု သံသရာလည်ကြရသည်။

ယခုအခါ အပူပိုင်းဒေသများတွင် နိုင်ငံတော်အစိုးရနှင့် ဆက်နွယ်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များ ညီနွှိုင်းပေါင်းစပ်ပြီး ရေချိုလုံလောက်စွာ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ရေတိုအတွက်သာ ဖြစ်ပေလိမ့်မည်။ ရေရှည်ဖြေရှင်းမှုများအတွက်မူ ဘက်ပေါင်းစုံမှ ကြိုးပမ်းဖွဲ့စည်းဆောင်ရွက်မှုများနှင့်အတူ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆောင်ရွက်ကြမှသာ ထာဝရရေရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လုံခြုံစိတ်ချရသော သောက်သုံးရေရရှိသည့် လူဦးရေ အချိုးအစားမှာ မကြာမီကာလ၌ ၇၂ ရာခိုင်နှုန်းအထိ ရောက်ရှိတော့မည် ဖြစ်ကြောင်းသိရှိရသည်။ သန့်ရှင်းသောသောက်သုံးရေ၊ ရေအရည်အသွေးနှင့် ရေဖြန့်ဖြူးပေးရာတွင် လိုအပ်သည့်ပစ္စည်းပစ္စယများကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်နေပါသည်။

ယနေ့ခေတ်အခါ၌ ပိုမိုသိသာလာသော ရေရှားပါးခြင်းကိစ္စရပ်သည် အရေးတကြီးဖြေရှင်းပေးရမည့် ဦးစားပေးကိစ္စရပ်ဖြစ်လာသည်။

ရေလုံလောက်စွာရရှိရေးသည် ရာသီဥတုပြောင်းလဲရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ အဆိုပါ ကိစ္စရပ်အတွက် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂ သာမကအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် သန္ဓိဋ္ဌာန်ချထားပြီးဖြစ်သည်။

ယခင်က ရေအသက်တစ်မနက်ဟု လူတစ်ဦးချင်းစီအတွက်ဆိုခဲ့သော်လည်း ယခုအခါ ရေသည် ကမ္ဘာလောကတစ်ခုလုံးကိုပါ ခြိမ်းခြောက်လာသဖြင့် ရေလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုပါ အလေးထားဆောင်ရွက်လာရသည့် အခြေအနေရောက်လာခဲ့သည်။ ထိုသို့ရောက်ရသည်မှာလည်း ရေသည် လူမှုရေးညီမျှမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံရေးတည်ငြိမ်မှုတို့ကို ဟန်ချက်ညီမျှအောင် ဆောင်ရွက်ပေးနိုင်သည့် အရေးကိစ္စဖြစ်နေသောကြောင့်ပါတည်း။

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုနိမ့်ကျနေသော နိုင်ငံများသို့ နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်း၊ ခေတ်မီနည်းပညာလွှဲပြောင်းပေးခြင်းစသည့် အကူအညီများပေးလိမ့်မည်ဟု မျှော်လင့်မိသည်။ ထိုသို့အကူအညီရမှသာ ရေနှင့်ဆက်နွယ်သည့်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကြို့ကြို့ခံနိုင်စွမ်းအတွက် အခွင့်အလမ်းကောင်းများကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ယခုအခါ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးကို ကျင်းပလျက်ရှိရာ ဖြစ်ပေါ်လာသော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အနာဂတ်ကာလတွင် ရေအရင်းအမြစ်များ ကောင်းမွန်လာရေးအတွက် အခွင့်အလမ်းများ ပိုမိုတည်ဆောက်သွားရန်စသည့် ထိရောက်သည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။ ။

◆ကျောဖုံးမှ

ထိုသို့ ပြောကြားရာတွင် အရာရှိ၊ စစ်သည်များအနေဖြင့် ပေးအပ်သော ရည်မှန်းချက်တာဝန်များကို သက်စွန့်ဆံဖျား အပင်ပန်းအဆင်းရဲခံကာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်ရှိသော တပ်မတော်တစ်ရပ်ဖြစ်ရေး စွမ်းရည် (၃)ရပ်ကို ပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း၊ ပညာရည်မြင့်မားမှ နည်းပညာမြင့်မားသော စစ်အသုံးအဆောင် ပစ္စည်းများအားကိုင်တွယ် အသုံးပြုနိုင်မည်ဖြစ်၍ စစ်သည်များ ပညာရည်မြင့်မားရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု အထင်အမြင်လွဲမှားစေမည့် ကိစ္စရပ်များအား အထူးရှောင်ကြဉ်ပြီး ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါးနှင့်အညီ ပြုမူနေထိုင်သွားကြရန်လိုကြောင်း၊ တပ်မတော်၏ ဂုဏ်ကို မြှင့်တင်နိုင်သော တပ်မတော်သားများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရွှေဖီဦးအသင့်ဖျော် လက်ဖက်ရည်ထုပ်များအား လက်ဆောင်အဖြစ် ပေးအပ်ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်ကလေးရန်ပုံငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဗွားတပ်နယ်ရှိ အောင်ဇေယျခန်းမ၌ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅:၄၀	"ကွက်လပ်ဖြည့်ပါ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၃၀	Happy Time Happy Lesson
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၆၉)
၇:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၂၆)
၇:၄၅	ကိုယ်ကြိုက်တာကိုယ်လုပ်
၈:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ဗျော်ရွှင်မှု" (အပိုင်း-၁၁၃)
၉:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရင်ခုန်သံစည်းချက်" (အပိုင်း-၉)

မြန်မာလေ့လော်အသင်း ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုရရှိ

ရန်ကုန် မေ ၂၁

မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော DBS Marina Regatta နဂါးလှေပြိုင်ပွဲ၏ မီတာ ၂၀၀ အမျိုးသား ၂၂ ဦးပြိုင်ပွဲတွင် မြန်မာလေ့လော်အသင်းက ကြေးတံဆိပ်၊ မီတာ ၂၀၀ အမျိုးသမီး ၁၂ ဦးပြိုင်ပွဲတွင် စတုတ္ထ၊ မီတာ ၅၀၀ အမျိုးသား ၂၂ ဦးပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် မီတာ ၅၀၀ အမျိုးသမီး ၁၂ ဦးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိကာ စုစုပေါင်းရွှေနှစ်ခု၊ ကြေးတစ်ခုတို့ဖြင့် အကောင်းဆုံးအမျိုးသမီးချန်ပီယံဆုကို မြန်မာအမျိုးသမီး လေ့လော်အသင်းနှင့် အကောင်းဆုံးအမျိုးသားချန်ပီယံဆုကို အင်ဒိုနီးရှား လေ့လော်အသင်းတို့က ရရှိခဲ့သည်။

ထို့အတူ မလေးရှားနိုင်ငံ၌ကျင်းပခဲ့သော South East Asian Rowing Championship အပြည်ပြည်ဆိုင်ရာလေ့ပြိုင်ပွဲ LW2-နှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်နှင့် LW1 - တစ်ယောက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့က ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အမေရိကန်ကုန်သည်ကြီးများအသင်း (US Chamber of Commerce)ရုံး၌ ကျင်းပသည့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ(US- ASEAN Business Council)နှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများ အသင်းတို့က ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီး ဦးသန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman၊ အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Ms. Tami Overby၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်၊ General Electric မှ Mr. James N. Suciu၊ ACEကုမ္ပဏီမှ Mr. John Keogh၊ Ford ကုမ္ပဏီမှ Mr. Steve Biegun၊ P&G ကုမ္ပဏီမှ Mr. Carolyn Brehm၊ အမေရိကန်ကုန်သည်ကြီးများ အသင်းနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့မှ အမှူဆောင်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ အပြီးတွင် နိုင်ငံတော်သမ္မတအား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားတွင် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ General Electric မှ Mr. James N. Suciu နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေးပါသော အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူမိတ်ဖက်အဖြစ် ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်ရေးသည် မြန်မာပြည်သူများ၏ မျှော်လင့်ချက်အရင်းအမြစ်တစ်ခုဖြစ်ပြီး မိမိတို့အိုးရ၏ တာဝန်လည်းဖြစ်ပါကြောင်း။

အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများအတွက် ရှင်းလင်းလွယ်ကူစွာလုပ်ကိုင်နိုင်မည့် စျေးကွက်စီးပွားရေး စနစ်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ခိုင်မာသည့်အခြေခံကောင်းများ ခင်းကျင်းပေးရန် အစိုးရကကြိုးပမ်းလုပ်ဆောင်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တရားမျှတပြီး ညီညွတ်မှုရှိသည့် စီးပွားရေးတစ်ရပ်ကို ဖော်ဆောင်ရမည်ဖြစ်ပြီး ယင်းစီးပွားရေးသည် မိမိတို့နိုင်ငံ၏ ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်ယူသုံးစွဲနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူသုံးစွဲရာတွင်လည်း မိမိတို့၏သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်လိုအပ်သဖြင့် ၎င်းရည်ရွယ်ချက်အားလုံး ပြီးမြောက်အောင်မြင်စေရန် မိမိတို့အနေဖြင့် လေ့ကျင့်ပညာပေးရေး၊ အသိပညာမျှဝေပေးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးနှင့် သက်ဆိုင်သူများကိုလည်း ထိုနည်းတူ လိုက်ပါလုပ်ဆောင်လာအောင် အားပေးအားမြှောက်ပြုရေးတို့အတွက် အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံတကာ၏ပံ့ပိုးကူညီမှုများကို အမြင့်ဆုံးအဆင့်အထိ ရရှိရန်လိုအပ်ပါကြောင်း။

ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်ရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားလိုပါကြောင်း။

သမ္မတရုံးသည် လွတ်တော်နှင့် ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီမှုအပြင် ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားများအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ လက်ရှိအခြေအနေတွင် ပိုမိုပွင့်လင်းပြီး တာဝန်ခံမှုရှိသော၊ တရားဥပဒေနှင့် ညီညွတ်သော၊ ရှင်းလင်းလွယ်ကူသော လုပ်နည်းလုပ်ဟန်များနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဝန်ကြီးဌာနများ၊ ကျွမ်းကျင်သူများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည်လည်း အရေးကြီးပါကြောင်း၊ မကြာသေးမီကပင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးမည့် ဦးဆောင်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ပေါ်ထွန်းလာရေးအတွက် အစိုးရသည် ပြည်သူတို့၏ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုဆိုင်ရာ မူဘောင်တစ်ရပ်ချမှတ်နိုင်ရေး အလေးထားလုပ်ဆောင်နေပါကြောင်း။

ကဏ္ဍအားလုံးတွင် အမေရိကန်ကုမ္ပဏီများနှင့် အပြန်အလှန်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက်နှင့် အမေရိကန်အသေးစားနှင့် အလတ်စားလုပ်ငန်းများ မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်လိုအပ်သည့် အာမခံချက်များ နေသော စျေးကွက်များနှင့် လည်းကောင်း နယ်နိမိတ်ချင်း ထိစပ်နေပါကြောင်း၊ အတိတ်က နိုင်ငံရေးဆိုင်ရာများအပြင် သဘာဝအတားအဆီးများကြောင့် အထီးကျန်ဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံသည် ယခုအခါတွင် ၎င်းအတားအဆီးများကို ကျော်လွှားရန်ကြိုးစားနေပါကြောင်း။

မဝေးတော့သည့် အနာဂတ်ဖြစ်သော ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့အတွင်း စီးပွားရေးအခင်းအကျင်း အသစ်တစ်ရပ်ပေါ်ထွက်လာတော့မည်ဖြစ်ရာ မိမိတို့အနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းမည့် ထိုအခွင့်အလမ်းကိုအမိအရ လှမ်းယူနိုင်ရန် ပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် အခြေခံကောင်းများ ချမှတ်ဖော်ဆောင်လိုပါကြောင်း၊ ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံအတွင်း၌ အမေရိကန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရှုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၂-၅-၂၀၁၃

နေပြည်တော်နှင့် မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရွာရန်ရာနှုန်း ၆၀

ရန်ကုန်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန်ရာနှုန်း ၈၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

✻ ရှေ့ဖုံးမှ

စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim အား အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံရာတွင် ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်က ငွေကြေးအကူအညီများပေးအပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးသန်းဌေးနှင့် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra ဩဝါဒစကား မြွက်ကြားစဉ်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံမှ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဥာဏာဿရနှင့် အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား လိုက်လံကြည်ညိုပြီး နှုတ်ဆက်စကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသား၏ ကြင်ရာတော်ဖြစ်သူ HRH Princess Srirasm က တက်ရောက်မိန့်ခွန်းပြောကြားကာ အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို မေ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်း၏ နေအိမ်၌ သံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး သံအမတ်ကြီးမိသားစုက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ကြေးမုံဓာတ်ပုံသတင်းမြင်ကွင်း



ဗိုလ်တထောင်ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိရေမြောင်းတွင် အမှိုက်များ ပိတ်ဆို့နေသည်မှာ---

ဗိုလ်တထောင်မြို့နယ် (၄၃)လမ်းအောက်လမ်းတွင် လျှပ်စစ်မီးကြိုးများ ရှုပ်ထွေးနေမှုကြောင့် ပြည်သူများအန္တရာယ်ရှိနိုင်----

နန်းသီတာဗောတံတားပေါ်၌ ဈေးသည်များက ပြည်သူများကို အနှောင့်အယှက်ဖြစ်စေနိုင်---

●ပြောက်ဝင်ရိုးစွန်းမှ

လေ့လာနိုင်စေရန် အထောက်အကူပြုသည်ဆို၏။

သံချပ်ကာ ကားငယ်ပုံစံအသွင် တွေ့မြင်ရသော စက်ရုပ်ယာဉ်သည် အမြင့်ခြောက်ပေရှိပြီး အလေးချိန်ပေါင် ၈၀၀ ရှိသည်။ အဆိုပါ စက်ရုပ်ယာဉ်ပေါ်တွင် မြေပြင်ကို ထိုးဖောက်မြင်နိုင်စွမ်းရှိသော ရေဒါစနစ်တစ်ရပ်ပါရှိကာ ရေခဲမြစ်များကို ထွင်းဖောက်လေ့လာနိုင်စေမည်ဖြစ်သည်။

နေရောင်ခြည် စွမ်းအင်သုံး အဆိုပါစက်ရုပ်ယာဉ်ကို GROVER ဟု အမည်ပေးထားပြီး အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင် လေ့လာရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများက ဒီဇိုင်းပုံစံထုတ်ခဲ့ပြီး နာဆာသိပ္ပံပညာရှင်များက တည်ဆောက်ခဲ့သည်။

အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ဂြိုဟ်တုများ၊ လေယာဉ်များ၊ ဆီးနှင်းလျှောယာဉ်များ အသုံးပြု၍ လေ့လာခြင်းထက် စက်ရုပ်ယာဉ်ဖြင့် လေ့လာခြင်းက ကုန်ကျစရိတ်အလွန်သက်သာစေနိုင်ကြောင်း နာဆာ၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။

GROVER စက်ရုပ်ယာဉ်၏ စွမ်းပကားများနှင့် ပတ်သက်၍ လေ့လာနိုင်ရန် အဆိုပါစက်ရုပ်ယာဉ်ကို ဂရင်းလန်ကျွန်း၌ မေ ၃ ရက်ကဖြန့်ကြက်ခဲ့ပြီး ယင်းကျွန်း၏ရေခဲပြင်ပုံးလွှမ်းနေသော မြေမျက်နှာပြင်အခြေအနေ၊ ရေခဲမြစ်များပျောက်ကွယ်ရန် မြိမ်းခြောက်ခံနေရမှုများ စသည်တို့နှင့်ပတ်သက်၍ စူးစမ်းလေ့လာလျက်ရှိသည်။

အဆိုပါ စက်ရုပ်ယာဉ်ကို ဂရင်းလန်ကျွန်းရှိ သုတေသနစခန်းတစ်ခုမှနေ၍ ထိန်းချုပ်လုပ်ကိုင်ကြောင်း နာဆာက ပြောကြားသည်။ **(သတင်းလုလင်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး



အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဌ၁ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၉၁ ဦးသေဆုံး

ဟူစတန် မေ ၂၁

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများ၌ အင်အားပြင်းထန်သော လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားရာ ၉၁ ဦးသေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများ၌ လေဆင်နှာမောင်း တိုက်ခတ်မှုအပြီး အပျက်အစီးများကို တွေ့ရစဉ်။

မေ ၂၀ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများရှိ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်း အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း ဆိုးဆိုးရွားရွားပျက်စီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ နှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့သည်။

လေဆင်နှာမောင်းဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရသောမြို့မှာ မူရီမြို့ဖြစ်သည်။ ယင်းမြို့၌ စာသင်ကျောင်းနှစ်ကျောင်း အပါအဝင် အဆောက်အအုံအများအပြားပြိုလဲကျခဲ့သည်။ သေဆုံးသူများတွင် ကလေးများပါဝင်ပြီး သေဆုံးသူဦးရေထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း အိုကလာဟိုးမားဆေးဘက်ဆိုင်ရာ စစ်ဆေးရေးမှူးက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၄၅ ဦးကို ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ ၎င်းတို့အနက် ကလေး ၇၀ ခန့်ပါဝင်ကြောင်း ဆေးရုံနှစ်ရုံမှ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အိုကလာဟိုးမားမြို့၌ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားပြီး ဗဟိုအစိုးရအဖွဲ့က အကူအညီပေးနိုင်ရန် တာဝန်ရှိသူများကို စေလွှတ်ခဲ့သည်။ **စီအင်နဲ့အေ။**

ဘူတိုအမှုတွင် မူရှာရက်ဖ် အာမခံရ

အစ္စလာမ္မာဘတ် မေ ၂၁

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုကို လုပ်ကြံရာတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲထားသည့်အမှု၌ စစ်ဘက်အုပ်ချုပ်သူဟောင်း ပါဗက်မူရှာရက်ဖ်ကို တရားသူကြီးတစ်ဦးက အာမခံခွင့်ပြုခဲ့ကြောင်း ၎င်းရှေ့နေကပြောကြားသည်။ ယင်းသို့အာမခံခွင့်ပြုသော်လည်း ၎င်းအားစွဲဆိုထားသော အခြားအမှုနှစ်ခုရှိသေးသဖြင့် အစ္စလာမ္မာဘတ်မြို့စွန်ရှိ နေအိမ်၌ ဆက်လက်အကျယ်ချုပ်ကျခံရမည်ဖြစ်သည်။

မူရှာရက်ဖ်အတွက် အာမခံငွေမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြစ်ကြောင်း ရှေ့နေ ဆူလ်မန်ဆက်ဒါကပြောကြားသည်။ ၂၀၀၇ ခုနှစ် ၎င်းအာဏာရှိစဉ်အခါက ဘူတိုကိုလုပ်ကြံသတ်ဖြတ်ရာတွင် ပတ်သက်မှုရှိသည်ဟု ၎င်းကို အစိုးရရှေ့နေများက စွပ်စွဲထားသည်။ ထို့အပြင် ဝန်ကြီးချုပ်ဟောင်းကို လုံလောက်သောလုံခြုံရေး စီစဉ်ပေးထားခြင်းမရှိဟုလည်း ၎င်းကိုပြစ်တင်ဝေဖန်ကြသည်။ မူရှာရက်ဖ်က ယင်းစွပ်စွဲချက်များကို မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ပြီး နိုင်ငံရေးကို အရင်းခံ၍ စွပ်စွဲခြင်းများသာဖြစ်သည်ဟုဆိုသည်။ **အေပီ။**

တူရကီ၌ လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း ဝေဟင်တွင်တိုက်မိ၊ ကမ္ဘာလှည့်သုံးဦး သေဆုံး

အစ္စတန်ဘူလ် မေ ၂၁

တူရကီနိုင်ငံ အလယ်ပိုင်းရှိ သာယာလှပသောရှုခင်းများတည်ရှိရာ ဒေသတစ်နေရာတွင် လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း ဝေဟင်အတွင်းတိုက်မိခဲ့သဖြင့် ဘရာဇီးလူမျိုး ကမ္ဘာလှည့်ခရီးသည်သုံးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိကြောင်း အင်နာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ ကက်ပါဒိုချိုင်းဒေသ၌ မေ ၂၀ ရက်က လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်းတိုက်မိသည့် မတော်တဆမှုဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ဝေဟင်အတွင်း လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်းတိုက်မိမှုဖြစ်ပွားခဲ့ကြောင်း နက်ဆီဟီပြည်နယ်အုပ်ချုပ်ရေးမှူး အဗ္ဗဒုရာမန်က အင်နာတိုလီယာသတင်းဌာနသို့ ပြောကြားသည်။

လူစီးဓာတ်ငွေ့ဘောလုံးပျံ နှစ်စင်းတိုက်မိရာမှ တစ်စင်းပျက်ကျခဲ့သည်။ ကက်ပါဒိုချိုင်းဒေသသည် တူရကီနိုင်ငံ နက်ဆီဟီပြည်နယ်၌တည်ရှိပြီး ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်သော ဒေသဖြစ်သည်။ လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း တိုက်မိသည့်ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဗီတီအိုင်။**



ဝေဟင်အတွင်း လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း တိုက်မိပြီးနောက် တစ်စင်းပျက်ကျခဲ့ပုံကို တွေ့ရစဉ်။

လစ်ဗျာ၌ သဘာဝဓာတ်ငွေ့စက်ရုံကို စစ်သွေးကြွများက တိုက်ခိုက်

ထရီပိုလီ မေ ၂၁

လစ်ဗျားနိုင်ငံအနောက်ပိုင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးအစောင့်နှစ်ဦး ဒဏ်ရာရရှိကြောင်း၊ စစ်သွေးကြွများသည် လက်နက်များနှင့် စစ်မော်တော်ယာဉ်များကို လုယက်ယူဆောင်သွားခဲ့ကြကြောင်းဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မေ ၂၁ ရက် အစောပိုင်းက ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီမှ ကီလိုမီတာ ၁၁၀ ခန့်အကွာ ဇဝါရာမြို့အနီးရှိ မီလစ်တာ ရေနံနှင့်ဓာတ်ငွေ့စက်ရုံကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း အမည်မဖော်လိုသူအဖိုးရတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါစက်ရုံမှာ လစ်ဗျားနိုင်ငံရှိ အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် အီတလီနိုင်ငံရှိ အကြီးဆုံးစွမ်းအင်ကုမ္ပဏီဖြစ်သော အန်နီအက်စ်ပီအေကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်းတစ်ရပ်ဖြစ်သည်။

စစ်ရဟတ်ယာဉ်များက စစ်သွေးကြွများကို ရှာဖွေလျက်ရှိကြောင်း စစ်အရာရှိတစ်ဦးက ပြောကြားသည်။ **ဗီတီအိုင်။**

မြန်မာဗီဒီယိုကား ကျော်ကြည့်ရမှာလား

ခင်မောင်ဌေး (ပညာရေး)

မနေ့တစ်နေ့ကပဲ ပညာရေးမိတ်ဆွေ ဆရာတစ်ဦးက ဖုန်းဆက်ပြောလာပါတယ်။ မြန်မာဗီဒီယိုကား တစ်ကားအကြောင်းပါ။ ဇာတ်ကားနာမည်လည်း ပြောပါတယ်။ ကြည့် ကြည့်ပါဦး ဆရာတဲ့။ အဲဒါကြည့်ပြီးရင် ဆရာရေးစရာပေါ်လာမှာပါတဲ့။ ဖြစ်ချင်တော့ ဖုန်းက အိမ်မှာကျန်ခဲ့တာ။ အိမ်ကသိပြီးမှ ပြန်ကြားရတဲ့သတင်း။

အိမ်ကလည်း စိတ်ဝင်စားသွားကြဟန်တူပါတယ်။ ဖုန်းသတင်းကိုလည်း ပြောတယ်။ အဲဒီ ဗီဒီယိုကားကိုလည်း ငှားထားပြီးပြီတဲ့။ တော်လိုက်တဲ့ကလေးတွေ။ အမှန်ပြောရရင် စာရေးသူအနေနဲ့ ဗီဒီယို/ရုပ်ရှင် အကြည့်နည်းပါတယ်။ ကလေးတွေ ကြည့်ကြရင်တောင်မှ ကိုယ့်အနေနဲ့ မကြည့်ဖြစ်ပါဘူး။ ဝမ်းစာအတွက် ပြေးရလွှားရ၊ လူမှုရေးအလုပ်က တစ်ဖက်၊ ကိုယ်ဝါသနာပါတဲ့ စာရေးဖို့ရယ်၊ အချိန်တောင်မလောက်ပါဘူး။ ခုတော့ လမ်းညွှန်ကြလွန်းလို့ အချိန်နည်းနည်းပေးပြီး ကြည့်မလို့စိတ်ကူးလိုက်ပါတယ်။ ဒါပေမယ့် သိပ်မကြာခင်ကပဲ စာစောင်တစ်ခုမှာ ဒါရိုက်တာတစ်ဦး တောင်းပန်ထားတဲ့ သတင်းတော့ ဖတ်ပြီးပြီ။ အဲဒါနဲ့ပတ်သက်ပြီး အင်တာနက်မှာလည်း သတင်းတွေစုံလို့ပဲတဲ့။ ဒါရိုက်တာကတော့ ရိုင်းသွားရင် ခွင့်လွှတ်ဖို့တောင်းပန်သွားတယ်။ အဲဒီဇာတ်ကားများလားပဲ။

ဇာတ်ကားကြည့်ပြီးသွားတော့ အဲဒီကားဖြစ်ဖို့ များပါတယ်။ ပထမ ပြောချင်တာက ချီးကျူးစကားပါ။ အဲဒါကဘာလဲဆိုရင် ရိုက်ကွင်းကင်မရာ အနိမ့်အမြင့်၊ အတင်အချ တော်တော်ကောင်းတယ်။ ဆလိုက်မီး၊ အလင်းအမှောင် အယူအဆ၊ ညရိုက်ကွင်းပီပြင်တယ်။ ပြီးတော့မြန်မာပြည်မှာ ဟာသကားကြည့်ချင်ရင် သရဲကားကြည့်ရတယ်တဲ့။ ဘာကြောင့်လည်းဆိုတော့ ဟာသကားက မရယ်ရဘဲ သရဲကားက ရယ်စရာကောင်းလို့တဲ့။ ဒီကားမှာတော့ သရဲကားလည်း မဟုတ်ဘဲနဲ့ ကြည့်ရှုသူတွေရဲ့ စိတ်ကို'သို့လော-သို့လော' နဲ့ ဖမ်းစားသွားနိုင်တာ တွေ့ရတယ်။

အဲဒါကကောင်းတာပေါ့။ ကျန်တာကတော့ ဒီဇာတ်ကားဟာ ဘယ်သူတွေကို ဘယ်လို အသိမျိုး(Message) ပေးချင်တာလဲဆိုတဲ့ မေးခွန်းမျိုးပါပဲ။ ဇာတ်လမ်းက ဘာမှရှိတာမဟုတ်ဘူး။ ရိုက်ကွင်းမများဘူး။ ဝတ်စုံမများဘူး။ အချစ်ကြောင့်စိတ်ဖောက်ပြန်နေသူတစ်ဦးက မိန်းကလေးငယ်ငယ်လေး တစ်ယောက်ကို သူမိန်းမထင်ပြီး ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းပြသွားတဲ့ အခန်းတွေကို လူငယ်ကြိုက် အဓိကရိုက်ပြသွားတာပဲလို့ ထင်တယ်။

ဒါရိုက်တာကလည်း ပြောပါတယ်။ သဏ္ဍာန်လုပ် သရုပ်နဲ့တူအောင် သရုပ်ဆောင်ထားတာပါတဲ့။ အကြင်နာပေးခန်းတွေ (Lip to Lip)ဟာ ကင်မရာထရိတ်ပါလို့ ဆိုပါတယ်။ ကျန်တဲ့အခန်းတွေ (လင်မယားခန်းတွေမှာလည်း (သူ့မိန်းမအထင်နဲ့)သရုပ်ဆောင်ပြရတာပါတဲ့။ သရုပ်ဆောင်နေတယ်ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် သဏ္ဍာန်လုပ်သရုပ်နဲ့တူရတာပေါ့။ သရုပ်ဆောင်တာက ပီပြင်လွန်းနေတယ်။ ပြီးတော့မှ လှုပ်ရှားမှုတွေကို ဝိုးတဝါး ပြလိုက်တယ်။ အဲဒီမင်းသမီးငယ်လေးကို ကျောင်းသူ ကျောင်းသားအရွယ်လေးတွေ ဘယ်လိုကြည့်မလဲ။ အဲဒီအခန်းတွေဟာ တကယ်တော့ စိတ်ကို Stimulus ဖြစ်စေတာပဲ။ နောက်မိန်းကလေးတစ်ဦးရဲ့ အပေါ်အင်္ကျီကြယ်သီးကို ချွတ်တဲ့အခန်းမျိုးဆိုတာ မမြင်ကွယ်ရာ နှစ်ကိုယ်ကြား ကိစ္စတွေပါ။ လူမြင် သူမြင်ရိုက်ပြနေတာ လူငယ်တွေကို ပညာပေးတာလား၊ နည်းပေးလမ်းပြလား၊ မြှူဆွယ်နေတာလား၊ ဒါမှမဟုတ် လူငယ်အကြိုက် ပြကွက်ထွင်တာလားလို့ပဲ မေးရလိမ့်မယ်။

ပြီးတော့ ဒီဇာတ်ကားကြည့်ပြီးမှပဲ ပြည်သူ့ရဲရဲ့ အခန်းကဏ္ဍက အရေးမကြီးသလိုဘဲ။ ပြည်သူ့ရဲရှေ့မှာ လည်ပင်း ညှစ်သတ်နေတယ်။ ရဲက ရပ်ကြည့်နေတယ်။ ရဲတွေက သရုပ်ဆောင်တာ မမြင်ဖူးလို့ ရပ်ကြည့်နေတဲ့အတိုင်းပဲ။ မင်းသမီးငယ်က ဓားနဲ့ထိုးတယ်။ ရပ်ကြည့်နေတယ်။ ဒီတော့ ရဲဆိုတာ ဇာတ်လမ်းပြီးမှရင်လည်း ရောက်လာရမယ်။ ဒါမှမဟုတ် ရှိနေရင်လည်း ရပ်ပဲကြည့်နေရမယ်ဆိုတဲ့ သဘောမျိုးရောက်မနေဘူးလား။

ဒီနေရာမှာ သရုပ်ဆောင် မင်းသမီးတွေနဲ့ ပတ်သက်ရင် ကိုရီးယား ဇာတ်ကားတစ်ကား အကြောင်းပြောချင်တယ်။ နာမည်တွေတော့ မမှတ်မိတော့ဘူး။ အဖြစ်အပျက်ကို ပြောပြမယ်။ မင်းသမီးက ရုပ်ရှင်ရိုက်ဖို့ လက်ခံပြီး ရိုက်ရင်းကမှ မင်းသမီးမကြိုက်တဲ့ အခန်းတစ်ခန်း သရုပ်ဆောင်ဖို့ပါလာတယ်။ အဲဒီအခန်းက သရုပ်ဆောင်တစ်ဦးဦးက သူမကို အဓမ္မစော်ကားတဲ့အခန်း။ မင်းသမီးက မရိုက်ချင်ဘူး။ သဏ္ဍာန်လုပ် သရုပ်နဲ့တူရုံတင်လေးနော်။ ဒါပေမယ့် စာချုပ်ထားတာဆိုတော့ ရိုက်လိုက်ရတယ်ပေါ့။ ကိုရီးယားကား ကြည့်နေကြသူတွေဆို သိကြမှာပါ။ သူတို့ရိုက်တယ်ဆိုတာလည်း ခပ်ပါးပါးလေးပါ။ အဲဒီကားရိုက်ပြီးသွားတယ်။ နာမည်လည်း အသင့်အတင့်ကြီးပါတယ်။ သိပ်မကြာပါဘူး။ အဲဒီမင်းသမီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်။ သူမ အဲဒီလိုအခန်းမျိုး ရိုက်လိုက်ရတာ ရှက်လွန်းလို့တဲ့။ ကိုရီးယားခရေဇီတွေ မှတ်မိမှာပါ။

ပြောရရင် ဒါရိုက်တာဆိုတာ သရုပ်ဆောင်တွေကို ညွှန်ပြပေးရသူပါ။ သရုပ်ဆောင်တွေကလည်း လိုက်နာရပါတယ်။ ဒါလည်း မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်မှာ အခွင့်အာဏာရှိသလောက် ထုတ်သုံးဖို့လို၊ မလိုပေါ့။ သရုပ်ဆောင်တွေကရော ကိုယ့်ရဲ့ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာသိပ်ပြီး ထိပါးပွန်းပဲ့စေမယ့် သရုပ်ဆောင်ကွက်တွေကို မမှိတ်မသုန်ခံယူသင့်ပါသလား။ အနုပညာကြေးကို ကြည့်မှာလား။ နာမည်တစ်လုံးအတွက် တစ်ကိုယ်လုံးသိမ်းကျုံးယူပါစေလို့ သဘောထားကြမှာလား။ (ဒီပုံစံတွေရှေ့ဗီဒီယိုကားတွေမှာလည်း တွေ့နေရတယ်) သဏ္ဍာန်လုပ် သရုပ်နဲ့တူဖို့ဆိုတာ တကယ်လုပ်ပြရတာပါ။ မင်းသားဖက်ချင်သလို ဖက်တာခံရတယ်။ ပွေ့ပြီးရမ်းချင်သလို ရမ်းတယ်။ ပွေ့ခေါ်ပြီး ခုတင်ပေါ်တင်တယ်။ သရုပ်ဆောင်ပြတယ်။ ဒါတွေက တကယ်သရုပ်ဆောင်ပြရတာပါ။ နမ်းတဲ့အခန်းကိုပဲ ကင်မရာလှည့်လို့ရမှာပေါ့။ ဆိုလိုတာက တကယ်သရုပ်ဆောင်ရတာပါ။ တကယ်ပြတော့မှ မပီဝိုးတဝါး လုပ်လိုက်တာပဲ မဟုတ်လား။ လိုတာထက် ပိုနေတာတော့ အမှန်ပဲ။ အသားပေးလွန်းတယ်လို့ပဲ ထင်တယ်။ နောက်ထပ်သုံးသပ်လို့ရတာရှိသေးတယ်။ ရူးကြောင်မူးကြောင်ဖြစ်နေတဲ့ သူတစ်ယောက်၊ သွေးမတော်သားမစပ်၊ ရည်းစားလည်း မဟုတ်သူက ကြမ်းချင်သလို ကြမ်း၊ ရမ်းချင်သလို ရမ်းနေတာကို ပြီးတော့ သူမိန်းမလို သဘောထားပြုမူနေတာတွေကို မျက်လုံးကလေးကလယ်ကလယ်နဲ့ ငြိမ်နေတဲ့ မိန်းကလေးမျိုးကလည်း ရှားမယ်ထင်တယ်။ သိပ်ပြီးများနေပြီ ထင်လို့လား။ ဆိတ်ကွယ်ရာမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ နှစ်ကိုယ်ကြားကိစ္စတွေကို လူမြင်ကွင်းမှာ ခေတ်စားလာဖို့ ညွှန်းဆိုနေသလားပဲ။

ဟုတ်ပါတယ်။ ကန့်ကွက်သူ၊ ရှုတ်ချသူတွေရှိသလို အားပေးသူလည်း ရှိတယ် ပြောပါတယ်။ ဒါလည်း ရှိနိုင်ပါတယ်။ ဒါပေမယ့် အားပေးသူဆိုတဲ့ နေရာမှာ အဲ့ဒီလူတွေဟာ ဘယ်လို မိသားစုတွေ၊ ဘယ်လိုအသိုင်းအဝိုင်းတွေကလည်းဆိုတာတော့ ဆန်းစစ်ကြည့်ရပါလိမ့်မယ်။ မိရယ်၊ ဖရယ်၊ သားရယ်၊ သမီးရယ်ရှိတဲ့ မိသားစု အသိုက်အမြုံအတွင်းမှာတော့ အခုလိုမင်းသားရော မင်းသမီးရော ချွေးတွေပြန်နေတဲ့ ပုံရိပ်တွေကြည့်ပြီး လက်ခုပ်လက်ဝါးတီးမယ့် မိဘမောင်ဖွားတွေတော့ ရှိလောက်မယ်မထင်ပါဘူး။ မိမိရဲ့ ဂုဏ်သိက္ခာကို ငွေကြေး ဒါမှမဟုတ် နာမည်ကြီးမှုနဲ့ မလဲနိုင်တဲ့သူတွေ ရှိနေပါတယ်။ မိမိဂုဏ်သိက္ခာအတွက် အရှက်ကို အသက်နဲ့ လဲသွားသူတွေရှိပါတယ်။ ဘဝမှာ တကယ်ရှိတဲ့ အမှန်တရားတွေပါ။

ဒီတော့ လူတိုင်းမှာ လွတ်လပ်စွာ တွေးမြင်ပိုင်ခွင့်ရှိပါတယ်။ လူတွေလည်း သူ့အမြင် ကိုယ့်အမြင် ပြောကြတာတွေရှိပါတယ်။ ဒါရိုက်တာ တစ်ဦးအနေနဲ့လည်း သူ့ဆိုက်ကနေ ပြောစရာတွေအများကြီးရှိမှာပါပဲ။ စာရေးသူအနေနဲ့ကလည်း ကိုယ့်အမြင် ကိုယ့်ရှုထောင့်ကနေပြီး ရိုးသားစွာရေးသားတင်ပြခြင်းပါ။ ရော်ရည်ရွယ်ရာ ဘယ်သူ့ကိုမှ နစ်နာစေလိုခြင်း အလျဉ်းမရှိပါ။ ဖြစ်စေချင်တာက ကိုယ့်ဆန္ဒပေါ့။ အနုပညာခံစားချက်တစ်ခုဟာ လူ့လောကကြီးကိုလား၊ လူ့အဝန်းအဝိုင်းတစ်ခုကိုလား၊ ဒါမှမဟုတ် လူတစ်ဦးတစ်ယောက်စီကိုလား၊ ဘယ်လိုအသိတရားမျိုးတွေ၊ ဘယ်လို (Message)မျိုးတွေပေးချင်တာလဲ။ ဘယ်လောက် အတိုင်းအတာထိပေးနိုင်သလဲ၊ တကယ်ရော ရင်ထဲရောက်အောင်ပေးနိုင်ခဲ့ရဲ့လားဆိုတာကို ဆန်းစစ်တိုင်းထွာနိုင်မယ်ဆိုရင် ကောင်းမယ်ထင်ပါတယ်။

ခုတော့ ပညာရေးမိတ်ဆွေက ဇာတ်ကားကြည့်ပြီးရင် အမေးတစ်ခုရှိနေပါတယ်တဲ့။ သားပျို၊ သမီးပျိုတွေနဲ့အတူ မြန်မာဗီဒီယိုကားကြည့်တဲ့အခါ ရီမုကွန်ထရိုး (Remove Control)ကိုင်ပြီး ကြည့်ရတော့မှာလားဆိုတဲ့ အမေးအတွက် အဖြေတစ်ခုစဉ်းစားကြဖို့ လိုမယ်ထင်ပါတယ်။ ။

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များဂရုပြု ခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ရေ မြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့် ကျွန်းများရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်းလိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏ ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေသည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုများအပေါ် ဂုဏ်ပြုသောအားဖြင့် ထိုင်းနိုင်ငံ၊ အိမ်ရှေ့မင်းသား၏ အသက်(၄၈) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် လမ်ဆိုင်ငွိုင်းမြို့နယ်၊ ပရာနကွန်သီရိအယုဒ္ဓယဒေသရှိ Mahachulalong Kornrajavidyalaya တက္ကသိုလ်၌ ကျင်းပပြုလုပ်သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဗုဒ္ဓသာသနာတော်ဆိုင်ရာပါရဂူဘွဲ့ **(The Honarary Doctorate Degree)** အား ၁၂-၅-၂၀၁၃ရက်တွင် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းများအနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူအပ်ပါကြောင်းနှင့် ဘာသာ သာသနာတော်အကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုး ဆက်လက်သယ်ဆောင်ထမ်းရွက်နိုင်ပါစေကြောင်း အထူးဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ကျင်းပပြီးစီး

လူစုလူဝေးအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်အောင် အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များ ဝိုင်းဝန်းဆောင်ရွက်သင့်

နေပြည်တော် မေ ၂၁

ယမန်နေ့က တင်သွင်းခဲ့သော နိုင်ငံတော်သမ္မတ၏ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုပေးရန် အဆိုနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးဒုတိယနေ့တွင် လွှတ်တော် ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးဆောင်ရွက်ကြသည်။

ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်က ဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ထုတ်ပြန်ခွင့်ရှိသော်လည်း လွှတ်တော်၏ အတည်ပြုချက် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (၁/၂၀၁၃) အရေးပေါ်အခြေအနေကို လွှတ်တော်က အတည်ပြုမည်ဆိုပါက အချိန်ကာလကြေညာခြင်းကို သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ အာဏာပိုင်အဖွဲ့အနေဖြင့် အရေးပေါ်အခြေအနေကြေညာရသည့် လူစုလူဝေးအကြမ်းဖက်မှုများကို ဥပဒေပြဋ္ဌာန်းချက်အတိုင်း အကောင်အထည်ဖော်မှုအားကောင်းအောင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိလေ့လာပြီး အားနည်းချက်များရှိပါက မည်သို့ဆောင်ရွက်သင့်သည်ကို လွှတ်တော်က ဆန်းစစ်ပိုင်းဝန်း ဆောင်ရွက်သင့်ပါကြောင်းနှင့် မိတ္တိလာကဲ့သို့ လူစုလူဝေးအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်အောင် အစိုးရနှင့်ပြည်သူ့ကိုယ်စားလှယ်များက ပိုင်းဝန်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အရေးပေါ်ကြေညာသည့်ဒေသရှိ နိုင်ငံသားများ၏ မူလအခွင့်အရေးကို လိုအပ်သလိုကန့်သတ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားများအနေဖြင့် မူလအခွင့်အရေးဆုံးရှုံးပါကြောင်း၊ ထို့ပြင် အစိုးရအနေဖြင့်လည်း တာဝန်မယူနိုင်ရာ ရောက်ပါကြောင်း၊ ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်သည့်အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့များ အနေဖြင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကို မြှင့်တင်ပေးရန်လိုအပ်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုအခါ ၎င်းဒေသများ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် အရေးပေါ်အခြေအနေကြေညာခြင်းကို ရုပ်သိမ်းသင့်ပါကြောင်းနှင့် မဖြစ်မနေဆောင်ရွက်ရမည်ဆိုပါက သက်တမ်းအတိုဆုံးသတ်မှတ်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရနိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ဆွေးနွေးရာတွင် အရေးပေါ်အခြေအနေကြေညာရခြင်းသည် ပြည်သူများ၏အသက်အိုးအိမ် လုံခြုံတည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားသည့်ဒေသများ၌ ပြည်သူများ အသက်အိုးအိမ်စည်းစိမ် မဆုံးရှုံးစေရန် လုံခြုံရေးတာဝန်ယူဆောင်ရွက်မည့် ရဲတပ်ဖွဲ့များ၏အင်အားနှင့်လိုအပ်ချက်ကို သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ရဲတပ်ဖွဲ့ကိုလည်း ခေတ်မီသည့် အဆောင်အယောင်များ ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့်အကြောင်းအရင်းများကိုလည်း ပြန်လည်သုံးသပ်ရန်လိုအပ်ပါကြောင်း၊ အရေးပေါ်အခြေအနေကြေညာခြင်းဖြင့် ယင်းဒေသရှိ ပြည်သူများ၏ အခွင့်အရေးဆုံးရှုံးခြင်းကြောင့် ဆက်လက်ကြေညာရန်သင့်၊ မသင့်ကို စဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်က ဆွေးနွေးရာတွင် အုပ်ချုပ်ရေးအပိုင်း၏အရေးယူဆောင်ရွက်ခဲ့မှုကို ပြည်ထောင်စုလွှတ်တော်က အားဖြည့်ပေးသင့်ပါကြောင်း၊ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ပုံမှန်အုပ်ချုပ်ရေးအတွက် လိုအပ်သည့် ဥပဒေများကို အတည်ပြုပေးရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေကို ကာလကြာရှည်ထုတ်ပြန်ထားပါက နိုင်ငံသားများ၏အခွင့်အရေးများကို ထိခိုက်နိုင်သဖြင့် အရေးပေါ်အခြေအနေကို ရက်ပေါင်း(၆၀)သာ ထပ်မံထုတ်ပြန်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ဆွေးနွေးရာတွင် ယနေ့နိုင်ငံတော်အတွင်း မကြာခဏဖြစ်ပွားနေသော မတည်ငြိမ်မှုဖြစ်စဉ်များ၏အခြေခံသည် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေခြင်းကြောင့်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏အကျိုးစီးပွားကို ထာဝရကာကွယ်စောင့်ရှောက်နိုင်ရန် တရားဥပဒေစိုးမိုးတည်ငြိမ်အေးချမ်းစေရန်အတွက် ခက်မသုံးဖြာဖြစ်သော မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန်ထိန်းညှိလျက် လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်သွားရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကမာရွတ်မဲဆန္ဒနယ်မှ ဒေါ်ရီရီမြင့် ဆွေးနွေးစဉ်။ (ဝဲပုံ) (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့် ဆွေးနွေးစဉ်။ (ယာပုံ) (သတင်းစဉ်)

ရေယာဉ်စီးခရီးသည်များ လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် ပန်းဆိုးတန်း-ဒလ ရန်ကုန်မြစ်ဖြတ်ကူးတို့ "ကျန်စစ်သား" ရေယာဉ်ပေါ်တွင် အသက်ကယ်အင်္ကျီများကို ယခုကဲ့သို့ စီစဉ်ထားသည်ကို တွေ့ရစဉ်။

ထက်ခိုင်(စမ်းချောင်း)

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ပဋိပက္ခဖြစ်ပွားမှုများအနေဖြင့် အချိန်ကာလများစွာ မကြာမြင့်သော်လည်း ပျက်စီးဆုံးရှုံးမှုများသည့်အတွက် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး အသက်အိုးအိမ်ဆုံးရှုံးခဲ့ရသည်ကို မည်သူမငြင်းနိုင်မည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က)အရ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၃)ကို အတည်ပြုပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များတွင် ဝေဖန်အကြံပြုသုံးသပ်ချက်များအပြင် အကြံပေးဆွေးနွေးသွားသည်ကိုတွေ့ရပါကြောင်း၊ ယင်းအကြံပေးထောက်ပြချက်များသည် မမြင်သည်ကို မြင်အောင်၊ မတွေ့သည်ကို တွေ့အောင်၊ မစုံလင်သည်ကို စုံလင်အောင်၊ မှားသည်များကို မှန်အောင် လမ်းပြဖြည့်စွက်တည့်မတ်ပေးသည်ဟု ထင်မြင်ပါကြောင်း၊ ဝေဖန်သုံးသပ်အကြံပြုသည်များကိုလည်း အုပ်ချုပ်ရေးအဖွဲ့အစည်းအနေဖြင့် လမ်းပြဖြည့်စွက်တည့်မတ်ပေးသည်ဟု ခံယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုနိုင်ရန်အတွက် စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူခဲ့ရာ ထောက်ခံမဲ(၅၂၁)မဲဖြင့် အတည်ပြုခဲ့ပြီး အချိန်ကာလနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်ရက်မှစ၍ ရက်ပေါင်း(၆၀) အထိ ဆက်လက်အာဏာတည်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ် ရင်ထိုးတံဆိပ်ပြောင်းလဲတပ်ဆင်အသုံးပြုရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။

ယခင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က အသုံးပြုခဲ့သည့် ပြည်ထောင်စုလွှတ်တော်စာတန်းပါ ရင်ထိုးတံဆိပ်အစားအပေါ်ဘက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စာတန်း၊ အလယ်တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် အောက်ဘက်တွင် ပြည်ထောင်စုလွှတ်တော်စာတန်းပါ ရင်ထိုးတံဆိပ်ကို ပြောင်းလဲအသုံးပြုရမည်ဖြစ်ပြီး မိမိ၏ လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းအပါအဝင် တာဝန်ချိန်များတွင် အဆောင်အယောင်တစ်ခုအနေဖြင့် တပ်ဆင်အသုံးပြုရန် ဖြစ်ကြောင်း သိရသည်။

ယနေ့အထူးအစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်ရပ်နားခဲ့ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ နိုင်ငံတော်သမ္မတမှ

ယခုအခါ ဆက်ဆံရေးပြောင်းလဲလာရခြင်းမှာ မြန်မာနိုင်ငံတွင် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စီးပွားရေးအရရော နိုင်ငံရေးအရပါ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာသည့်အတွက် ဖြစ်ပါကြောင်း၊ နှစ်နှစ်တာကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ယခုဆိုလျှင် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ လွှတ်တော်တွင်လည်း မြန်မာနိုင်ငံအကျိုးအတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလွန်ယုံကြည်လောက်သည့် ကြားဖြတ်ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

သမ္မတကြီး ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံတွင် အလွန်ရှည်ကြာလှသည့် တိုင်းရင်းသားပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေပြီး ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းနေပြီဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲမှု အများအပြားကို ဆောင်ရွက်ခဲ့သဖြင့် မိမိတို့က စီးပွားရေးပိတ်ဆို့မှုအပါအဝင် ပိတ်ဆို့မှုအားလုံးကို လျှော့ချပေးလိုက်ပြီဖြစ်ကြောင်း၊ အခြားနိုင်ငံများကလည်း အလားတူလျှော့ချပေးခဲ့ပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးမှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ များပြားလာပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာတော့မည်ဖြစ်ကြောင်း။

သို့သော် ယင်းသို့ပြုပြင်ပြောင်းလဲမှုများမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားခဲ့သကဲ့သို့ ရှည်လျားသည့် ခရီးအဖြစ် အချိန်ယူ၍ ဆောင်ရွက်သွားရဦးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပြီး နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရုံသာမက နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများတွင် ဒုက္ခသည်များကို အလေးထားဆက်ဆံပြီး အကူအညီပေးသွားရန်ကိုလည်း မိမိတို့သဘောတူညီခဲ့ပြီးဖြစ်ပါကြောင်း၊ USAID အနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်-မန္တလေး လမ်းမကြီး ပြုပြင်ရေးလုပ်ငန်းများကိုဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံက အာဆီယံနှင့် အာရှ-ပစိဖိတ်ဒေသ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြောင်း၊ မိမိတို့ကလည်း ဒေသတွင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ကြိုဆိုပါကြောင်း၊ ၎င်း၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးလမ်းကြောင်းသစ်ကို ဖော်ဆောင်ရာတွင် အမေရိကန်နိုင်ငံက အောင်မြင်အောင် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းပြောကြားရာတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတအိမ်ဖြူတော်သို့ ပထမဆုံးအကြိမ်ရောက်ရှိလာပြီး သမ္မတ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးစတင်ခဲ့သည့်အတွက် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှုရရှိပြီးဖြစ်သည့် နိုင်ငံများဖြစ်ကြောင်း၊ သို့သော် လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံရေးစနစ်များမတူညီမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး ကျဲပါးခဲ့ရကြောင်း။

ယခုအခါတွင် အမေရိကန်နိုင်ငံသို့ နှစ်ပေါင်း(၅၀)အတွင်း ပထမဆုံးလာရောက်သည့် မြန်မာခေါင်းဆောင်တစ်ဦးအဖြစ် မိမိလာရောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်နေပြီဖြစ်ရာ နှစ်နိုင်ငံကျင့်သုံးသည့် နိုင်ငံရေးစနစ်ချင်း တူညီနေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံနည်းပါးနေသေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းရာတွင် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ရပါကြောင်း၊ အခြေခံအကြောင်းအရင်းမှာ ဆင်းရဲမှုနှုန်းမြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဒီမိုကရေစီအတွေ့အကြုံအားနည်းခြင်း၊ အရည်အချင်းရှိသည့် အလယ်အလတ်တန်း လူတန်းစားများ နည်းပါးခြင်း စသည်တို့ပင်ဖြစ်ပါကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ၏ အကူအညီပေးမှုဖြင့် အခက်အခဲအချို့ကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်အောင် မူဝါဒများပြောင်းလဲပြီး စတင်ဖော်ဆောင်ပေးခဲ့သည့် သမ္မတအိုဘားမားကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မိမိနှင့် သမ္မတ အိုဘားမားတို့ ယနေ့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ အရည်အသွေးမြှင့်တင်ရေး၊ လယ်ယာကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ပါကြောင်း၊ မစ္စတာ အိုဘားမားက အမြော်အမြင်ကြီးမားစွာဆွေးနွေးခဲ့သဖြင့် မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆက်လက်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မစ္စတာ အိုဘားမားပြောကြားသကဲ့သို့ ရှေ့သို့ဆက်လက်ချီတက်သွားမည်ဖြစ်ပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်သူတွေရဲ့ဘဝကို မြှင့်တင်နိုင်ဖို့အတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်တွင် မိန့်ခွန်းပြောကြား

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း (John Hopkins)တက္ကသိုလ်သို့ သွားရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဂျွန်ဟော့ကင်းတက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာန(SAIS) မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားခဲ့ပြီး မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

ကျွန်တော့်ရဲ့ ဝါရှင်တန်ကို ရောက်ရှိလာတဲ့ ပထမဆုံးခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ဘွဲ့လွန်နိုင်ငံတကာ လေ့လာရေးဌာန SIAS မှာ လာရောက်စကားပြောခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်။ ဒီလိုလာရောက်စကားပြောဖို့ ဖိတ်ကြားတဲ့ မဟာဌာနမှူး ဗယ်လီနာ့ဆ်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ဂျွန်ဟော့ကင်းတက္ကသိုလ် အထူးသဖြင့် ဒီဘွဲ့လွန်နိုင်ငံတကာ လေ့လာရေးဌာန SAIS နဲ့ ရင်းနှီးချစ်ကြည်တဲ့ ဆက်ဆံမှုများ စတင်ခဲ့တာဟာ နှစ်ပေါင်းငါးဆယ်ကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဂျွန်ဟော့ကင်း စင်တာ ရန်ကုန်ကို ၁၉၅၄ မှာ တည်ထောင်နိုင်ခဲ့ပြီး အာရှမှာ ပညာရေးနှင့် သုတေသနဆိုင်ရာ ဦးဆောင်နိုင်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ သံတမန်အရာရှိကြီးတွေနဲ့ ကျွန်တော့်ရဲ့ အကြံပေး အဖွဲ့ဝင်အချို့ဟာလည်း ဒီ SAIS ကျောင်းကြီးမှာ ပညာသင်ယူခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့ ဒီလိုတစ်ချိန်က ရှိခဲ့တဲ့ ရင်းနှီးခိုင်မာတဲ့ ဆက်ဆံမှုတွေကို ပြန်လည်အသက်သွင်းနိုင်မယ်လို့ အထူးယုံကြည်မျှော်လင့်ပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

ဒီလိုအချိန် ဒီလိုနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု အကြောင်း၊ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် မျှော်မှန်းချက် (Vision)၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံမှုတွေဖြစ်ပေါ်လာစေမယ့် ကိစ္စရပ်တွေကို ပြောကြားခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်မိပါတယ်။

ကျွန်တော်တို့အစိုးရ ဦးဆောင်ခဲ့တဲ့ လွန်ခဲ့သောနှစ်နှစ်တာကာလဟာ အပြောင်းအလဲတွေဖော်ဆောင်နိုင်ခဲ့တဲ့ ကာလတစ်ခုဖြစ်ပါတယ်။ စစ်အုပ်ချုပ်ရေးစနစ်ကို ရပ်တန့်နိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံတဲ့ အုပ်ချုပ်မှုပုံစံသစ်တစ်ရပ်ကို ပုံဖော်နိုင်ခဲ့ပါတယ်။ အားကောင်းတဲ့ဒီမိုကရေစီစနစ်နဲ့ ခွန်အားရှိတဲ့ ဈေးကွက်စီးပွားရေးတစ်ခု ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ၁၉၄၈ မြန်မာ့လွတ်လပ်ရေးနဲ့အတူ အမြစ်တွယ်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကိုလည်း ငြိမ်းချမ်းစွာဖြေရှင်း အဆုံးသတ်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီအပြောင်းအလဲတွေကနေ နိုင်ငံတကာရဲ့တားဆီးပိတ်ဆို့မှုတွေ ဖယ်ရှားနိုင်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အထီးကျန်ဆန်ခဲ့ရမှုကို ချုပ်ငြိမ်းအောင်၊ ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။

မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း (John Hopkins)တက္ကသိုလ်၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ သမိုင်းမှာ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးတဲ့ ဆောင်ရွက်မှုကြီးတစ်ရပ် ဖြစ်ပါတယ်။ ဗဟိုအုပ်ချုပ်ရေးစနစ်ကနေ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဆီ၊ ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးကနေ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဆီ ကူးပြောင်းနေတဲ့ တစ်ပြိုင်နက်တည်းမှာပဲ မတူညီတဲ့ သဘောသဘာဝရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၁၂ ခုကို တည်ဆောက်နေရသလို ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးမှာလည်း ဆက်ဆံရေးပုံစံသစ်တစ်ခုကို ပြန်လည်တည်ဆောက်နေရပါတယ်။ အဲသလို တည်ဆောက်ရာမှာလည်း ကျန်ရှိနေသေးတဲ့ စီးပွားရေးပိတ်ဆို့မှုတွေရဲ့ ဖိအားတွေကြားမှာ တည်ဆောက်နေရတာဖြစ်တဲ့အတွက် ကမ္ဘာ့သမိုင်းမှာ မကြုံဖူးသေးတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးကို ကြိုးပမ်းဆောင်ရွက်နေရတာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အလွန်တရာခက်ခဲတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့မှာ လက်ရှိ အင်စတီကျူးရှင်းအချို့ကို လိုအပ်တဲ့ချိန်ညှိမှုတွေ ပြုလုပ်နေရပါတယ်။ အချို့ကိုလုံးဝပြုပြင်ပြောင်းလဲပစ်ရပါတယ်။ လိုအပ်တဲ့ အင်စတီကျူးရှင်းအသစ်တွေလည်း တည်ဆောက်နေရပါတယ်။ စဉ်းစားတွေးခေါ်ပုံတွေကိုလည်း ပြောင်းလဲကြရမှာ ဖြစ်ပါတယ်။ ပထမဆုံးနဲ့ အရေးကြီးဆုံး ကိစ္စကတော့ ပြည်သူတွေအပေါ် တာဝန်ကျေတဲ့ အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်အောက်မှာ နေခဲ့ရတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဒီပြုပြင်ပြောင်းလဲရေးဟာ မလွယ်ကူပါဘူး။ ကျွန်တော်တို့ရဲ့ စီးပွားရေးစနစ်ကို ပိုမိုညီညွတ်မျှတမှု ရှိလာအောင်၊ တရားမျှတတဲ့ ယှဉ်ပြိုင်မှု ပေါ်ပေါက်လာအောင် ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့ရဲ့ ပေါကြွယ်ဝလှတဲ့ သဘာဝသယံဇာတတွေကို အသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသလို တခြားတစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုတွေ အောင်မြင်နိုင်ဖို့အတွက် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာရဲ့ အားပေးထောက်ခံမှုတွေ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့ အသိပညာ၊ နည်းပညာတွေရရှိနိုင်ဖို့၊ အတွေ့အကြုံ ဖလှယ်နိုင်ဖို့၊ ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ပေးဖို့ အမေရိကန်ပြည်ထောင်စုအပြင် အခြားနိုင်ငံတွေကလည်း အလားတူ ဆောင်ရွက်လာအောင် တိုက်တွန်းပေးစေလိုပါတယ်။

အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များဟာ အန္တရာယ်အမျိုးမျိုးနဲ့ ပြည့်နှက်နေတတ်ပြီး စွန့်စားမှုတွေလည်း မလွဲမသွေ လုပ်ဆောင်ရလေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်နိုင်ငံနဲ့ ကျွန်တော့်လူမျိုးရဲ့ အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ ကျွန်တော့်ပြည်သူတွေဟာ ဒီအပြောင်းအလဲ အောင်မြင်ဖို့ဘယ်လောက်ထိမျှော်လင့်နေကြတယ်ဆိုတာလည်း ကျွန်တော်နားလည်ပါတယ်။ ဒီမိုကရေစီစနစ်အမြစ်တွယ်ရှင်သန်နိုင်ဖို့ အထီးကျန်တံခါးပိတ်နိုင်ငံအဖြစ်ကနေ ရုန်းထွက်၊ အခြားအာရှနိုင်ငံတွေကို စီးပွားရေးအရ အမီလိုက်နိုင်ပြီး အကြမ်းဖက်မှုတွေ၊ တိုက်ခိုက်မှုတွေအားလုံး အမြန်ဆုံးချုပ်ငြိမ်းသွားတဲ့ ငြိမ်းချမ်း၊ သာယာ၊ ဝပြောတဲ့ မြန်မာပြည်သစ်ကို ကျွန်တော့်ပြည်သူတွေ ဘယ်လောက်မြင်တွေ့ချင်နေကြတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ကောင်းကောင်းကြီး သိနားလည်ထားပါတယ်။ ဒီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့အားလုံး မလွဲမသွေ လျှောက်လှမ်းရမယ့်လမ်းကြောင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး လက်ခံထားပါတယ်။ အလျှော့ပေးညှိနှိုင်းမှုတွေ၊ သည်းခံနားလည်မှုတွေရှိမှသာ အောင်မြင်မှုရရှိမယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်လက်ခံထားပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေကြောင့် မိမိကိုယ်ကျိုးစီးပွားကို ထိပါးလာနိုင်တယ်လို့ ယူဆပြီး ဒီအပြောင်းအလဲကို မလိုချင်တဲ့ အနှောင့်အယှက် အတားအဆီးတွေလည်း ရှိနေနိုင်ပါတယ်။ မကြာသေးခင်ကာလမှာပင် အလွန်ဝမ်းနည်းစရာကောင်းတဲ့၊ ဘယ်လိုမှမျှော်လင့်မထားတဲ့ ပဋိပက္ခတွေ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်ခဲ့ရ
ဘယ်လိုပဲ ကြ
တွေနဲ့ ကြုံရပါ
ဒီလမ်းကြောင်း
ဆုံးဖြတ်ထားပြ
ကျွန်တော်တို့
မြင်မှုရမယ်ဆို
ပါတယ်။

ဂုဏ်သရေရှိ
ခင်ဗျား

အားလုံးသိ
တို့ရဲ့ ပြုပြင်ပြေ
စဉ်တွေဟာ ဖ
ဖြစ်ပျက်နေ
အရင်တစ်ချိန်
စစ်မက်ဆိုတဲ့
တွဲဖက်ပြီး သိ
ဟာဆိုရင် ယ
မြန်မြန် ပြော
အပြင် သမိုင်း
တဲ့၊ ငြိမ်းချမ်း
အချိန်အခါကို
ဖြစ်ပါတယ်။
အတိတ်ကာလ
လော်ဂျီ၊ ကွဲပြ
မရှိတော့တဲ့
ယနေ့ အာရှ
ဦးဆောင် အ
ကြတာပဲဖြစ်
အရေးအကြီး
တို့ မြန်မာနိုင်
နောက်ကျကျန်
တွင်မယ့် ပြော
အတူ ပြောင်း
အချက်ပဲ ဖြစ်

❍ နေရောင်ခြည်မှ

အထူးသဖြင့် ပန်းနာရင်ကျပ်ဝေဒနာရှင်များ နိစ္စဓူဝကြုံတွေ့နေရသော အသက်ရှူခက်ခဲသည့် ပြဿနာကို ဗီတာမင်ဒီက ဖြေရှင်းပေးနိုင်ဖွယ်ရှိကြောင်း၊ အသက်ရှူခက်ခဲမှုပြဿနာလျော့ပါးသက်သာစေရန် ဗီတာမင်ဒီက ထောက်ပံ့မှုပြုနိုင်ကြောင်း သိရသည်။

နေရောင်ခြည်ကို ထိရောက်စွာအသုံးပြု၍ ပန်းနာရင်ကျပ်ရောဂါ ကုသနိုင်မည့်အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းအစီအစဉ် အထမြောက်ခဲ့ပါက ဗီတာမင်ဒီဆေးဝါးအသုံးပြုခြင်းကဲ့သို့သော အခြားကုထုံးနည်းလမ်းများကို ငွေကုန်ကြေးကျခံ၍ သုံးစွဲကုသနေရခြင်းမှ ရှောင်လွဲနိုင်မည်ဖြစ်ကြောင်း အဆိုပါသုတေသီများက ရှင်းပြပြောဆိုခဲ့သည်။

ဗြိတိန်နိုင်ငံရှိ ကလေး ၁ ဒသမ ၄ သန်းအပါအဝင် လူဦးရေ ငါးသန်းကျော်မှာ ပန်းနာရင်ကျပ်ဝေဒနာကို ခံစားနေကြရပြီး ယင်းရောဂါကြောင့် တစ်နှစ်လျှင် လူ ၁၄၀၀ ခန့် သေဆုံးနေရကြောင်း၊ ပန်းနာရင်ကျပ်ရောဂါသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာတစ်မျိုးဖြစ်ပြီး အသက်ရှူမဝခြင်း၊ ခက်ခက်ခဲခဲအသက်ရှူရခြင်း စသည်တို့ကို ဖြစ်ပေါ်စေကာ အသက်ရှူရပ်၍ သေဆုံးသည်အထိ ဖြစ်စေနိုင်ကြောင်း ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့သည်။

...ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော်လျက်ရှိ

...ကင်းတက္ကသိုလ်တွင် မိန့်ခွန်းပြောကြား

...၂၀

...ဒသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ...သည်။

...အကဲများ၊ ဂျွန်ဟော့ကင်းတက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာန(SAIS) ...က်ရောက်ကြသည်။

...က်ပါအတိုင်းဖြစ်သည်-

...ပြောင်းလဲကြရ
...မဆုံးနဲ့ အရေး
...ာ့ ပြည်သူတွေ
...ဂျတဲ့ အစိုးရ
...ကြိုးစား
...ပဲ ဖြစ်ပါတယ်။
...းစွာ ဗဟိုဦးစီး
...ာက်မှာ နေခဲ့
...မြန်မာနိုင်ငံ

မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း (John Hopkins)တက္ကသိုလ်၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

...ာင်းလဲရေးဟာ
...ျွန်တော်တို့ရဲ့
...ပိုမိုညီညွတ်မျှ
...တရားမျှတတဲ့
...က်လာအောင်
...ယ်။ တစ်ဖက်မှာ
...ါကြွယ်ဝလှတဲ့
...တွေကို အသုံးပြု
...ိုးတက်အောင်
...လို တခြား
...ဘာဝပတ်ဝန်း
...မ်းနိုင်အောင်
...နေတာ ဖြစ်ပါ
...တွ အောင်မြင်
...အမေရိကန်
...အဝင် နိုင်ငံ
...ထောက်ခံမှုတွေ
...ယ်။ ကျွန်တော်
...အပ်တဲ့ အသိ
...တွေရရှိနိုင်ဖို့၊
...ဖလှယ်နိုင်ဖို့၊
...နီးမြုပ်နှံမှုတွေ
...မေရိကန်ပြည်
...ားနိုင်ငံတွေက
...ဆောင်ရွက်
...တွန်းပေးစေလို

...းရေးလုပ်ငန်း
...ယ်အမျိုးမျိုးနဲ့
...စွန့်စားမှုတွေ
...ပ်ဆောင်ရလေ့
...ယ့် ကျွန်တော့်
...တော့်လူမျိုးရဲ့
...တော် ကောင်း
...။ ကျွန်တော့်

ပြည်သူတွေဟာ ဒီအပြောင်းအလဲ အောင်မြင်ဖို့ဘယ်လောက်ထိမျှော်လင့်နေကြတယ်ဆိုတာလည်း ကျွန်တော်နားလည်ပါတယ်။ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်နိုင်ဖို့ အထီးကျန်တံခါးပိတ်နိုင်ငံအဖြစ်ကနေ ရုန်းထွက်၊ အခြားအာရှနိုင်ငံတွေကို စီးပွားရေးအရ အမီလိုက်နိုင်ပြီး အကြမ်းဖက်မှုတွေ၊ တိုက်ခိုက်မှုတွေ အားလုံး အမြန်ဆုံးချုပ်ငြိမ်းသွားတဲ့ ငြိမ်းချမ်း၊ သာယာ၊ ဝပြောတဲ့ မြန်မာပြည်သစ်ကို ကျွန်တော့်ပြည်သူတွေ ဘယ်လောက်မြင်တွေ့ချင်နေကြတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ကောင်းကောင်းကြီး သိနားလည်ထားပါတယ်။ ဒီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့အားလုံး မလွဲမသွေ လျှောက်လှမ်းရမယ့်လမ်းကြောင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး လက်ခံထားပါတယ်။ အလျှော့ပေးညှိနှိုင်းမှုတွေ၊ သည်းခံနားလည်မှုတွေရှိမှသာ အောင်မြင်မှုရရှိမယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်လက်ခံထားပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေကြောင့် မိမိကိုယ်ကျိုးစီးပွားကို ထိပါးလာနိုင်တယ်လို့ ယူဆပြီး ဒီအပြောင်းအလဲကို မလိုချင်တဲ့ အနှောင့်အယှက် အတားအဆီးတွေလည်း ရှိနေနိုင်ပါတယ်။ မကြာသေးခင်ကာလမှာပင် အလွန်ဝမ်းနည်းစရာကောင်းတဲ့၊ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ပဋိပက္ခတွေ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါပေမယ့် ဘယ်လိုပဲ ကြမ်းတမ်းတဲ့အခက်အခဲတွေနဲ့ ကြုံရပါစေ၊ ကျွန်တော်တို့ဟာ ဒီလမ်းကြောင်းကို ဆက်လျှောက်ဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့ မလွဲမသွေ အောင်မြင်မှုရမယ်ဆိုတာလည်း ယုံကြည်ပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ဖန်လုံအိမ်တစ်ခုထဲမှာ ဖြစ်ပျက်နေတာ မဟုတ်ပါဘူး။ အရင်တစ်ချိန်က ဆင်းရဲမွဲတေမှုနဲ့ စစ်မက်ဆိုတဲ့ စကားလုံးများနဲ့ တွဲဖက်ပြီး သိခဲ့ကြတဲ့ အာရှတိုက်ဟာဆိုရင် ယခုအခါမှာ လျင်လျင်မြန်မြန် ပြောင်းလဲတိုးတက်နေတဲ့ အပြင် သမိုင်းမှာမကြုံစဖူး ထူးခြားတဲ့ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ အချိန်အခါကို ရောက်ရှိနေတာဖြစ်ပါတယ်။ ကိုလိုနီဆိုးမွေတွေ၊ အတိတ်ကာလရဲ့ အိုင်ဒီယော်လော်ဂျီ၊ ကွဲပြားသဘောမတူမှုတွေ မရှိတော့တဲ့ မျိုးဆက်သစ်တွေက ယနေ့ အာရှရဲ့ တိုးတက်မှုတွေကို ဦးဆောင် အကောင်အထည်ဖော်နေကြတာပဲဖြစ်ပါတယ်။ အဓိကအရေးအကြီးဆုံးကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်း ခေတ်နောက်ကျကျန်နေလို့မရဘဲ ဒီသမိုင်းတွင်မယ့် ပြောင်းလဲမှုဖြစ်စဉ်ကြီးမှာ အတူ ပြောင်းလဲလိုက်ပါရမယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ လူဦးရေသန်း ၆၀ နီးပါးရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အာရှရဲ့ လမ်းဆုံလမ်းခွနေရာမှာ တည်ရှိနေပါတယ်။ အနောက်မြောက်ဘက်မှာ တရုတ်နိုင်ငံ၊ အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်အရပ်မှာ အာဆီယံမိတ်ဆွေနိုင်ငံများနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာဖြစ်တဲ့အတွက် တစ်နည်းပြောရရင် လူဦးရေသန်း ၂၀၀၀ လောက်ရှိပြီး လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ ဈေးကွက်ကြီးနဲ့ ချိတ်ဆက်တည်ရှိနေတာလည်း ဖြစ်ပါတယ်။ နိုင်ငံရေးအရသာမက သဘာဝအဟန့်အတားတွေအရပါ အထီးကျန်ဖြစ်ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံဟာ ယခုဆိုရင် ဒီအဟန့်အတားတွေကို ကျော်လွှားပြီး ကမ္ဘာ့မိသားစုထဲကို ပြန်လည်ဝင်ရောက်လာဖို့ စတင်နေပြီဖြစ်ပါတယ်။ ဒီလို အာရှနဲ့ ပြန်လည်ပေါင်းစည်းတာ၊ ကမ္ဘာနဲ့ ပြန်လည်ပေါင်းစည်းတဲ့ ကိစ္စမှာ ပြည်သူတွေ အမြတ်ထုတ်ခံလိုက်ရတဲ့ ပေါင်းစည်းမှုမျိုးမဟုတ်ဘဲ ကျွန်တော်တို့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မျက်ကွယ်မပြုတဲ့၊ ပြည်သူ့အကျိုးစီးပွားကို ရှေးရှုတဲ့ ပြန်လည်ပေါင်းစည်းမှုမျိုးဖြစ်အောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်အကောင်အထည်ဖော်ဖို့ အထူးအရေးကြီးပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့ စီးပွားရေးဆိုင်ရာ လိုအပ်တဲ့ အင်စတီကျူးရှင်းများကို မှန်မှန်ကန်ကန် တည်ထောင်နိုင်ဖို့ အထူးအရေးကြီးပါတယ်။

စိန်ခေါ်မှုသစ်တွေကော၊ စိန်ခေါ်မှုဟောင်းတွေကိုပါ ရင်ဆိုင်ကျော်လွှားနိုင်ပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့ အင်စတီကျူးရှင်း များကိုလည်း ကျွန်တော်တို့ တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ဖော်ပြရရင် ကျွန်တော်တို့နိုင်ငံဟာ ရာသီဥတု ပြောင်းလဲမှုကြောင့် ပင်လယ်ရေပြင် မြင့်တက်လာမှုလို သဘာဝ ဘေးအန္တရာယ်တွေကို အများဆုံးခံစားရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ၂၄ နာရီအတွင်းမှာပဲ ကျွန်တော့်ပြည်သူ တစ်သိန်းခန့် အသက်ဆုံးရှုံးခဲ့ရသလို များစွာအိုးအိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့အပတ်ကပဲ နိုင်ငံရဲ့ အနောက်ဘက်ကမ်းခြေမှာ မဟာစင်မုန်တိုင်းရဲ့ ခြိမ်းခြောက်ခြင်းဒဏ်ကိုလည်း ခံစားခဲ့ရပါတယ်။ အချိန်အခါမရွေး မြေငလျင်များကျရောက်နိုင်ဖွယ်လည်း ရှိနေပါတယ်။ ကူးစက်ကပ်ရောဂါတွေရဲ့ အန္တရာယ်ကလည်း အာရှမှာ ရှိနေပါသေးတယ်။ လက်နက်ကိုင်ပဋိပက္ခနဲ့ လူမှုအသိုက်အဝန်းများကြား ပဋိပက္ခတွေ ချုပ်ငြိမ်းသွားအောင် ကြိုးပမ်း ဆောင်ရွက်နေရသလို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ မြန်မာပြည်သူလူထုတွေရဲ့ ဘဝရပ်တည်ရေးလုံခြုံမှုကို အာမခံနိုင်တဲ့ လုံခြုံရေးဆိုင်ရာ အမြင်သစ်တစ်ခု ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကိုလည်း အထူးအလေးပေး ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ယခင်စနစ်ဟောင်းမှာ မြန်မာ့တပ်မတော်ဟာ ပြည်တွင်းတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးရှုထောင့်မှ တာဝန်ယူဆောင်ရွက်ခဲ့ပေမယ့် ယခုအခါမှာတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကိစ္စရပ်တွေမှာ လိုက်လျောညီထွေ ပါဝင်နိုင်စေဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

မြန်မာ့နိုင်ငံရေးဖြစ်စဉ်များဟာ အလွန်ပဲ နက်နဲသိမ်မွေ့တဲ့သဘောသဘာဝရှိပါတယ်။ ရှည်လျားတဲ့ သမိုင်းအစဉ်အလာရှိတဲ့ မြန်မာနိုင်ငံမှာ မတူညီတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ အများကြီးရှိတဲ့အပြင် ဘာသာတရားကိုးကွယ်မှု အမျိုးမျိုးလည်း ရှိပါတယ်။ သမိုင်းကြောင်းနဲ့ ချီတဲ့ လက်နက်ကိုင်ပဋိပက္ခတွေလည်း ရှိပါတယ်။ ဒီလိုအခြေအနေမျိုးတွေက ကျော်လွှန်နိုင်ဖို့ မြန်မာနိုင်ငံရေးစာမျက်နှာသစ် တစ်ရပ်အနေနဲ့ ကျွန်တော်တို့အစိုးရသစ်သက်တမ်း နှစ်နှစ်အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အတွင်း ဝင်ရောက်လာနိုင်ဖို့အတွက် လွတ်လပ်မျှတတဲ့ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွေကို ကျင်းပပေးခဲ့ပါတယ်။ ဒီနိုင်ငံရေးအခင်းအကျင်းသစ်မှာ နိုင်ငံရေးပါတီတွေ အများကြီးနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်တွေအတွင်းမှာ ရာနဲ့ချီတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ထောင်နဲ့ချီတဲ့ ကျေးရွာအဆင့် အဖွဲ့အစည်းတွေ ပေါ်ထွက်လာရုံသာမက ပြည်တွင်းမီဒီယာနဲ့ အင်တာနက် လူမှုကွန်ရက်တွေပါ အားကောင်းမောင်းသန် ဖြစ်ထွန်းလာတာကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ပေါက်လာမယ့် အစိုးရသစ်အတွက် အခြေခံကောင်းတွေ ဖန်တီးပေးနေတာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့အခါမှာ ပြိုင်ဆိုင်မှုတွေ အားကောင်းပြင်းထန်တဲ့ နိုင်ငံရေးဝန်းကျင်တစ်ရပ် ပေါ်ပေါက်လာအောင် ဖန်တီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုပြိုင်ဆိုင်မှုတွေဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွေကို အနှောင့်အယှက် အဟန့်အတားမဖြစ်စေဘဲ ဒီမိုကရေစီအပြောင်းအလဲတွေကို အားပေးထောက်ပံ့တဲ့ ပြိုင်ဆိုင်မှုမျိုး ဖြစ်ပေါ်စေဖို့ဆိုတာ တကယ့်စိန်ခေါ်မှုတစ်ရပ်ပဲဖြစ်ပါတယ်။ အပြောင်းအလဲတွေကို ဆောင်ရွက်ရာမှာလည်း ဟန်ချက်ညီညီ အချိန်ကိုက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ယှဉ်ပြိုင်မှုတွေ ပါဝင်ရမှာ မှန်ပေမယ့် ဒီလိုပြုပြင်ပြောင်းလဲမှုတွေ စတင်ဖော်ဆောင်နေတဲ့ အချိန်မှာတော့ ကျယ်ပြန့်တဲ့ မဟာမိတ်ဖွဲ့ပူးပေါင်းလုပ်ဆောင်မှုတွေကို တတ်နိုင်သမျှ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အယူအဆထက် မူဝါဒတွေကိုအခြေခံတဲ့ နိုင်ငံရေးပါတီတွေကို ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။ ဒီလိုတိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အလှည့်အပြောင်းတစ်ရပ်မှာ ပါတီနိုင်ငံရေးကို ကျော်လွန်တဲ့ State Building နဲ့ National Building လုပ်ဆောင်မှုတွေမှာ ပူးပေါင်းဆောင်ရွက်ရမယ့် အချိန်ဖြစ်ပါတယ်။

State Building နဲ့ National Building ကို ဆောင်ရွက်ရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကတော့ လက်နက်ကိုင်အင်အားစုတွေအားလုံးနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိအောင် ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ အခုဆိုရင် မိမိတို့အစိုးရအနေနဲ့ လက်နက်ကိုင်အင်အားစု ဆယ့်တစ်စုနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရရှိအောင် ဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်သလို နောက်ဆုံးအနေနဲ့ ကျန်ရှိနေတဲ့ အဓိကလက်နက်ကိုင်အင်အားစု တစ်ခုဖြစ်တဲ့ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့အစည်းနဲ့လည်း မကြာခင်ကာလအတွင်းမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီနိုင်တော့မှာဖြစ်တယ်ဆိုတာ ယုံကြည်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့တင် ရပ်တန့်နေရမှာမဟုတ်ဘဲ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ရရှိအောင်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်တယ်လို့ အလေးအနက်သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။ ဒါဟာ တစ်နည်းပြောရရင် နိုင်ငံရေးအရ စေ့စပ်ပြေငြိမ်းနိုင်မှုလည်း ဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်တွေမှာ အာဏာခွဲဝေမှု အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။ သယံဇာတရင်းမြစ်ခွဲဝေမှုတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ သဘောတူ လက်ခံလာတဲ့အထိ ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်သလို တစ်ပြိုင်နက်တည်းမှာလည်း လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တိုင်းရင်းသား လူ့အဖွဲ့အစည်း အသီးသီးက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကိုလည်း ပါဝင်ခွင့်ပြုရမှာ ဖြစ်ပါတယ်။ မြန်မာပြည်သူလူထုတွေရဲ့ထောက်ခံမှု အကျယ်ပြန့်ဆုံးရရှိတဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို မြန်မာ့မြေမှာ တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုနိုင်တဲ့ မြန်မာ့အမျိုးသားရေးလက္ခဏာသစ် (national identity) တစ်ရပ်ကို တည်ဆောက်ဖို့ကြိုးပမ်းရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ဟိန္ဒူဘာသာစတဲ့ လူမျိုးဘာသာမရွေး မြန်မာနိုင်ငံသားများအားလုံး သဘောတူညီလက်ခံနိုင်တဲ့ National Identity သစ်တစ်ရပ်ကို တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ကွဲပြားမှုတွေရှိပေမယ့် ခွဲခြားဆက်ဆံမှုတွေ အားလုံး ပပျောက်သွားအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လူ့အသိုက်အဝန်းများကြား ပဋိပက္ခတွေ ရပ်တန့်သွားရုံမျှမကဘဲ ချုပ်ငြိမ်းသွားအောင် ဆောင်ရွက်ရမှာဖြစ်သလို ပြစ်မှုကျူးလွန်သူများအားလုံးကိုလည်း တရားနှင့်အညီ စီရင်အပြစ်ပေးရမှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း တစ်ဖက်မှာလည်း လုံခြုံရေးကို ထည့်သွင်းစဉ်းစားရသလို တစ်ဖက်မှာလည်း အခြေခံလူ့အခွင့်အရေးတွေနဲ့ ဒီမိုကရေစီနည်းကျ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ပွင့်လင်း လွတ်လပ်မှုကိုလည်း ထည့်သွင်းစဉ်းစားပြီး အကောင်းဆုံး ဘက်ညီမျှတတဲ့အခြေအနေတစ်ရပ်ဖြစ်အောင် စဉ်းစားဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ မိတ်ဆွေတို့ကလည်း အကူအညီ၊ အကြံဉာဏ်များ ပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်များခင်ဗျား

အမေရိကန်ပြည်ထောင်စုကို ပထမဦးဆုံး ရောက်ရှိခဲ့တဲ့ မြန်မာတစ်ဦးကတော့ ၁၈၅၈ ခုနှစ်မှာ မော်လမြိုင်ကနေ ရောက်ရှိလာတဲ့ မောင်ရွှေလူးဆိုတဲ့ မြန်မာကျောင်းသားတစ်ဦးပဲဖြစ်ပါတယ်။ မောင်ရွှေလူးဟာ ပန်ဆယ်ဗေးနီးယားပြည်နယ် ဘက်ကနဲတက္ကသိုလ်မှာ ပညာဆည်းပူးပြီး ကလက်ဗ်လန်ဆေးကျောင်းမှာ ဆက်လက်ပညာသင်ကြားခဲ့ပါတယ်။ မြန်မာနိုင်ငံကို ပြန်လည်ပြီး ဆေးပညာနဲ့ ပြည်သူလူထုကို အလုပ်အကျွေးမပြုခင်မှာ အိမ်ဖြူတော်ကို သွားရောက်ပြီး သမ္မတအင်ဒရူးဂျက်ဆန်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

မောင်ရွှေလူး အမေရိကန်ကို မရောက်ခင် တစ်နှစ်အလိုလောက်ကပဲ မြန်မာဘုရင်မင်းတုန်းမင်းဟာ သမ္မတ ဖရန်ကလင်ပီးယားစ်ထံကို ချစ်ကြည်ရေးသဝဏ်လွှာပေးပို့ခဲ့တာရှိပြီး နောက်တက်လာတဲ့ သမ္မတ ဂျိမ်းစ်ဘွတ်ခနမ် ထံကိုလည်း မြန်မာ-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးနဲ့ သံတမန်ဆက်ဆံရေးတွေ တိုးမြှင့်ဖို့ သဝဏ်လွှာများ ပေးပို့ခဲ့တာရှိပါတယ်။

သမိုင်းကြောင်း အစဉ်အလာများအရ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်ကြာ ဆက်ဆံရေးတွေရှိခဲ့တာကို အထင်အရှား တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

ဒါတွေကိုထောက်ရှုပြီး ကျွန်တော်တို့အနေနဲ့ မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရများကြား ရင်းနှီးတဲ့ မဟာမိတ်များအဖြစ်နဲ့ လက်တွဲလုပ်ဆောင်ပြီး မြန်မာ-အမေရိကန် ဆက်ဆံရေး စာမျက်နှာသစ်ကို ဖွင့်လှစ်လိုပါတယ်။ မြန်မာပြည်သူများနဲ့ အမေရိကန် ပြည်သူများအကြားလည်း ရင်းနှီးတဲ့မိတ်ဆွေများအဖြစ် ခင်ခင်မင်မင်ဆက်ဆံသွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်အောင် မိတ်ဆွေတို့ရဲ့ ကူညီထောက်ပံ့မှုများကိုလည်း မျှော်လင့်လျက်ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်ကြီးတွေရဲ့ အကူအညီ၊ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များရဲ့ အကူအညီတွေကိုလည်းရရှိနိုင်မယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ လွန်ခဲ့တဲ့နှစ်နှစ်ကစပြီး ဆောင်ရွက်အကောင်အထည်ဖော်လာခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များရဲ့ ရည်ရွယ်ချက်ကတော့ တစ်ခုတည်းပဲရှိပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ် လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်၊ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ဘဝတစ်ခု ဖန်တီးပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ပြည်သူ့အစိုးရ ဖြစ်တယ်လို့ခံယူထားတာနဲ့ အညီ ပြည်သူတွေရဲ့ဘဝကို မြှင့်တင်နိုင်ဖို့အတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော်လျက်ရှိပါတယ်။

လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ပေါက်လာမယ့်အစိုးရသစ်အတွက် အခြေခံကောင်းတွေ ဖန်တီးပေးနေတာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအရေးအောင်မြင်စေဖို့အတွက် အမေရိကန်အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ လက်ရှိမြန်မာနိုင်ငံရေးအခြေအနေနဲ့ အကိုက်ညီဆုံးဖြစ်တဲ့ အကူအညီတွေကို ပွင့်လင်းမြင်သာမှုရှိရှိ ပေးအပ်သွားဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။

နိုင်ငံတကာမိတ်ဆွေများအားလုံးရဲ့ အကူအညီတွေ၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ အကူအညီ၊ ကျွန်တော်တို့ ပြည်သူလူထုတွေရဲ့ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်မှု ခွန်အားတွေနဲ့အတူ အမေရိကန်ပြည်သူတွေရဲ့ ကူညီထောက်ပံ့မှုတွေကြောင့် ဒီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာ ယုံကြည်မျှော်လင့်ပါတယ်။

မိတ်ဆွေများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ရွက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြုံး ပီတိဖုံးစေမည့် နေပြည်တော် သတ္တဌာနဆီသို့ (၃)

ခေတနာမောင်

(ယမန်နေ့မှအဆက်)

နေပြည်တော်၌ မဟာဗောဓိစေတီတော်နှင့် သတ္တဌာနတည်ဆောက်မှုနှင့်ပတ်သက်၍ ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များ၊ ဆောက်လုပ်ရေးအဖွဲ့များ၏ အမြင်၊ အယူအဆနှင့်လုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ဆက်လက်တင်ပြလိုက်ရပါသည်။

ဦးမြင့်လွင် (မြန်မာမှုပညာရှင်၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့အနေနဲ့ ဘယ်လိုအပိုင်းက ကြိုးစားလုပ်ဆောင်ခဲ့ရတယ်ဆိုတာရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ဆရာဦးဝင်းဇော်တို့ဦးဆောင်မှုနဲ့အတူ ဗုဒ္ဓဂယာကိုသွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့ အခါမှာ စေတီတော်ကြီးဟာ ထူးခြားတဲ့စေတီတော်ကြီးလည်းဖြစ်တယ်၊ မြန်မာဘုရားတွေနဲ့လည်းမတူပါဘူး၊ ဒါကြောင့် လက်ရာမှတ်တမ်းဓာတ်ပုံတွေကို စေတီတော်ကြီးရဲ့ အချိုးအစားအတိုင်းကို ပုံစံချပြီးတော့ သဲကျောက်ဆင်းတုတော်ဆိုမျက်နှာတော် သပ်ရပ်သပ္ပာယ်အောင် ဓာတ်ပုံရိုက်ပြီး ထပ်တူညီမျှအောင် လုပ်ခဲ့ပါတယ်။ သဲကျောက်တွေကို ကျောက်ပန်းတောင်းဘက်ကနေပြီးတော့ အတုံးလိုက် သယ်ခဲ့ရတယ်။ ဓာတုစယစေတီကို ပုံစံဖော်ပြီးတော့ ထုလုပ်ခဲ့တာပါ။ ဒီစေတီတော်ကြီးကို မတည်ခင်ကတည်းက စကေးရဲ့ ငါးပုံတစ်ပုံအချိုးရှိတဲ့ စေတီတော်ငယ်ကို စပြီးတည်ခဲ့ပါတယ်။ အခက်အခဲတွေကို လေ့လာသုံးသပ်ပြီးတော့မှ အောင်မြင်တဲ့ စေတီတော်ကြီးဖြစ်အောင် ကြိုးစားပြီးတော့လုပ်ခဲ့ပါတယ်။

ရွှေသုဝဏ်ဆရာတော်နှင့် တည်ဆောက်ရေးတာဝန်ရှိသူများ စီမံကိန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြစဉ်က မှတ်တမ်းပုံ။

ဦးစန်းမောင် (ဒီဇိုင်နာအင်ဂျင်နီယာ၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့ရဲ့ လုပ်ငန်းအတွေ့အကြုံကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ သတ္တသတ္တာဟ စေတီတော်ကြီးကို နေပြည်တော်မှာတည်မယ်ဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဂယာကို နှစ်ခေါက်သွားပြီးတော့ တိုင်းထွာလေ့လာခဲ့ပါတယ်။ တိုင်းထွာလေ့လာတဲ့အခါမှာ လက်လှမ်းမီသလောက်ပဲ တိုင်းရပါတယ်၊ အထက်အမြင့်အထိ ကျွန်တော်တို့မတိုင်းနိုင်ခဲ့ပါဘူး၊ အဲဒါကိုကျွန်တော် ဒီပြန်ရောက်တော့ ဓာတ်ပုံကိုကြည့်ပြီးတော့ပဲ ဗိသုကာပုံစံတွေကို သေချာထုတ်၊ ထုတ်ပြီးလို့ရှိရင် ဘုရားပုံစံကျလာပြီဆိုရင် ဓာတ်ပုံရိုက်၊ ပြီးရင် အဲဒီ Profileကို ဟိုကဗောဓိစေတီနဲ့ ထပ်ကြည့်ပြီးတော့ တူ၊ မတူကို အများကြီးလုပ်ခဲ့ပါတယ်။

အခက်အခဲနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ ဒုတိယတစ်ခေါက် ဗုဒ္ဓဂယာသွားတုန်းက အပေါ်ထပ်ကိုတက်ဖို့ကျတော့ ကျွန်တော်တို့ အခက်အခဲလေးရှိခဲ့ပါတယ်။ အဲဒီအပေါ်မှာ နောင်ပွင့်မယ့် အရိမေတ္တယျ မြတ်စွာဘုရားရဲ့ပုံတော်ရှိပါတယ်။ မြတ်စွာဘုရားပုံတော်က သင်္ကန်းရုံထားတော့ သင်္ကန်းကိုဖယ်ပြီးတော့ ရိုက်ပါရစေဆိုတာကို အဲဒီမှာပါလာတဲ့ ဘုန်းကြီးက ထိလို့ကိုမရဘူးဖြစ်ခဲ့တယ်။ ပုံစံအားဖြင့် ကျွန်တော်တို့က တူတယ်၊ မတူဘူးဆိုတဲ့နေရာမှာ တူတာကတော့ ကျွန်တော်တို့ Form နဲ့ သူ့ရဲ့ Shape ကတော့တူပါလိမ့်မယ်၊ ဒါပေမယ့် အထဲမှာရှိတဲ့ အသေးစိတ်အချို့ကတော့ နည်းနည်းကွဲပြားတာလေးတွေ ရှိပါလိမ့်မယ်။ ဟိုမှာကျတော့ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာနဲ့ မဆိုင်တဲ့ လက်ခြောက်ဖက်နဲ့နတ်ရုပ်၊ လေးဖက်နဲ့အရုပ်တွေပါတာ၊ အဲဒါတွေကတော့ ကျွန်တော်တို့က ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ့်ရဲ့ဘာသာနဲ့မဆိုင်တော့ အဲဒီနေရာတွေမှာ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ပဲ အစားထိုးပြီး ထည့်ခဲ့ပါတယ်။

မေး။ ဆရာ့ရဲ့အယူအဆအရ ပြောင်းလဲဆောင်ရွက်ခဲ့ရတာမျိုးရှိရင် သိပါရစေ။

ဖြေ။ ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိစေတီကြီးအထဲမှာထည့်ထားတဲ့ရုပ်တုတွေက ဘာသာရေးနဲ့ပတ်သက်လို့ရှိရင် ထေရဝါဒဘာသာရေးနဲ့ ပတ်သက်တဲ့ ရုပ်တုကရှိတော့ရှိပေမယ့် တချို့ကျတော့ လက်လေးဖက်နဲ့ ရုပ်တုတွေ၊ လက်ခြောက်ဖက်နဲ့ ရုပ်တွေဆိုတော့ ဟိန္ဒူဘက်ကို နွယ်တဲ့ရုပ်တုတွေပေါ့၊ ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ ဆင်းတုတော်တွေပဲ ထည့်ခဲ့ပါတယ်။ သဲကျောက်နဲ့လုပ်တာလား၊ ကြေးနဲ့သွန်းတာလားဆိုတာ လုပ်ခဲ့ပါတယ်။ အခက်အခဲကတော့ရှိတယ်ဆိုပေမယ့် ပြဿနာတော့မရှိခဲ့ပါဘူး။

မေး။ ထီးတော်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဆောင်ရွက်ပေးခဲ့ပုံကိုလည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ဒေါက်တာမောဋ္ဌိနီ လို့ခေါ်တဲ့ ဖွားသီလရှင်ကြီးပေါ့၊ မင်းဓမ္မလမ်းထိပ်မှာ ကျောင်းရှိတယ်၊ သူက အဲဒီမှာ အိန္ဒိယက ဆံချည်နဲ့တူတဲ့စေတီ တည်ပါတယ်၊ အဲဒီအပေါ်မှာရှိတဲ့ထီးတော်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကို အကူအညီတောင်းတော့ ဆွဲပေးခဲ့ဖူးပါတယ်။ အဲဒါကို သူကတော့ ကြေးနဲ့ပဲလုပ်ပါတယ်။ ကျွန်တော်သိရတာကတော့ ရွှေသုဝဏ် ဆရာတော်ကြီးက မိန့်တော်မူတာက ဗုဒ္ဓဂယာမှာ အခုတင်ထားတဲ့ထီးကို ဒေါက်တာမောဋ္ဌိနီတို့ အဖွဲ့ကနေပြီးတော့ တင်ထားတာလို့ပြောပါတယ်၊ ၂၀၀၅ ခုနှစ်လောက်က သိန်း ၅၀ လောက်ကုန်တယ်လို့ ပြောပါတယ်၊ ဒေါက်တာမောဋ္ဌိနီဆီကနေ ဓာတ်ပုံတချို့တွေ့လာလို့ အဲဒီအချိုးနဲ့ပြန်ဆွဲပြီး ပုံထုတ်ပေးခဲ့ပါတယ်။

ဦးဝင်းမောင် (ကြေးသွန်းပညာရှင်၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့အနေနဲ့ ဘယ်လိုမျိုးစီစဉ်ဆောင်ရွက်ခဲ့ရတယ်၊ ကြိုးစားခဲ့ရတယ်ဆိုတာ ပြောပြပေးပါ၊ ထူးခြားဆောင်ရွက်မှုရှိရင်လည်း ပြောပြပေးပါခင်ဗျာ။

ထုလုပ်ပြီး မြန်မာမှုလက်ရာစုံတို့ကို ဖူးတွေ့ရစဉ်။

ဖြေ။ ကျွန်တော်တို့က အိန္ဒိယနိုင်ငံကိုသွားပြီးတော့ ဓာတ်ပုံတွေ အသေးစိတ် ရိုက်ခြင်း၊ လေ့လာခြင်း၊ တိုင်းထွာခြင်းတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုပြုလုပ်ခဲ့တာ တော်တော်လေး အားရကျေနပ်မှုရှိခဲ့သလို တချို့နေရာက ဆရာဦးစန်းမောင်ပြောခဲ့သလိုပဲ အရိမေတ္တယျဘုရားမှာဆိုလို့ရှိရင်လည်း တက်ပြီးတော့ ခဲရာခဲဆစ် ဓာတ်ပုံရိုက်ရပါတယ်။ ဓာတ်ပုံရိုက်တာက ၁၅ မိနစ်ပဲ အချိန်ရမယ်ဆိုတဲ့အချိန်မှာ သင်္ကန်းက ဘုရားရဲ့ဒူးတော်ကို အုပ်ထားတယ်၊ အောက်ပိုင်းမမြင်ရတော့ အဲဒီမှာစောင့်တဲ့ ဦးပဉ္စင်းကို ဒါလေး နည်းနည်းဆွဲဖယ်ပါရစေ ဆိုတော့ မဖယ်ရဘူး၊ မကိုင်ရဘူးနဲ့ မှန်းဆပြီးတော့ပဲရိုက်ခဲ့ရတယ်။ ကျွန်တော်တို့ တတ်တဲ့ အနုပညာနဲ့ တခြားမှာရှိတာလေးတွေနဲ့ပေါင်းစပ်ပြီးတော့ ဒီအပိုင်းလေးကတော့ ဒါဖြစ်နိုင်တယ်လို့ အတတ်နိုင်ဆုံးနီးစပ်အောင် ထုလုပ်ရတဲ့အပိုင်းလေးတွေရှိပါတယ်။

အသေးစိတ်တွေကို ဓာတ်ပုံရိုက်၊ အတွင်းထဲက ရုပ်ပွားတော်ကြီးဆိုရင် သိပ်သပ္ပာယ်ကြည်ညိုစရာကောင်းပြီးတော့ ထောင့်လေးမျိုးကနေ ထိုင်ကြည့်တယ်၊ သုံးလေးရက်လောက်လည်း ထိုင်ဖူးတယ်၊ ကျကျနနကြည့်ပြီး ဓာတ်ပုံတွေရိုက်လာတဲ့အခါမှာ မန္တလေးမှာ ရွှံ့နဲ့ထုပါတယ်၊ ရွှံ့နဲ့ထုပြီး ရွှံ့ပုံက ပုံစံရပြီဆိုမှ ပလာစတာနဲ့ပုံထုလိုက်တယ်၊ ဒီပုံတော့ တော်တော်လေးကိုတူပြီ၊ သေချာပြီဆိုမှ ကြေးသွန်းတယ်၊ ထူးခြားတာလေးတစ်ခုကတော့ အရိမေတ္တယျ ဘုရားလောင်းမှာဆိုရင် ရုပ်ပွားတော်မှာ ပေါင်တံနည်းနည်းလေးပေါ်နေတာကို မြန်မာ့မှုလေးနဲ့ သင်္ကန်းအပါးလွှာလေး ဖုံးပြီးတော့ ထုလုပ်ထားပါတယ်၊ အောက်ဘက်မှာ ရှိတဲ့ ရုပ်ပွားတော်ကြီးမှာဆိုရင် မူလပုံမှာ ရင်အုပ်တော်ရဲ့အောက်မှာ သင်္ကန်းက ကျနေတာပေါ့၊ အဲဒါကိုလည်း မြန်မာ့မှုနဲ့ကိုက်အောင် ရင်အုပ်တော်ကို အပေါ်ကနေ သင်္ကန်းရုံပေးလိုက်ပါတယ်။ အဲဒါလေးတွေထူးခြားအောင်လည်း ထုလုပ်ထားပါတယ်။

ရုပ်ပွားတော်အနေနဲ့ အားလုံးဆိုရင်တော့ ၉၁၉ ဆူ ထုလုပ်ထားပါတယ်။ ပင်မလိုဏ်ထဲမှာရှိတဲ့ ရုပ်ပွားတော်ကြီးမှာ ပိုပြီးထူးခြားမှုတစ်ခုကတော့ ရုပ်ပွားတော်ကြီးရဲ့မျက်နှာတော်ကြီးထဲမှာ ရွှေစင်သွန်းလောင်းပြီးတော့ ထည့်ထားပါတယ်။ ရွှေ ၅၀ ကျပ်သားကျော်၊ ငွေ ၁၅ ကျပ်သားကျော်နဲ့ သွပ်၊ ကြေး၊ သံအစရှိတာတွေထည့်ပြီးတော့ သွန်းလောင်းထားပါတယ်။ အိန္ဒိယနိုင်ငံဆိုတာ ရောက်ဖို့မလွယ်ဘူးလေ၊ ဒါကြောင့် အိန္ဒိယနိုင်ငံမှာ သွားဖူးရသကဲ့သို့ အများပြည်သူတွေ ဖူးနိုင်အောင် အတတ်နိုင်ဆုံးတူပါလားဆိုတဲ့ သဒ္ဓါတရားဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီးတော့ ထုလုပ်သွန်းလောင်းထားပါတယ်။

ဦးဇော်မိုးဝင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ စေတီတော်တည်ဆောက်ရေးနဲ့ပတ်သက်လို့ ကနဦးလုပ်ငန်းဆောင်ရွက်ခဲ့မှုကိုပြောပြပေးပါ။

ဖြေ။ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မယ်ဆိုတဲ့ အချိန်ကစပြီး ကျွန်တော်တို့ ပထမဦးဆုံး လုပ်ရမယ့်အလုပ်က ဗိသုကာပုံထုတ်တဲ့လုပ်ငန်းဖြစ်လို့ ဒီလုပ်ငန်းစတင်ဖို့ ကျွန်တော်တို့ လေ့လာရေးအဖွဲ့တွေက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာကို သွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အချိန် ပထမကနဦးလေ့လာမှုကိုတော့ ရွှေတောင်ကုမ္ပဏီက ဦးဆောင်ပြီးတော့ ကျွန်တော်တို့ဆီက ဗိသုကာပညာရှင်တွေရယ်၊ ဆရာဦးစန်းမောင်တို့ အပါအဝင် ဒီအဖွဲ့တွေ သွားရောက်လေ့လာခဲ့ပါတယ်။ ဗုဒ္ဓဂယာရဲ့ ဒီပန္နက်ပုံအနေအထားတွေကို တိုင်းထွာပြီးတော့ ကျွန်တော်တို့ ဒီမှာတည်ထား ကိုးကွယ်မယ့်နေရာမှာ ဒီပန္နက်ပုံအတိုင်း ပန္နက်ချလို့ရ၊ မရ။ Level အနိမ့်အမြင့်တွေ မှန်၊ မမှန် ဒါတွေကို ဒီမှာ Layout ချကြည့်ပါတယ်။ ချကြည့်တော့ ဒီလုပ်ငန်းတွေ ဒီမှာဆောင်ရွက်နိုင်ပြီဆိုတဲ့ အနေအထားကျတော့မှ ကျွန်တော်တို့ ဒုတိယတစ်ခေါက်သွားပြီး ဗိသုကာပုံထုတ်တဲ့လုပ်ငန်းတွေကိုလုပ်ခဲ့ပါတယ်။

မေး။ လုပ်ငန်းတာဝန်ခွဲဝေမှုအကျဉ်းချုပ်ကိုလည်း သိပါရစေ။

ဖြေ။ သတ္တသတ္တာဟ ဒီခုနစ်ဌာနမှာ ရွှေတောင်ကုမ္ပဏီအနေနဲ့ မုစလိန္ဒာအိုင်ကို တာဝန်ယူပြီး တည်ဆောက်ပါတယ်။ အေစီအီးဆောက်လုပ်ရေးအဖွဲ့အနေနဲ့ ကျန်တဲ့သတ္တသတ္တာဟထဲက ကျန်တဲ့ခြောက်ဌာနကို တာဝန်ယူပြီးတည်ဆောက်ပါတယ်။ သဲ၊ ကျောက်တွေဆိုရင်လည်း ကျောက်ပန်းတောင်းဘက်က ငွေးချိုကလည်းပါတယ်။ ရေစကြို၊ ပခုက္ကူကလည်းပါတယ်။ သဲကျောက်တွေကို အတုံးလိုက်ကြီးတွေ ဒီကိုသယ်လာတယ်။ သယ်လာပြီးတော့ အဲဒီကပညာရှင်တွေကိုပဲ နေပြည်တော်ကို ခေါ်လာပြီးတော့ သူတို့ကို နေရာပေးတယ်၊ စားရေးသောက်ရေး နေရာထိုင်ခင်းစီစဉ်ပေးတယ်၊ စေတီတော်တွေမှာ သဲကျောက်ဆင်းတုတော်တွေရဲ့တစ်ဆူချင်းစီကို ဓာတ်ပုံလေးတွေသေချာရိုက်လာတယ်။ သေချာရိုက်လာပြီးတော့မှ အဲဒါတွေကို သေချာမိုလ်ထုတ်တယ်၊ မိုလ်ထုတ်ပြီးတော့မှ ဓာတ်ပုံကို ဘေးနားချပြီး တူအောင်ထု၊ မတူလို့ရှိရင် ပယ်တယ်၊ ပြန်ပြီးတော့ အစားထုတယ်၊ ဒီလိုစနစ်မျိုးတွေနဲ့ သူတို့လုပ်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာမှုလက်ရာများ ထုဆစ်နေစဉ်။

မေး။ အချိန်ကာလအနေနဲ့ ဘယ်လောက်ကြာကြာယူခဲ့ရသလဲ။

ဖြေ။ ဒီစေတီတော်ကြီး စတင်တည်ဆောက်ဖို့ မဟာပန္နက်တော်တင်မင်္ဂလာ၊ မြေသန့်မင်္ဂလာ၊ တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားတွေကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စက်တင်ဘာလ ၂၂ ရက်မှာ ရတနာအုတ်မြစ်စီ အခမ်းအနား ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနေ့ကနေ စပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့တာ ဒီနေ့အချိန်ထိဆိုရင်တော့ တစ်နှစ်နဲ့ကိုးလကျော်ကြာခဲ့ပြီ။ ဒီအချိန်တွင်းမှာ ယခုဖူးမြင်ရတဲ့အတိုင်း သတ္တသတ္တာဟစေတီတော်ကြီးရဲ့ ရုပ်လုံးတော်ဟာ ပေါ်လာပြီးတော့ မကြာမီရက်ပိုင်းအတွင်းမှာ ထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပပြီးရင်တော့ စေတီတော်အနေကဇာတင် အခမ်းအနားဆက်လက်ကျင်းပပြီး အောင်ပွဲမင်္ဂလာရောက်ရှိလာတော့မှာပါ။

မေး။ ထီးတော်နဲ့ပတ်သက်လို့ ပြောပြပေးပါ။

ဖြေ။ ပထမဗုဒ္ဓဂယာမှာ တင်ထားတဲ့ထီးက မင်းတုန်းမင်းတရားကြီးတင်ထားတဲ့ထီးဖြစ်ပြီး ပျက်စီးယိုယွင်းလာတဲ့အခါမှာ သီလရှင်ဆရာကြီးက ထီးတင်တယ်လို့ပြောပါတယ်။ ဆရာဦးစန်းမောင် ပုံထုတ်ပြီးတဲ့နောက်ပိုင်းမှာတော့ ထီးတော်နဲ့ ပတ်သက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆရာဦးအောင်မြတ်က Frameဒီဇိုင်းတွေ၊ ခိုင်ခံ့မှုတွေ အကုန်လုံးကို တာဝန်ယူပြီးတော့ ဆောင်ရွက်ထားပါတယ်။ သူဆောင်ရွက်ပြီးတော့ အပေါ်က Stainless Steelနဲ့ ကုပ်တဲ့ လုပ်ငန်းကိုတော့ ကိုရန်လင်းအောင်တို့အဖွဲ့က ဘုန်းဘုန်းကြီးရဲ့ကြီးကြပ်မှုနဲ့ ထီးတော်ကို ဆောင်ရွက်သွားတာဖြစ်ပါတယ်။

ဦးအောင်မြတ် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

မေး။ ထီးတော်နဲ့ပတ်သက်လို့ ဆရာတာဝန်ယူဆောင်ရွက်ခဲ့ပုံကို သိပါရစေ။

ဖြေ။ ပထမတော့ မူလပုံစံ (Proto type) နမူနာကို အရင်လုပ်ပေးဖို့ တာဝန်ပေးချက်အရ ဆရာဦးစန်းမောင်တို့ပေးတဲ့ ဆွဲပုံနဲ့ရိုက်လာတဲ့ ဓာတ်ပုံ၊ အဲဒီနှစ်ခုကိုညှိနှိုင်းပြီးတော့ အမာခံအပိုင်းတွေကို အရင်လုပ်ခဲ့ပါတယ်။ ထီးတော်က သမားရိုးကျထီးမဟုတ်တော့ ခိုင်ခံ့မှုကိုစဉ်းစားပြီး သင်္ဘောကျင်းမှာလုပ်ခဲ့ပါတယ်။ ပြီးတော့ ထီးတော်ကို ရွှေသုဝဏ်ဆရာတော်ကြီးကိုပြပြီး စေတီတော်ကြီးမှာ အရင်တင်ကြည့်လိုက်ပါတယ်။ တင်ကြည့်ပြီး လူကြီးတွေ အဆုံးအဖြတ်ပေးပြီးမှ တကယ်တင်မယ့် ရွှေထီးတော်ကို ဆက်လုပ်ဖို့ တာဝန်ပေးပါတယ်။

ကျွန်တော်တို့ကလည်း တကယ့်ဓာတ်ပုံထဲကပုံနဲ့ အနီးစပ်ဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီးဆောင်ရွက်ထားပါတယ်။ လက်ရှိတင်မယ့် ထီးတော်ဟာ မြန်မာမှုလောကမှာလုပ်နေတဲ့ ထီးမဟုတ်ပါဘူး။ ပုံစံက နည်းနည်းလေးထူးခြားတဲ့အတွက် အတွင်းက ဒီဇိုင်းတွေကို ခံနိုင်ရည်ရှိအောင် အတွေ့အကြုံ ဗဟုသုတ၊ သင်္ဘောဆောက်တဲ့ သင်္ဘောဒီဇိုင်းနဲ့ဖြည့်စွက်ပြီး ဆောင်ရွက်ထားပါတယ်။

ထီးတော်အထဲက အမာခံသံထည်အပိုင်းကို ခံနိုင်ရည်ရှိအောင်၊ ပုံစံရအောင် ဖော်ယူရတာပေါ့။ အပြင်က ပုံစံရအောင်လုပ်တာတော့ တော်ဝင်မြန်မာမှုအဖွဲ့ ဦးရန်လင်းအောင်တို့က Stainless Steel ရွှေပြားနဲ့ ထီးအရွက်ကို ကပ်တာပေါ့၊ ပိန္နဲတိုင်နဲ့ ပန်းလည်တိုင်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဗိသုကာဆွဲပြတဲ့ဒီဇိုင်းကို ဆရာတော်ဆီမှာ အတည်ပြုပြီး ဆောင်ရွက်ခဲ့ပါတယ်။ ထီးတော်အမြင့်က ပေ ၂၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ ထီးတော်တွေမှာတော့ တိုင်တွေကို ဆိုင်းကြိုးနဲ့ ဆိုင်းတာပေါ့။

ဒီထီးတော်က တကယ်တော့ မူလက မြန်မာထီးဗျ။ မင်းတုန်းမင်းကြီးလုပ်ခဲ့ပြီးတော့ မူလကဆိုင်းကြိုး မပါတော့ ကျွန်တော်တို့က အထဲမှာ အမာခံတန်းတွေကို၊ ပိုက်နဲ့ပိုက်ထဲမှာ ထည့်တဲ့တိုင်ကို နိုင်ငံခြားက မှာယူပြီး အထဲမှာတပ်ထားတာပါ။ အဲဒီ ခိုင်ခံ့မှုတွေကိုကျွန်တော်ကတာဝန်ယူ ဆောင်ရွက်ပေးရတာပေါ့။ အခု နောက်ဆုံးတင်မယ့်အထိကို တာဝန်ယူဆောင်ရွက်ပေးရပါတယ်။ အချိန်အနေနဲ့ နမူနာထီးတော်က တစ်လခွဲလောက်ကြာတယ်၊ တကယ်တင်မယ့် ရွှေထီးတော်ကတော့ နှစ်လခွဲလောက်ကြာတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲဖွင့်

နေပြည်တော် မေ ၂၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရာဇဌာနီလမ်းရှိ နှင်းဆီပန်းအိုင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးရာ အမျိုးသားတစ်ဦးချင်းစံချိန်ပြု ကီလိုမီတာ ၅၀ နှင့် အမျိုးသမီး တစ်ဦးချင်းစံချိန်ပြု ကီလိုမီတာ ၃၀ ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုပေးပွဲကို ပန်းဝင်နေရာ ဥပွါတသန္တိ စေတီအနီး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆုများခီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် မီဒီယာပွဲ ပြိုးတိုးတက်ရေးညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၁

ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဒုတိယနေ့ဆက်လက်ကျင်းပရာ "The Business of Media" ခေါင်းစဉ်ဖြင့် Mizzima News မှ အယ်ဒီတာချုပ် ဦးစိုးမြင့်ကဦးဆောင်၍ ရန်ကုန်မီဒီယာဂရုပ်ဥက္ကဋ္ဌ ဦးကိုကို၊ Business Media Consultant Ms.Michelle Foster Malaysia- kini မှ အယ်ဒီတာချုပ် Mr. Steven Gan နှင့် ရွှေသံလွင်ကုမ္ပဏီ လီမိတက် (Sky Net) အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှ အထွေထွေမန်နေဂျာ ဦးသက်ဝင်းက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် "Serving the Public: How can media foster a more inclusive and participatory Society?" ခေါင်းစဉ်ဖြင့် BBC မှ Director for Strategy & Policy Mr.Mak Bunting က ဦးဆောင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ Nepal Community Radio Support Centre မှ ဒါရိုက်တာ Mr. Raghu Mainali၊ Burma News International (BNI) Karen Information Center/Develop- ment Officer /News Editor Ms.Nan Paw Gay နှင့် USA, Aspen Institute, Communica- tions & Society Fellow မှ Mr. Blair Levin တို့က လည်းကောင်း ပါဝင်ဆွေးနွေးပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ညီလာခံကို ဆက်လက်ကျင်းပရာ "The Role of Media in Good Governance" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီဝင်နှင့် နိုင်ငံတော်သမ္မတ စီးပွားရေးနှင့် လူမှုရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်က ဦးဆောင်၍ Union Supreme Court၊ သုတေသနနှင့် အချက်အလက်ဌာနမှ ညွှန်ကြားရေးမှူး ဦးပေါ်ခိုင်သန်း၊ ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်မှ ဦးဝင်းကို၊ The Pae Tin Thran News Journal မှ Writer/ Executive Editor ဒေါက်တာမသီတာ (စမ်းချောင်း)၊ Independent Media Trainer မှ Mr.Jeff Hodson နှင့် Governance Reform Working Group မှ Chairperson Mr.Perter Mc Dermott တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ "Filling the Gap: Journalism, Education and Training" ခေါင်းစဉ်ဖြင့် Internews Trainer Mr. Michael Pan က ဦးဆောင်၍ Forever Group Co;Ltd.မှ Co-founder & Director, ဦးခင်မောင်ဌေး၊ Myanmar Media Library ဒါရိုက်တာ ဦးစောလင်းအောင်၊ Singapore, Nanyang Technological University မှ တွဲဖက်ပါမောက္ခ Cherian George နှင့် UNESCO Myanmar Office မှ Media Development Specialist Mr. Ramon R. Tuazon တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ပါဝင်ဆွေးနွေးသူများနှင့် တက်ရောက်လာကြသူများ၏ အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ UNESCO CI Regional Adviser Ms. Rosa Maria Gonzalez၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီအဖွဲ့ဝင် Open News Journal အယ်ဒီတာချုပ် ဦးသီဟစော၊ ကုမ္ပဏီသတင်းဂျာနယ် အကြီးတန်းသတင်းထောက် ဒေါ်နန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ကျေးဇူးတင်စကားပြောကြားကာ ညီလာခံကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၃ (စနေဘူးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်	၇း၂၀	"သတ္တသတ္တာဟစေတီတော် ပရိဝုဏ်အတွင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်သမ္မတ		မဟာဗောဓိညောင်ပင် စိုက်ပျိုးခြင်း"
၆း၂၅	ကျန်းမာဖို့အတူ ကစားစို့			၁၂း၂၅	ဖြူမည်းရုပ်ရှင် "ဗန်တိုလူလေး(၂) လင်းယုန်နက်(၁)" (ညွှန့်ဝင်း၊ စံတင်၊ လဲ့လဲ့ဝင်းလှိုင်၊နေနီနန်းမိုး) (ဒါရိုက်တာ-အောမ်းမောင်လှမျိုး)

" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲမုံ့ ပိတောက်လမ်း၊ အမှတ်-(၈/၅၂)တွင် နေထိုင်သူ ဦးစန်ဝင်း (ခ) ရွှေစန်း (၁၂/လမန (နိုင်) ၀၂၉၅၄၃)သည် T.F Fertilizer ကုန်အမှတ်တံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-(IV-7001/2003)အရ မှတ်ပုံတင်ခဲ့ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်နှင့်တွဲဖက်၍ အသုံးပြုရန်အတွက် စေ်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုလည်း ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမှပိုင်အမှတ်တံဆိပ်များအဖြစ် ဖြည့်စွက်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

(IV-၇၀၀၁/၂၀၀၃)

အထက်တွင် တပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ ဦးစန်ဝင်း (ခ) ရွှေစန်းသည် " Compound Fertilizer, P_2O_5 Fertilizer နှင့် ဓာတ်မြေသြဇာအမျိုးမျိုး " တို့ကို SHU SAN CO., LTD. နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်တွက်၊ အမှတ်-(လ-၁/၁၂)ရှိ စီးမိုးမိုင် ဓာတ်မြေသြဇာ ရောင်းဝယ်ရေးအရောင်းစင်တာ (SOE MOE MAIE Fertilizer Sale Center) တို့မှ မြန်မာနိုင်ငံတစ်လုံးလုံးရှိ လက်လီ/လက်တားဆိုင်များသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ဆင်တူတူပြု၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံး၀ (လုံး၀) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာအရေယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးကိုနစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၀)

YE NOOS & ASSOCIATES (Law Firm)

အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မှန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၂၃၄ ၊ ၃၉၇၂၂၃၅ ၊ ၂၉၆-၁၃၂ ။

ဇာတ်ကားသစ်မှာ ပီလိန်ဇာတ်ရုပ်အဖြစ် သရုပ်ဆောင်လိုတဲ့ အက်ရှင်မင်းသား ဂျက်လီ

အက်ရှင်စူးပါစတား သရုပ်ဆောင် ဂျက်လီက Badges Of Fury အမည်ရှိ တရုတ်-ဟောင်ကောင်ဇာတ်လမ်းသစ်တွင် လူကြမ်းတစ်ယောက်အနေဖြင့် ပါဝင်ရန်မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သရုပ်ဆောင် ဂျက်လီက အဆိုပါဇာတ်ကား၏ အဓိကဗီလိန်တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ရန်ဆန္ဒရှိကြောင်း၊ "ကျွန်တော်က ဒီဇာတ်ကားထဲမှာ အက်ရှင်ပညာနဲ့ ဟာသပညာကို ထိရောက်စွာအသုံးချနိုင်မယ့် အဓိကဗီလိန်ဇာတ်ရုပ်မျိုးနဲ့ သရုပ်ဆောင်ချင်တာပါ" ဟု ဂျက်လီက တရုတ်နိုင်ငံ ပေကျင်း၌ ကျင်းပခဲ့သည့် စာနယ်ဇင်း ရှင်းလင်းပွဲအခမ်းအနားတွင် တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဟာသအက်ရှင်ဇာတ်ကားတွင် Huang Feihong အဖြစ်သရုပ်ဆောင်သူ ဂျက်လီနှင့် လူငယ်စုံထောက် Wang Buer နှင့်အဖွဲ့တို့က ဟောင်ကောင်၌ဖြစ်ပွားခဲ့သည့် ဆက်တိုက်လူသတ်မှုဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်ရမည့် စုံထောက်နှစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြသည်။

အဆိုပါဇာတ်ကားသည် နာမည်ကျော်တရုတ်သရုပ်ဆောင်နှစ်ဦးဖြစ်သည့် ဂျက်လီနှင့် Wen Zhang တို့၏ တတိယ အကြိမ်ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ၎င်းတို့သည် ၂၀၁၀ ခုနှစ်က Ocean Heaven ဇာတ်ကား၊ ၂၀၁၁ ခုနှစ်က The Sorcerer and the White Snake ဇာတ်ကားတို့တွင် အတူတကွ ပါဝင်သရုပ်ဆောင်ထားကြသည်။ ယင်းဇာတ်ကားကို ဇွန်လအတွင်း တရုတ်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ဘီလ်ဘုတ်တေးဂီတဆုပေးပွဲ၌ ဆုရှစ်မျိုး သိမ်းပိုက်ဆွတ်ခူးခဲ့သူ တေလာဆွတ်မ်

မေ ၁၉ ရက်ညက အမေရိကန်နိုင်ငံ နီဗာဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့ MGM Grand ဟိုတယ်၌ ကျင်းပခဲ့သည့် ဘီလ်ဘုတ်တေးဂီတဆုပေးပွဲ အခမ်းအနားတွင် ကန်းထရီးတေးသံရှင် တေလာဆွတ်ဖ်က သူမ၏Red တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးအယ်လ်ဘမ်ဆုနှင့် အကောင်းဆုံးတေးသံရှင်ဆုအပါအဝင် ဆုအမျိုးအစားရှစ်မျိုးကို ရရှိဆွတ်ခူးခဲ့သည်။

တေလာဆွတ်ဖ်သည် အဆိုပါဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအမျိုးသမီးအနုပညာရှင်ဆု၊ အကောင်းဆုံး ကန်းထရီးတေးသံရှင်ဆု၊ ဘီလ်ဘုတ်၏ ထိပ်ဆုံးအနုပညာရှင် စာရင်း ၂၀၀ တွင် ထိပ်ဆုံးမှ ပါဝင်မှုဆု၊ အကောင်းဆုံး R&B တေးသံရှင်ဆုနှင့် အကောင်းဆုံးရေဒီယိုသီချင်းမျှားသီဆိုသည့်အနုပညာရှင်ဆု စသည့် ဆုအမျိုးအစားရှစ်မျိုးကို သိမ်းပိုက်ရယူနိုင်ခဲ့သည့်အပြင် တေးသံရှင် ကာလီရေးဂျပ်ဆန်က အကောင်းဆုံး ဒီဂျစ်တယ်သီချင်းဆုတို့ကိုလည်းကောင်း ရရှိဆွတ်ခူးခဲ့ကြသည်။

ထို့ပြင် One Direction ဗြိတိန်တေးဂီတအဖွဲ့က အကောင်းဆုံးစုံတွဲနှင့် အဖွဲ့လိုက်ဆု၊ အကောင်းဆုံးပေါ်ပ် အနုပညာရှင်ဆုနှင့် အကောင်းဆုံး မျက်နှာသစ်အနုပညာရှင်ဆုတို့ကိုရရှိဆွတ်ခူးခဲ့ကြသည်။

၎င်းအပြင် ဗြိတိန်တေးသံရှင် Gotye က Somebody That I Used to Know သီချင်းဖြင့် ရေပန်းအစားဆုံး သီချင်း ၁၀၀ ဆု၊ ကနေဒါပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက အကောင်းဆုံးအမျိုးသားအနုပညာရှင်ဆုနှင့် အကောင်းဆုံးလူမှုဆက်ဆံရေးဆိုင်ရာအနုပညာရှင်ဆုတို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။

ဆက်လက်ပြီး တေးသံရှင် Nicki Minaj က အကောင်းဆုံး ရက်ပ် အဆိုတော်ဆုနှင့် Top Streaming Artist ဆုတို့ကို အသီးသီးရရှိဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

ပြီးစဉ်နောက်မြင့် စုစည်းရေးသားသည်

တရုတ်မင်းသမီး ဖန်ဘင်းဘင်းအား International Artist Of The Year အဖြစ် ဂုဏ်ပြု

နာမည်ကျော် တရုတ်ရုပ်ရှင်သရုပ်ဆောင် ဖန်ဘင်းဘင်းအား သည်ဟောလိဝုဒ်ရီပိုတာ (THR)၏ International Artist Of The Year အဖြစ် မေ ၁၈ ရက်က ပြင်သစ်နိုင်ငံ ကိန်းမြို့တော်၌ ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်း သိရသည်။

"မင်းသမီး ဖန်ရဲ့ ဂုဏ်သတင်းဟာ တရုတ်နိုင်ငံတင်သာမကဘဲ ကမ္ဘာအထိ ကို ပျံ့နှံ့နေခဲ့ပါတယ်။ နောက်ပြီးတော့ သူမဟာ ဟောလိဝုဒ်ရုပ်ရှင်လောကအထိ ထိုးဖောက်ပြီး ကမ္ဘာ့ရုပ်ရှင်ပရိသတ်ကို ညှို့ယူဖမ်းစားနိုင်တဲ့အရည်အချင်းတွေရှိတဲ့ အတွက် ဆုကို ပေးအပ်ရခြင်းဖြစ်ပါတယ်" ဟု ဟောလိဝုဒ်ရီပိုတာ၏ တည်းဖြတ်မှူးလုပ်ငန်းပိုင်းဆိုင်ရာဒါရိုက်တာ Janice Min က ပြောကြားခဲ့သည်။

ထို့ပြင် "အခုလို ကိန်းရုပ်ရှင်ပွဲတော်ကာလတွင်းမှာ ကျွန်မကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့တဲ့ အတွက် ကျွန်မအရမ်းဂုဏ်ယူမိပါတယ်။ အရမ်းရင်ခုန်နေပါတယ်"ဟု မင်းသမီး ဖန်ဘင်းဘင်းက ဆိုသည်။

မင်းသမီး ဖန်ဘင်းဘင်းသည် မကြာခင်က Forbes မဂ္ဂဇင်းကဖော်ပြခဲ့ သည့် ထိပ်တန်းတရုတ်အနုပညာရှင် အယောက် ၁၀၀ စာရင်းတွင် ထိပ်ဆုံးမှ ပါဝင်ခဲ့ပြီး သူမသည် ဖက်ရှင်၊ တေးဂီတနှင့် ရုပ်ရှင်ကဏ္ဍများတွင်ပါ အာရှဒေသသာမက နိုင်ငံတကာနှင့်စံချိန်ချိုးနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

ဖန်ဘင်းဘင်းသည် နာမည်ကျော် X-man: Days of Future Past ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး လာမည့် Skiptrace ဇာတ်ကားတို့တွင်လည်း နာမည်ကြီး သရုပ်ဆောင် ဂျက်ကီချန်းနှင့်အတူ တွေ့မြင်ရဦးမည်ဖြစ်သည်။

ပြည်ပအလုပ်အကိုင် ကြော်ငြာ
ဆင်းကာပူနိုင်ငံ Keppel သင်္ဘောကုန်းတွေက (အမြန်)အလိုရှိသည်။
အခေါ်ကျွန်း (ဝတ္ထုတောင်း) → ၆၅ - ၈၅ + ၈၀ + OT
ကျွေးစစ်လုပ်သား
ဝရိန်လုပ်သား
သေတ်သယူးလုပ်သား
ပန်းချီလုပ်သား
} လစာ ၈၅ - ၄၃၀ + OT
ဝန်ထောင်စု - ၁၃ သိန်း + Airticket
ဗဟုသုတ ပြည်တွင်း - ပြည်ပ
အပျော်အကိုင် ပန်ဆောင်မှု လုပ်ငန်း
ဆင်းကာပူနိုင်ငံ ITE သတ်မှတ်ရက် ဆက်ရှေ့ဆောင်မှု သင်တန်းကျောင်း
ကျိုက်ထီးရိုး/ရောင်းညွှတ
ဦးဘောင်ရောင်းသာ(ကမ်းတန်း)
09731980259, 09731635338
ရွှေဘဝ်ဝန်း
ကျိုက်ထီးရိုး
ဝေါင်းသာ/ဌေဆောင်
01-701015, 09-51031014
01-711530, 09-51031014
ပိုင် 380154
09 5017088
09 8626524

အများသိစေရန်သတိပေးကြေညာခြင်း

ဦးအောင်လွင်[၁၂/ကတတ(နိုင်)၀၂၀၄၄၅]နှင့် ဒေါ်ချောကလျာတင်[၁၂/ကတတ(နိုင်)၀၀၂၀၃၉]၏သမီး မသီတာအောင် [၁၂/ဗတထ(နိုင်)၀၃၉၉၂၅] သည် ၁၈-၅-၂၀၁၃၊ ည ၅း၃၀နာရီတွင်နေအိမ်မှ အပြင်သို့သွားရာယနေ့တိုင်ပြန်ရောက်လာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသည်။

သမီးဖြစ်သူ မသီတာအောင်အား မိဘများမှ လွန်စွာစိတ်ပူနေသဖြင့် အမြန်ဆုံးပြန်လာပါ။ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ မသီတာအောင်အား သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်လွင်-ဒေါ်ချောကလျာတင်
ဖုန်း-၀၁-၃၈၀၂၇၉၊ ၀၉-၅၀၁၅၃၉၆၊ ၀၉-၇၃၀၅၀၇၀၇၉၉

ပျောက်ဆုံးကြောင်း

ကျွန်တော် စောရှိန်ရှိ[၁၂/အစန(နိုင်)၁၉၇၀၂၅]၏ နိုင်ငံကူးလက်မှတ် M-268565 နှင့် CDC လက်မှတ် 73523 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၁-၃၀၁၆၆၇၊ ၀၉-၄၂၀၅၃၃၇၆

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကျော်စိုးဝင်း ကိုင်ဆောင်သော စင်ကာပူနိုင်ငံတွင် နေထိုင်ခွင့်ကဒ်အမှတ်-S-6966373 G)ကတ်နှင့် (Safety Super U.S)ကတ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါ။ ဖုန်း-၀၉၄၃၁၂၅၄၄၀

မလားလက်မ့ဲရာသီဖြင့် ရီးယဲလ်ကို မော်ရင်ဟို လမ်းခွဲ

ဘောလုံးလောကတွင် အသင်းတစ်သင်းရှိ ကစားသမားများကို နည်းပြတစ်ဦးအဖြစ် စတင်ကိုင်တွယ်ခွင့်ရရှိခဲ့သည့် အချိန်မှစတင်ကာ ဥရောပဘောလုံးလောကတွင် စပါယ်ရှယ်ဝမ်းဟူသည့် ဂုဏ်ပုဒ်နှင့်အညီ မှတ်တမ်းတစ်ခုရရှိခဲ့ဖူးသည့် ပေါ်တူဂီနိုင်ငံသားနည်းပြကြီး မောင်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားလက်မ့ဲရာသီနှင့်အတူ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မေ ၂၀ ရက်က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌဖြစ်သူ ဖလော်ရန်တီနိုပီရက်ဇ်က လူသိရှင်ကြား ကြေညာခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်အသင်းကို ကျော်ခိုင်းတော့မည် ဆိုသော်လည်း ရီးယဲလ်မက်ဒရစ်အသင်း၏ လက်ကျန်ပွဲစဉ်နှစ်ခုဖြစ်သည့် မေ ၂၆ ရက်တွင် အဝေးကွင်း ကစားရမည့် ရီးယဲလ်ဆိုစီဒက်နှင့် ပွဲစဉ်၊ ဇွန် ၂ ရက်တွင် ဘာနေဗျူးဒ်ကစားရမည့် အိုဆာဆူနာ အသင်းတို့နှင့် ပွဲစဉ်များတွင် ကိုင်တွယ်ဦးမည် ဖြစ်ပြီး ဇွန် ၃ ရက် ရောက်မှသာ မော်ရင်ဟိုအနေဖြင့် ရီးယဲလ်မက်ဒရစ် နည်းပြဘဝကို စွန့်လွှတ်မည်ဖြစ်သည်။

မော်ရင်ဟို၏ ယခုနှစ်ရာသီစွမ်းဆောင်ရည်သည် ၎င်း၏နည်းပြသက်တမ်းတစ်လျှောက်တွင် ပြောစမှတ်ဖြစ်ခဲ့ရသည်။ ပေါ်တူဂီကလပ် ပေါ်တို၊ အီတလီစီးရီးအေကလပ် အင်တာမီလန်၊ ပရီမီယာလီဂ်ကလပ် ချယ်လ်ဆီး စသည့် အသင်းများကို ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှုသရဖူများစွာကို ရယူပေးနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသို့ စတင်ရောက်ရှိလာသည့်နှစ်တွင် စပိန်ဘုရင်ဖလားကိုရယူပေးနိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် စပိန်လာလီဂါဖလားကို ရယူပေးနိုင်ခဲ့သည်။ သို့ရာတွင် ယခုနှစ်ဘောလုံးရာသီ၌မူ ချန်ပီယံလီဂ်တွင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန် အသင်းကို အရေးနိမ့်ကာ ဥရောပပြိုင်ပွဲကြီးကို လက်ပြနှုတ်ဆက်ခဲ့ရပြီး ဘာနေဗျူးဒ်၌ မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် စပိန်ဘုရင့်ဖလားဗိုလ်လုပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရင်နာဖွယ် ရှုံးနိမ့်ခဲ့ရသည်။

စပိန်လာလီဂါတွင်လည်း ထိပ်တန်းပြိုင်ဘက် ဘာစီလိုနာအသင်း၏နောက်တွင် ၁၃ မှတ်အကွာဖြင့် ဒုတိယနေရာမှ လိုက်နေခဲ့ရ၍ လာလီဂါချန်ပီယံဆုဖလားကို ဘာစီလိုနာထံသို့ လက်လွှဲခဲ့ရသည်။ ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ဖလားရရှိရေးအတွက် မျှော်လင့်ချက်ကုန်ဆုံးကာ ဖလားလက်မ့ဲရာသီ ဖြစ်ခဲ့ရသည်။

မော်ရင်ဟိုသည် ပြီးခဲ့သည့် ရာသီက ၂၀၁၆ ခုနှစ်တိုင်အောင် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားသော်လည်း သမီးဖြစ်သူ လန်ဒန်၌ ပညာသင်ယူမည့် ကိစ္စအပါအဝင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆက်ဆံရေး အဆင်မပြေခြင်း၊ အင်္ဂလန်ဘောလုံးလောကကို နှစ်သက်ပြီး အသင်းဟောင်း ချယ်လ်ဆီးကို ပြန်လည်တာဝန်ယူကိုင်တွယ်လိုသော ဆန္ဒများစွာနှင့်အတူ ဇူလိုင် ၁ ရက်တွင် စတမ်းဖို့ဘရစ်ချ်သို့ ပြန်လာကာ ချယ်လ်ဆီးအသင်းကို စတင်ကိုင်တွယ်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မော်ရင်ဟိုအနေဖြင့် ဘောလုံးရာသီသုံးရာသီအတွင်း ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလီဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်နှင့် ကားလင်းဖလားနှစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သော အောင်မြင်မှုဇာတ်ရှိန်ကို ပြန်လည် ပုံဖော်ရန်အတွက် မေ ၂၀ ရက်တွင် စပိန်လာလီဂါထိပ်တန်းအသင်း ရီးယဲလ်မက်ဒရစ်နှင့် ရာသီကုန်တွင် ကျော်ခိုင်းစွန့်ခွာတော့မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က အတိအလင်း ကြေညာလိုက်ခြင်းဖြစ်သည်။

နိုင်လင်းကြည်

အီဘရာဟီမိုဗစ်ချ်နှင့် ကာလို့စ်အန်ဆယ်လော့တီ တစ်နှစ်တာအကောင်းဆုံးဆုများ ဆွတ်ခူးရရှိ

ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူးဇလက်တန်အီဘရာဟီမိုဗစ်ချ်သည် ပြင်သစ်ပထမတန်းကလပ်၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဂိုးသမားဆီရိုဂူသည် အကောင်းဆုံးဂိုးသမားဆု ဆွတ်ခူးရရှိခဲ့ပြီး နည်းပြအန်ဆယ်လော့တီမှာမူ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ပူးတွဲရရှိခဲ့သည်။

အသက်(၃၁)နှစ် အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီ အသင်းအတွက် ၂၉ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်ကတည်းက ဝေးကွာနေခဲ့သော ဆုဖလားကြီးကို ရယူပေးနိုင်ခဲ့သည်။

ယခုနှစ်တွင် အကောင်းမွန်ဆုံး ခြေစွမ်းရရှိခဲ့သဖြင့် တစ်နှစ်တာ အကောင်းဆုံးအသင်း လူစာရင်းတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

အီဘရာဟီမိုဗစ်ချ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့တာလက အေစီမီလန်အသင်းမှ ပီအက်စ်ဂျီ အသင်းသို့ပေါင် ၁၅ ဒသမ ၇ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

ဂါရတ်ဘေးလ်အား တစ်ပတ်လုပ်ခပေါင် ၂၀၀၀၀ ဖြင့် စာချုပ်သစ်တစ်ရပ် စပါးချုပ်ဆိုမည်

ပရီမီယာလီဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းသည် အသင်း၏ အဓိကအားထားရသော တောင်ပံကစားသမား ဂါရတ်ဘေးလ်အား တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀ ဖြင့် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုတော့မည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတစ်ခုတည်းတွင် အကောင်းဆုံးဆုများစွာကို ရယူဆွတ်ခူးနိုင်ခဲ့သဖြင့် ဥရောပတစ်လွှားရှိ ကလပ်အသင်းအတော်များများက စိတ်ဝင်စားလျက်ရှိနေခြင်းကြောင့် စပါးအသင်းနည်းပြ အန်ဒရီဗီလာဘိုအာ့စ်က ဂါရတ်ဘေးလ်အား အသင်းတွင် ဆက်ထိန်းထားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးမြင့်အောင်သန်း-ချစ်မေမေ ဒေါ်မြတ်မြတ်မိုးတို့၏ ၂၂-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၂၇)နှစ်မြောက်မင်္ဂလာရက်မြတ်မှ ရတုဆက်ဆက်တိုင်အောင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့် စိတ်ချမ်းသာ၊ ကျန်းမာစွာဖြင့် တိုင်းပြည်တာဝန်များ၊ လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီး - မအေးစန္ဒာကျော်
မောင်သူရမြင့်-မအေးမိုးဖြူ

ချစ်မြေး - Hazel
N.T, J.N

ဧ၃ခ်ပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးခင်မောင်ဦး(ပညာရေး/ငြိမ်း)-ဒေါ်ခင်မိမိ(ဌာနခွဲမှူး PPE/ငြိမ်း)တို့၏သား

မောင်ကျော်စွာဦး
B.A (Geography)

နှင့်

အမေရိကန်ပြည်ထောင်စု၊ Clarksvile,Indiana State နေ
ဦးခင်မောင်ဝင်း[ဒု-ဦးစီးမှူး- ဆည်မြောင်း(ငြိမ်း)]-ဒေါ်သန်းမြတို့၏သမီး

မနန္ဒာဝင်း
B.C.S.C (Computer Science Dip; in Computer Art)

တို့သည် နှစ်ဖက်သောမိဘများ၏ ဧ၈-၅-၂၀၁၃ရက်တွင် ဘဘောတူညီချက်အရ ၁၈-၅-၂၀၁၃ရက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ နှစ်ဖက်မိဘများနှင့် မောင်ကျော်စွာဦး-မနန္ဒာဝင်း

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်(၂)ရပ်ကွက် သိမ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းစတုတ္ထတန်းတွင် ပညာသင်ကြားနေသော မဖြိုးအိအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြခိုင်(၁၂/ရပသ(နိုင်)ဝ၆၁၆၁၈)ဖြစ်ပါကြောင်း။
ဦးမြခိုင်





မိတ္ထီလာမြို့ ပင့်ပက္ခဖြစ်စဉ်၌ သံယာတော်တစ်ပါးပျံလွန်တော်မူသည့်ကိစ္စနှင့် ပညာရေးမှူးရုံး မီးရှို့မှုများတွင် ပါဝင်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ၂၀၁၃ ခုနှစ်မတ် ၂၀ ရက်က စတင်ဖြစ်ပွားခဲ့သော ပင့်ပက္ခဖြစ်စဉ်၌ သာစည်မြို့နယ် ဟံဇားကျေးရွာ မိုးကောင်းကျောင်းတိုက်မှ သံယာတော် ဦးသောဘိတ ပျံလွန်တော်မူခဲ့သည့်ကိစ္စနှင့် ပညာရေးမှူးရုံး မီးရှို့မှုကိစ္စတို့အား အမှတ်(၂)ရဲစခန်း(ပ)၇၆/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၂၆/၄၃၆/၂၉၅-က/၁၁၄ ဖြင့် တရားခံ မျိုးညွှန့်(ခ)မျိုးညွှန့်ဦး(ခ)အွတ်စမန်၊ မျိုးထွန်း(ခ)မျိုးထွန်းညွှန့်(ခ)စိုလိုင်မန်၊ ရရှီး(ခ)မျိုးဝင်း၊ဖိုးချို(ခ)အီဗရာဟင်၊ ညီညီနိုင်(ခ)ရီစွတ်၊ အဏ္ဏာဝါ(ခ)မြတ်ကိုကို၊ဘာဂျေ(ခ)ဇော်သက်နိုင် ပေါင်းခုနစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မိတ္ထီလာခရိုင်တရားရုံးက ဧပြီ ၂၂ ရက်မှ မေ ၂၀ ရက်အထိ စစ်ဆေးခဲ့ပြီး ခရိုင်တရားရုံးက တရားခံ အဏ္ဏာဝါ(ခ) မြတ်ကိုကိုအား ပုဒ်မ ၃၀၂(၂) အရ တစ်သက်တစ်ကျွန်း၊ ပုဒ်မ ၂၉၅-က အရ အလုပ်နှင့် ထောင်ဒဏ်(၂)နှစ်၊ ပုဒ်မ ၁၄၄ အရ အလုပ်နှင့် ထောင်ဒဏ် (၂)နှစ်တို့အား သီးခြားစီကျခံစေရန် လည်းကောင်း၊ မျိုးညွှန့်(ခ)မျိုးညွှန့်ဦး(ခ)အွတ်စမန်၊ မျိုးထွန်း(ခ)မျိုးထွန်းညွှန့်(ခ)စိုလိုင်မန်၊ ဖိုးချို(ခ)အီဗရာဟင်တို့ သုံးဦးအား ပုဒ်မ ၃၀၂(၂)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်၊ ပုဒ်မ ၂၉၅- က အရ အလုပ်နှင့်ထောင်ဒဏ် (၂)နှစ်၊ ပုဒ်မ ၁၄၄အရ အလုပ်နှင့်ထောင်ဒဏ် (၂)နှစ်တို့အား သီးခြားစီကျခံစေရန်လည်းကောင်း၊ ရရှီး(ခ)မျိုးဝင်း၊ ဘာဂျေ(ခ)ဇော်သက်နိုင်တို့နှစ်ဦးအား ပုဒ်မ ၁၄၄အရ အလုပ်နှင့်ထောင်ဒဏ် (၂)နှစ်စီကျခံစေရန်လည်းကောင်း ယနေ့တွင် ခရိုင်တရားရုံးက အမိန့်ချမှတ်လိုက်သည်။

ထို့အတူ မိတ္ထီလာမြို့နယ် တရားရုံးက တရားခံ ညီညီနိုင် (ခ)ရီစွတ်အား ပုဒ်မ ၃၀၂ (၂)/၁၁၄အရ ထောင်ဒဏ် (၇)နှစ်၊ ပုဒ်မ ၂၉၅-ကအရ ထောင်ဒဏ်နှစ်နှစ်၊ ပုဒ်မ ၅၀၅(ခ)အရ ထောင်ဒဏ် (၂)နှစ်ချမှတ်ခဲ့ပြီး အဆိုပါ ပြစ်ဒဏ်သုံးရပ်လုံးအား တစ်ပေါင်းတည်းကျခံစေရန်လည်းကောင်း၊ ဖိုးချို(ခ)အီဗရာဟင်အား ပုဒ်မ ၄၃၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်၊ ၁၉၄၇ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ၆(၁)/၉အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်တို့အား သီးခြားစီကျခံစေရန်လည်းကောင်း၊ ဘာဂျေ(ခ) ဇော်သက်နိုင်၊ မျိုးထွန်း(ခ)မျိုးထွန်းညွှန့် (ခ)စိုလိုင်မန်တို့နှစ်ဦးအား ပုဒ်မ ၅၀၅(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၂)နှစ်စီကျခံစေရန် လည်းကောင်း ယနေ့တွင် မြို့နယ်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ်၌ ထန်းလုံးအမြောက်တစ်လက်တွေ့ရှိ

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်၌ မြေတူးစဉ် ရှေးဟောင်းထန်းလုံးအမြောက်တစ်လက် တွေ့ရှိကြောင်း သိရသည်။ **(ယာဝုံ)**

ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်၌ မေ ၁၄ ရက် နံနက် ၁၁ နာရီခွဲက ရှေးဟောင်းအမြောက်တစ်လက်တွေ့ရှိကြောင်း သတင်းအရ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲလက်ကျန် ထန်းလုံးအမြောက် အလျား ၁၄ ပေ ၅ လက်မ၊ ထိပ်ပိုင်းအချင်း ၁၃ လက်မ၊ နောက်ပိုင်း အချင်း ၂၃ လက်မ၊ အလေးချိန် ခြောက်တန်ခန့်ရှိပြီး မေ ၁၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်အတွင်း ဦးဝိစာရ ရှော့ပင်းမောဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မြေတူးစက်မောင်းသူ ဦးကျော်ကျော်လေး (၅၅)နှစ် လက်ဝဲသုန္ဒရလမ်း(၁၈)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူသည် ဦးဝိစာရဝင်ပေါက်အနီး၌ မြေတူးစဉ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ရှိသည့်နေရာတွင် အဆိုပါအမြောက်အား ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

(ဝဒုဂ)

အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

ဝေါ မေ ၂၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မေ ၁၃ ရက် ည ၁၂ နာရီခွဲက Mobile Team လရ-၂ ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ဝင်းသိန်းမောင်းနှင်လာသော ယာဉ်အမှတ် စဆ/---- မော်တော်ယာဉ်မှာ ရပ်တန့်စစ်ဆေးခံခြင်းမပြုဘဲ မောင်းနှင်ထွက်ပြေးသွားသည်။ အဆိုပါ ပူးပေါင်းအဖွဲ့မှ ထုတ်နုတ်အင်အားဖြင့် လိုက်လံဖမ်းဆီးရာ မိုင်တိုင်အမှတ် (၇၅/၆)၊ (၇၅/၇) အကြား အဗျားဘိုတဲ ကျေးရွာအနီးတွင် တားဆီးနိုင်ခဲ့၍ မိမိအခြေပြုရာသို့ ပြန်လည်ခေါ်ဆောင်လာပြီး ပူးပေါင်းအဖွဲ့စုံဖြင့် ယာဉ်ပေါ်ပါ ပစ္စည်းများအား ဖွင့်ဖောက်စစ်ဆေးရာ အလှကုန် ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ သိန်း)၊ အခြားစက်ခေါင်း ရေစုပ်စက်၊ ဆပ်ပြာမှုန့် (ကာလတန်ဖိုးငွေကျပ် ၁၁၇ သိန်းကျော်)စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၈၅၂၁၆၀၀ အား **(အပေါ်ပုံ)** စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘုန်းသော်(ဝေါ)

အမှိုက်ပုံးအတွင်းမှ သေနတ်နှင့် ကျည်ဆန်များတွေ့ရှိ

နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဗိုလ်သူရလမ်းနှင့် ပိတောက်ပင်လမ်းထောင့်၌ မေ ၂၀ ရက် ညနေ ၄ နာရီခန့်တွင် မြို့နယ်စည်ပင်အဖွဲ့မှ မသင်းမြတ်စိုးသည် အမှိုက်ပုံးအတွင်း သန့်ရှင်းရေးပြုလုပ်စဉ် ယင်းအမှိုက်ပုံးအတွင်းမှ ကြွေပ်ကြွေပ်အိတ်ဖြင့် ထုပ်ထားသော အမ်ဝေ၆ ကျည်ဆန် ၅၆ တောင့်၊ ၎င်းကျည်အိမ် တစ်ခု၊ ကာဘိုင်ကျည်ဆန် ၁၁ တောင့်၊ (၉) မမ ကျည်ဆန် ၂၂ တောင့်၊ ပွိုင့်-၃၈ ကျည်ဆန် ၁၃ တောင့် တို့နှင့် ကိုယ်ထည်အမှတ် C- 177374 စပိန်နိုင်ငံထုတ် အဖုံးတွင် STAR TRADE MARK စာတန်းပါ စတီးပစ္စတိုတစ်လက်၊ ပစ္စတိုထည့်အိတ် အနက်ရောင်တစ်လုံး **(အောက်ပုံ)** တို့အား တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့ မှူးနှင့်အဖွဲ့က သွားရောက်သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးလှဝင်း)-ဒေါ်မြင့်မြင့်စန်း (အလယ်တန်းပြ၊ အထက-၁၊ ဒဂုံ/အရှေ့) တို့၏သား

မောင်ဖြိုးလင်းနောင်

Final Year (Myanmar), Director (Orianna Spa Care)

နှင့်

နေပြည်တော်နေ ဦးဝင်းငွေး (တွဲဖက်အတွင်းရေးမှူး၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်စန်းမြင့်တို့၏ သမီး

မလေးသန္တာစိုး

B.A(Eco), Dip;In ICT (YU), Dip;in EC (YU)

တို့၏ ၁၈-၅-၂၀၁၃ ရက် Central Hotel တွင် ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းခင်လှဝင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီး ဒေါ်ဆွေဆွေချစ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွှန့်၏ ဇနီး ဒေါ်ကျင်ခိုင်၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ငွေ၏ ဇနီး ဒေါ်ခင်မြချစ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဦးသန်းကျော်ထူးနှင့် ဇနီး ဒေါ်သက်ထားတင်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဇနီး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဇနီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈)မှ သူငယ်ချင်းများ၊ မင်္ဂလာပန်းကြဲပေးပါသော မပွင့်သီရိဦး၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသူရိန်ထွန်းနှင့် ဒေါက်တာလမင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ မဖြူကြည်ခိုင်နှင့် မအေးပြည့်ငြိမ်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မမေနှင်းနန္ဒာအောင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မမေမြတ်သူ၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာ မစန္ဒာအေး၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်ဆံပင်၊ ပန်းအလှနှင့် လက်ဝတ်ရတနာများ ဆင်ယင်ပေးပါသော ဇော်ဇော်(ထီလာ) သဇင်စိန်တိုက်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Apple အဖွဲ့သားများအားလုံး၊ လက်ထပ်မင်္ဂလာ ဖိတ်ကြားလွှာအားပြုလုပ်ပေးပါသော DAGON Printing & Invitation Cards၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်း မိသားစုများ၊ Central Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီတက်ရောက်ချီးမြှင့်ပေးကြသော မိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဖြိုးလင်းနောင်- မလေးသန္တာစိုး

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
2013 November Exam
ဦးနေလင်းအောင်
B.Com,CPA
LCCI Level - I&II , III
ကျောင်းကိုင်သင်တန်းများ
အမှတ် - ၁၈(ဘ - ၆၈)၊ သမဝေဘုံ(၂)တိုက်၊ ဦးထွန်းလင်းမြို့လမ်း၊ လှည်းတန်းတာဝေးရပ်ကွက်၊
Ph: 01-504737, 512900, 09 450022546, 09 73105409, 09 5170105

ပါပါကော်ဗီ ရုပ်ရှင်နှင့် ဒီဗီဒီတလုံးလုပ်ရောင်းမှုကိုကူးအုတ်လုပ်ခဲ့ပါသည်။

(ပြည့်ပြည့်စုံစုံ ဝယ်ယူလေလေ ကံကောင်းလေ)

ပမာဏအပေါ်တွေ့ရှိပြီးပစ္စည်းများ ပြန်ရယူနိုင်ရန်-

ရုပ်ပုံအမျိုးအစား	မိမိကိုယ်ပိုင်အမည်	ပစ္စည်းမှတ်တမ်း Code No.
(1) Nissan March Car	ဦးလှတင်	No.181122
(2) ကြည်ဝိုးတန်ဘောက်ယာဆီပုံစံ(ခြင်္သေ့ကိုကိုမှတ်(၂)ဆောင်)	ဦးကိုးကိုကိုမြင့်	No.093263
(3) Mitsubishi 1 door ရေခဲသေတ္တာ	ဒေါ်ခင်မြသု	No.040157
(4) 24" LED Toshiba TV	ဦးတင်မြင့်	No.070644

ကျွန်တော်တို့ဆိုင်အား ၂၆ကြိုတည့်ပေးသောကြောင့်ဖုန်းများနှင့် **မိမိတို့ကိုခေါ်**ဆက်ဆက်ဆံပြီး ပမာဏအပေါ်ပြည့်ကြပါရန် ပေးပေးဆွဲကြပါ။ ပစ္စည်းကြီးကြီးများအတွက် **(၂-၆-၂၀၁၃)** မနေ့ **ဈေးကိုဆိုးကားကို** ခေတ်ကောက်ကျင်ပါပေးကုန်နိုင်ရန် ရက်ကျော်ကျွန်ပေါ်ကယောက်ဆရာ၏ ထုတ်ပေးတော့မည်ဟုကတိပြု ပြန်ရယူနေကြသူများ **မိမိတို့ကိုခေါ်**ဆက်ဆက်ဆံပြီးမှ ပေးပါမည်ဖြစ်ပါသည်။

မိတ်ဆက်;

ရန်ကုန်ခရိုင်ဒီဗီဒီလုပ်ငန်းရှိမြေ၊
မမှတ်(၂၂/၃) ဒဏ္ဍာရီ ဘဏ္ဍာတိုက်ဆေးတန်းမြို့နယ်
Ph : 01-296647, 01-380878

အထက်မြန်မာပြည်သတင်း

ရှေးဟောင်းကျောက်ဆူးကြီး

မကွေး မေ ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်းရှိ စည်ပင်သာယာရေး အဖွဲ့က တည်ဆောက်ထားသည့် ကျောက်သားဥယျာဉ်အတွင်း၌ လွန်ခဲ့သော နှစ် ၁၀၀ ကျော်က သင်္ဘော ကျောက်ဆူးတစ်ခုအား အများ ပြည်သူများလေ့လာနိုင်ရန် ပြသထား သည်ကို တွေ့ရသည်။**(ယာပုံ)**

အဆိုပါ ကျောက်ဆူးကြီးမှာ အလေးချိန် ၄၅ ပိဿာခန့်ရှိပြီး အမြင့် ခြောက်ပေခန့်ရှိသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က မကွေးမြို့ မြောက်ဘက် မြသလွန်စေတီအနီး မြစ်ကမ်းပါးပြိုရာမှ ကျောက်ဆူးကြီး ၏အစ ကျောက်ဆူးကြိုး ပေါ်လာခဲ့ရာ သာယာကုန်းကျေးရွာ ရေလုပ်သားများက စတင်တွေ့ရှိခဲ့ကြသည်။ သာယာကုန်းရွာ ရေလုပ်သားများက ကျောက်ဆူးကြိုးအစအတိုင်း ဆက်လက်တူးဖော်ခဲ့ရာ ကျောက်ဆူးကြီး၏ ကိုယ်ထည်အား တွေ့ရှိရသည်။ ကျောက်ဆူးကြီးမှာ ထုထည်ကြီးမား သောကြောင့် လူ ၂၀ ခန့် ဝိုင်း၍ မကြရသည်။

မြန်မာနိုင်ငံ ကိုလိုနီလက်အောက် ကျရောက်စဉ်က အင်္ဂလိပ်စစ်သင်္ဘော များ၊ ကုန်သင်္ဘောများ၊ တွဲသင်္ဘော များ၊ တွန်းသင်္ဘောများ ဧရာဝတီမြစ် ကြောင်း တစ်လျှောက် ဥဒဟိုသွား လာစဉ် မကွေးမြသလွန်စေတီ ဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားလေ့ ရှိကြကြောင်း၊ အဆိုပါသင်္ဘောကြီး များမှ ပြုတ်ကျန်ရစ်ခဲ့သော ကျောက် ဆူးကြီးဖြစ်နိုင်ကြောင်း သက်တမ်း အားဖြင့် နှစ် ၁၀၀ ကျော်ဖြစ်နိုင်ခြေ ရှိကြောင်း အငြိမ်းစားကျောင်းဆရာ ကြီး ဦးစိန်ဟုတ် (၈၉)နှစ်က သုံးသပ် ပြောဆိုသည်။

ယခုအခါ မကွေးမြို့သို့ ရောက်ရှိ လာကြသော ကမ္ဘာလှည့်ခရီးသည် များသည် အဆိုပါကျောက်ဆူးကြီးအား ဝင်ရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(မကွေး-လှမြင့်)**

ကြယ်စင်စေတနာ ပရဟိတ လူမှုကူညီရေးအသင်းသို့ ကားတစ်စီးလှူဒါန်း

မန္တလေး မေ ၂၁

အမရပူရမြို့နယ်အတွင်း၌ ရှိကြသောကျေးရွာပေါင်းများစွာတို့သည် လူသားချင်းစာနာထောက်ထားခြင်း အလို့ငှာ စေတနာပရဟိတလူမှုကူညီ ရေးအသင်းများကို မိမိတို့ကျေးရွာ များတွင် စနစ်တကျဖွဲ့စည်းထားကြ သည်။ ဤကဲ့သို့စေတနာ ပရဟိတ လူမှုကူညီရေးအသင်းများမရှိမီ ကဆို လျှင် အချိန်ကြန့်ကြာခြင်းများကြောင့် အဖိုးတန်လူ့အသက်များ မဆုံးရှုံး သင့်ဘဲ ဆုံးရှုံးခဲ့ရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတော်ကျေးရွာအုပ်စု ကြယ်စင်စေတနာပရဟိတ လူမှုကူညီ ရေးအသင်းအတွက် စေတနာရှင် မိသားစုက SUPER.CUSTOM ကားတစ်စီးပေးအပ်လှူဒါန်းပွဲကို မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် စာတော်ကျေးရွာ ရွှေခားရိုးဘုန်းတော် ကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါမော်တော်ယာဉ်ပေးအပ် လှူဒါန်းပွဲတွင် ရွှေဓါးရိုးကျောင်းဆရာ တော်ဦးစန္ဒာသီရိ၊ စာတော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းရွှေ၊ အလှူ ရှင် ဦးရွှေဝင်းလှိုင်-ဒေါ်တင်တင်မိုး မိသားစု၊ အမရပူရမြို့နယ် အမရ ရွှေပူ လူမှုကူညီရေးအသင်း၊ ပလိပ်မြို့ သစ္စာပါရမီ လူမှုကူညီရေးအသင်း၊ ရှားတောလေးကျေးရွာ ဖြူစင်မေတ္တာ အသင်းများနှင့် စာတော်ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြ ကြောင်း သိရသည်။

(မောင်မောင်စိုး-မြစ်ငယ်)

ပိုက်ဆက်ကော်နှံ့ ရှူရှိုက်ရာတွင် လူမမယ်ကလေးများ ပါဝင်လာ

မုံရွာ မေ ၂၁

ကော်နံ့ရှူ၍ ဘိန်းမှိန်းသလို မှိန်း ကာဆေးစွဲသလို သုံးစွဲမှုများကို လူမမယ်ကလေးငယ်များပင်သုံးစွဲလာ သည်ကို တွေ့ရသောကြောင့် လူမ မယ် ကလေးငယ်များ၏ ရှေ့ရေး ရင်လေးဖွယ်ဖြစ်ကြောင်း ထိုအဖြစ် အပျက်ကိုကြားရသူများက သုံးသပ် ပြောကြားကြသည်။ ထိုသို့သော ဘိန်း စွဲသလိုစွဲနေသည့် ကော်နံ့ရှူခြင်းများကို ခြောက်တန်း၊ ခုနစ်တန်းအရွယ် ယောကျ်ားလေးများ သုံးစွဲရသော ပစ္စည်းမှာ ဈေးချိုသာ၍ ဝယ်ယူရန် အထူးလွယ်ကူသောအရာ ဖြစ်ခြင်း ကြောင့် မိန်းကလေးငယ်များပင် သုံးစွဲလာကြကြောင်း ကြားသိရသည်။

မူးယစ်ဆေးဝါးနှင့် ဆေးပြားများ မကြာခဏ ဖမ်းဆီးရမိသောလမ်း ကြောင်းဖြစ်သည့် တမူး-ကလေး လိုင်းဘက် နေရာအတော်များများ တွင် အမျိုးသမီးအများစုနှင့် လူငယ် များသည် အဆိုပါ ပိုက်ဆက်ကော် ရည်ဘူးအနံ့ကို ပြင်းထန်စွာရှူရှိုက်၍ သုံးစွဲသူအချင်းချင်း ပြောသည့်စကား လို "သုခဘုံစံစား"သူများ များပြားလာ နေကြောင်း ဒေသခံများအချင်းချင်း ဆက်သွယ်ပြောဆိုမှုများမှ သိရသည်။ ပိုက်ဆက်သည့်ကော်အနံ့သည် ဘူးကို ဖွင့်၍ ရှူလိုက်လျှင် ပြင်းရှရှအနံ့ကို ရရှိ၍ ကြာကြာနှင့် ပြင်းပြင်းရှူလိုက် လျှင် လူ၏စိတ်အသိမှာ မိန်းမော၍ တစ်မျိုးပြောင်းကာ စိတ်ကိုပြောင်းလဲ နိုင်စွမ်းရှိသောကြောင့် သုံးစွဲနေကြ ခြင်းဖြစ်ကြောင်း၊ အဆိုပါ ပိုက်ဆက် ကော်ဘူးကို အလွယ်တကူဝယ်ယူရရှိ နေပြီး ဈေးနှုန်းမှာလည်း အလွန်ချို သာသောကြောင့် သုံးစွဲသူများအနေ ဖြင့် လွယ်ကူလွန်းနေသည်က သုံးစွဲမှု ကို အားပေးသလို ဖြစ်နေကြောင်း မူးယစ်ကာကွယ်တားဆီးရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြော ကြားသည်။

"ကားတိုင်ကီ၊ ဆိုင်ကယ်တိုင်ကီ ထဲမှာရှိတဲ့ ဓာတ်ဆီအနံ့ကို ကြိုက်လို့ဆိုပြီး ရှူကြတဲ့လူကြီး၊ ကလေးမျိုးတွေ တွေ့ဖူးပါတယ်။ ကြာလာရင် အဆုတ်မကောင်းတာကို တွေ့ရတဲ့အတွက် အဲလိုမျိုးဓာတ်ဆီ ရှူလေ့ရှိတဲ့ကလေးတွေရဲ့ မိဘတွေ အနေနဲ့ ဓာတ်ဆီရှူတာကို အကျင့်မလုပ်ကြဖို့ လိုပါတယ်။ ဒီလို ပဲ အခုပေါ်နေတဲ့ ပိုက်ဆက်ကော်ရဲ့ အနံ့ကို ရှူနေကြတာဟာ ရေရှည် ကျန်းမာရေးမှာ ထိခိုက်စေမှာကို တားဆီးနိုင်မယ့်သူများရော၊ သုံးစွဲနေ သူတွေရော သိပြီး ရှောင်ရှားဖို့လိုပါ တယ်။ ကော်နံ့ရှူလိုက်တဲ့အတွက် စိတ်ကို ပြောင်းလဲစေပြီး စိတ်ကို ထိခိုက်စေမှာ ဖြစ်သလို ရှူလိုက်တဲ့ အတွက် တိုက်ရိုက်ရောက်မယ့်အဆုတ် နဲ့ အခြားကလီစာတွေကိုလည်း ရေရှည်မှာ ထိခိုက်စေမယ်ဆိုတာ သိဖို့ လိုအပ်ပါတယ်။ သိရင်မလုပ်ဘဲ ရှောင်ဖို့ကလည်း ပိုပြီးလိုအပ်လှပါ တယ်" ဟု သတိပေးစကားပြောကြား ခဲ့သည်။

မျိုးဝင်းထွန်း (မုံရွာ)

ပညာပါရမီ ပညာရေး ကရုဏာရှင်အသင်း (၂)နှစ်မြောက် အထိမ်းအမှတ် စာပေဟောပြော

ကောလင်း မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း မြို့ ပညာပါရမီ ပညာရေးကရုဏာ ရှင်အသင်း (၂) နှစ်ပြည့်နှင့် အလိမ္မာ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲကို ကောလင်းမြို့ အနောက်ကျောင်းကြီးတိုက် မဟာ လောကတန်ဆောင်း၌ ကျင်းပရာ မေ ၁၆ ရက် ည ၇ နာရီတွင် စာရေးဆရာ ကြီး သာယာဝတီစမ်းစမ်းနွဲ့၊ အော်ပီ ကျယ်၊ မောင်စိန်ဝင်း (ပုတီးကုန်း)တို့က လည်းကောင်း၊ မေ ၁၇ ရက် ည ၇ နာရီတွင် လေးကိုတင်၊ ကိုသိန်းလွင် (ကျောက်ပုထိုး)၊ ဦးဘုန်း (ဓာတု) တို့ကလည်းကောင်း စာပေရေးရာများ ဟောပြောကြသည်။

ထို့နောက် ဒေသခံစာပေပညာရှင် များ ပေါ်ထွန်းရေးအတွက် ကဗျာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူ များအား တာဝန်ရှိသူများကဆုချီးမြှင့် ကြကြောင်းသိရသည်။ **(၂၁၄)**

မိုးပွင့်အဆင့် (၅) ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပုဇွန်ဆိပ်ကျေးရွာ အုပ်စု ကန်စွန်းအင်းကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့် အုပ်စု (၅) စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင် ရွက်ခြင်းကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ကျေးရွာအခြေခံပညာမူလ တန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးဘိုဝနှင့် ဝန်ထမ်းများက ဆောင် ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ရာသို့ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင် က နိုင်ငံသားစိစစ်ရေးကတ် ထုတ် ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာ ပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၈၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ပြားများ ပေးအပ်ခဲ့ကြောင်း သိရ သည်။

(မြို့နယ်လဝက)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1	[illegible]/မမ/CE	တိုင်း(၁)မြစ်ကြီးနားနယ်မြေ [illegible]
2	[illegible]/မမ/CE	တိုင်း(၂)ရွှေဘောနယ်မြေ [illegible]
3	[illegible]/မမ/CE	တိုင်း(၃)မန္တလေးနယ်မြေ [illegible]
4	[illegible]/မမ/CE	တိုင်း(၅)[illegible]
5	[illegible]/မမ/CE	တိုင်း(၆)ရန်ကုန်နယ်မြေ [illegible]
6	[illegible]/မမ/CE	တိုင်း(၇)ရန်ကုန် နယ်မြေ [illegible]
7	[illegible]/မမ/CE	တိုင်း(၈)မော်လမြိုင်နယ်မြေ [illegible]
8	[illegible]/မမ/CE	တိုင်း(၁၀)[illegible] ... ၂၅-ပေ Rail Opening [illegible] Span Slab [illegible]

တင်ဒါပိတ်မည့် နေ့/အချိန် - [illegible]

၂။ [illegible]

[illegible] -294352,291994

တုနိုင်းမဲ့ "မေမေ"သို့ မွေးနေ့မင်္ဂလာဆုမွန်လွှာ

သားတို့ သမီးတို့အပေါ် အစဉ်အမြဲအေးမြသော မေတ္တာ၊ စေတနာ၊ ကရုဏာကြီးမားပြီး ဂုဏ်ယူဖွယ် စံပြုထိုက်သော လောကဓံကို ရဲရင့်စွာ ကျော်ဖြတ်နိုင်အောင် အားအင်တွေပေးပြီး ယဉ်ကျေးလိမ္မာအောင် ဆုံးမပဲ့ပြင်ပေးသော ကျေးဇူးရှင်မေမေ **"ဒေါ်မြမြဝင်း"** (Mavis Jewellery)၏ ယနေ့ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် မင်္ဂဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားများကို ကြိုးစားအားထုတ်၍ သာသနာ့အကျိုး ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊ သမီးများ

သမီးကြီး - မမြနှင်းအေး (Mavis Jewellery)
ချစ်သား - ကိုအောင်မြတ်(ဒေါင်းမင်း-ဆီစက်)
သမီးလတ် - ကိုသက်နိုင်သိန်း-မဥမ္မာ(Australia)
သမီးငယ် - ဒေါက်တာရဲဝင့်ကျော်-မသန္တာဝင်း
သူရဲသမိန်တိုက်နယ်ဆေးရုံ၊ ဝေါမြို့နယ်
ပဲခူးတိုင်းဒေသကြီး

အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၃၀၃/၃၃၅၊ အမှတ်(၆)သစ်စက်ဝင်းအတွင်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် အဆောက်အအုံဟောင်း (၁၃)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) ပစ္စည်းအမျိုးအမည် -အဆောက်အအုံဟောင်း (၁၃)လုံး

(ခ) လေလံတင်ရောင်းချမည့်
- နေ့ရက် - ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၈ နာရီ
- နေရာ - အမှတ်(၆)သစ်စက်ဝင်း၊ ရှင်းလင်းဆောင်ခန်းမ

(ဂ) စည်းကမ်းချက်ရောင်းချမည့်
- နေ့ရက် - ၂၁-၅-၂၀၁၃ရက်(အင်္ဂါနေ့)မှ ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့)အထိ
- နေရာ - စက်ရုံမှူးရုံးဟောင်း၊ အမှတ်(၆)သစ်စက်၊ ဗိုလ်တထောင်၊ ၂၉၁၂၆၁/၂၅၄၆၇၆

၂။ လေလံဝယ်ယူမည့် လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်-၂၀၀၀/နှုန်းဖြင့် ၄-၆-၂၀၁၃ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးဆပ်ကော်မတီ
အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)
ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်

သထုံခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ လေးမြှောပူး ကလေးမွေးဖွား

သထုံ မေ ၂၁

မွန်ပြည်နယ် သထုံခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၏ သားဖွားမီးယပ်နှင့်ကလေးကုသဆောင်တွင် လေးမြှောပူးကလေးများကို မေ ၁၇ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်မှစတင်ကာ တစ်မိနစ်ခြားစီ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ယင်းကလေးများအား သထုံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွှန့်နှင့် အခြားစေတနာရှင်များက ဂုဏ်ပြုငွေနှင့် ဆေးပစ္စည်းများကို ကလေးများ၏ မိခင်ထံလာရောက်လျှောက်နှုန်းခဲ့ကြသည်။ အဆိုပါကလေးများမှာ ကျားနှစ်ဦး၊ မနှစ်ဦးဖြစ်ပြီး သားဖွားမီးယပ်အထူးကု ဒေါက်တာသင်းသင်းအေးက တာဝန်ယူခွဲစိတ်မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ကလေးများ၏မိခင်ဖြစ်သူမှာ ပေါင်မြို့နယ် ဖလပ်ဝတ်ကြီးကျေးရွာနေ ဒေါ်မြသီတာဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများက အဆိုပါလေးမြှောပူးကလေးယေများအား အထူးကြပ်မတ်ကုသဆောင်၌ စောင့်ရှောက်ကုသထားရှိကာ လက်ရှိအချိန်တွင် ကလေးများနှင့် မိခင်၏ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားတွင်မရှိသော်လည်း စနစ်တကျစောင့်ရှောက်ကုသမှုခံယူရန် လိုအပ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ကန်ကြီးထောင့်၌ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

ကန်ကြီးထောင့် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီခွဲတွင် မိချောင်းတရာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးအောင်ဇော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မိချောင်းတရာအုပ်စု အတွင်းရှိတောင်သူ ၇၁ ဦး၏ လယ်မြေဧက ၃၈၉ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

မဇင်(ရွှေကန်မြေ)

ကျေးရွာများအရောက် ချေးငွေများ ထုတ်ချေး

ရန်ကုန် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဝါးရုံလယာကျေးရွာအုပ်စု လယ်တီကျေးရွာ ဓမ္မာရုံ၌ မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြည့်မဟာအသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းမှ အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုဝင်းနှင့် ရပ်မိရပ်ဖများက ဝါးရုံလယာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အဖွဲ့ဝင် ၉၀ အား ဆင်းရဲမှုလျှော့ချရေးစီမံချက်ဖြင့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့်ကျေးရွာများ အရောက် ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ) (ဓာတ်ပုံ)**

ကျန်းမာရေးစောင့်ရှောက်မှုယာဉ် ပေးအပ်လျှုဒါန်း

ပေါင်းတည် မေ ၂၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင်ပေါင်းတည်မြို့ စေတနာနာရေးကူညီမှုအသင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ပေါင်းတည်မြို့ ပျဉ်းပင်ကန်ရပ်ကွက် အတွင်းလမ်းနေ ဦးမြင့်ဆွေ-ဒေါ်အေးမိသားစုတို့က မော်တော်ယာဉ်တစ်စီး ပေးအပ်လျှုဒါန်းပွဲကို ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ စိန်ရတုခန်းမဆောင်၌ မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

တက္ကသိုလ်ဝင်တန်းများ အောင်ချက်မြင့်မားရေး ကြိုတင်ဖွင့်လှစ်

မြိတ် မေ ၂၁

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားရေးအတွက် မေ ၂၀ ရက်မှစ၍ သက်ဆိုင်ရာအခြေခံပညာကျောင်းများတွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ထိုသို့သင်ကြားရာတွင် တက္ကသိုလ်ဝင်တန်း တစ်တန်းတည်းကိုသာ ကြိုတင်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး ကျန်ရှိသည့်အခြေခံပညာအတန်းများမှာ ပုံမှန်အတိုင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသန့်(မြိတ်)**

မလှိုင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

မလှိုင် မေ ၂၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းနေထိုင်ကြသည့် ကျေးလက်ပြည်သူများအား ယာဉ်တိုက်မှု အန္တရာယ်မှ ကင်းဝေးစေရန် မေ ၆ ရက် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန် ပညာပေးလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

Cambridge တက္ကသိုလ်အသိအမှတ်ပြုလက်မှတ်ရ instructor များနှင့် Cambridge
တက္ကသိုလ်၏ နည်းစနစ်အတိုင်း အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်
GETC building a better future
Opening in May
Foundation English Program
(4 Skills + Grammar & Vocabulary)
Basic English Communicative English IELTS Foundation
ဖုန်း- 537895,502775,530097 www.getc-languageschool.com

NELC "Don't Worry, Just Speak!!!"
Nelson English Language Centre
Age 3 to 5
Pre-School
Age 6 to 15
Young Learners (Sat,Sun)
Opening in June
ရန်ကုန် 01-526 311, 256 517, 501 947, 8550 727 မန္တလေး 02-658 52, 09-91 023 900
Website : www.nelc-centres.com Email : nelchocentre1@gmail.com

အရိုင်မာဆုံးနှင့်ယုံကြည်စိတ်အချရဆုံး
edexcel Approved Centre No. 93711
MYANMAR NOBLE COLLEGE
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း
HND Engineering
Construction & Built Environment (Civil Engineering)
Electrical & Electronics
Mechanical
HND Business
HND Computing (IT)
မြန်မာနိုင်ငံ(လ)ကောလိပ် (Myanmar Noble College) တွင် UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏အသိအမှတ်ပြု BTEC (HND)သင်တန်းများအား(၁၈.၆.၂၀၁၃)ရက်နေ့တွင်ဖွင့်လှစ်မည် ဖြစ်၍ ကျောင်းသားသစ်များကိုစတင်လက်ခံလျက်ရှိပါသည်။
ဘာသာရပ်အလိုက် Top-up Course များကို Myanmar Noble College နှင့်တိုက်ရိုက်ဆက်သွယ်ထားသည့် Singapore နိုင်ငံမှ Shelton, MDIS၊ မလေးရှားနိုင်ငံမှ INTI, Nottingham, Sunway, Taylor's University နှင့် UK / Australia နိုင်ငံများရှိ တက္ကသိုလ်များတွင်ဘာသာရပ်အလိုက် ၁-နှစ်(သို့) ၂-နှစ်တက်ရောက်၍ B.Sc(Hons)/B.E ဘွဲ့များကိုရရှိနိုင်မည်ဖြစ်ပါသည်။
မေလ(၁၅)ရက်နေ့မှစ၍ဖွင့်လ(၁၅)ရက်ထိသင်တန်းတက်ရောက်မည့်သူများအား English & Mathematics ဘာသာရပ် (၂)မျိုးအား Brush up Course အခမဲ့သင်ကြားပေးပါမည်။
Contact Info : အမှတ်(၁၀၈)နွင်းဆီလမ်း(အထက်)အလုံမြို့နယ်ရန်ကုန်။ ၀၁-၂၂၁၄၇၆/၀၉ ၇၃၁၆၃၃၇၅

ကမ္ဘာတစ်လွှားထောင်ပြောင်း ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအောင်မှုများ
အပြည်ပြည်ဆိုင်ရာကျူးသန်းရောင်းယူရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ
ဈေးကွက်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သဘောတူပြောင်း
အထောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း ယေဘုယ်ခြင်း...
ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း
အပတ်စဉ်(၄၄)
Section A : 25-5-2013
Section B : 28-5-2013
နေ့များတွင် စမည်။
အလင်းသစ်စာပေ
တာခန့်(၆၀၀)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၅၄-၀၀၃၀၂ ၀၉-၈၃-၀၃၈၄၇

အမည်ပြောင်း ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အောက်ရွာပိုင်းရပ်တွက် ပြည်တော်အေးရပ်နေ (ဘ) ဦးညွှန့်မောင် ၏ သမီး မဆန်းမေအား မဆန်းကြည်ဟုခေါ်ပါရန်။
မဆန်းကြည်

မောင်ကောင်းထိုက်
နာစရီ၃၆ (အရှေ့တိုင်းဟာသ) (နီးသင်္ဘော)
● သုတ္တိလည်း ရယ်ရောမြောတတ်သည် ● အမြဲပြုံးတတ်ဆောင်
● ဈေးဝယ်ကားဝယ်(၁) ● ဈေးဝယ်ကားဝယ်(၂) နှင့်
ဟာသဇာတ်ကားအမှတ်(၁)နှင့်အမှတ်(၂)အထိ ပေါင်း(၂၇)မျိုးရနိုင်ပါသည်။
စာအုပ်ဆိုင်မှာမရဘူး? စာကြည့်တိုက်လေးမှာလား?
ဈေး၊ ရွာမြေ၊ မတ္တရာ ၃၂ အုပ်ကို ၉၀၀,၀၀၀ ကျပ်
4 ရွှေပဒေသာစာပေ ☎ 384927

ပြည်တွင်းရေးရာ

ကျေးလက်ဒေသများသို့ သောက်သုံးရေလျှုဒါန်း

ပန်းတောင်း မေ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးလက်ဒေသများသို့ ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)မှ အလျှုဒွေကျပ် ၅သိန်းလျှုဒါန်းရာ ဥသျှစ်ပင်ကျေးရွာ ဖြူစင်အေးမြပရဟိတ အသင်းက ဦးဆောင်၍ ရေရှားပါးသော ရေတွင်းလေးကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ မြေဝါကုန်းလေးကျေးရွာ၊ မှန်ကုန်ကျေးရွာ၊ သပြေကုန်းကျေးရွာနှင့် မြေဝါကုန်းကြီးကျေးရွာများသို့ ရေဂါလန် ၁၂၀၀ ခန့်အား နေ့စဉ် သွားရောက်လျှုဒါန်းလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)** **(၀၄၂)**

ဒွေကျပ် ၁၅၀၀တန် Sim Card များ မဲနှိုက်ရောင်းချ ပြင်ပပေါက်စျေး ပြန်မကျသေး

တောင်တွင်းကြီး မေ ၂၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများအလွယ်တကူ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တွင် မေ ၂၀ ရက်က ဒွေကျပ် ၁၅၀၀ တန် Sim Card များကို မဲစနစ်ဖြင့် ရပ်ကွက်ပြည်သူများ၊ ကျေးလက်ဒေသမှ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ပထမအသုတ် စတင်ရောင်းချခဲ့သည်။

"ကျွန်တော်တို့ရပ်ကွက်အတွက် Sim Card ၅၀ ကတ်ရရှိခဲ့လို့ အိမ်ထောင်စု ၃၈၁ စုအား မေ ၁၈ ရက်နံနက် ၉ နာရီက အများပြည်သူများရှေ့မှောက်မှာ ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်ခဲ့ပါတယ်"ဟု မောင်းတိုင်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဌေးငွေ၏ပြောကြားချက်အရ သိရသည်။

ပြည်သူများအနေဖြင့် တစ်ဆင့်ခံစျေးကြီးပေးဝယ်ယူရခြင်းမရှိရန် လစဉ်ပုံမှန်ရောင်းချပေးမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးကြေညာထားပြီးဖြစ်သော်လည်း မဲမပေါက်သူများ၊ ရပ်ကွက်ရုံးတွင် အချိန်ကုန်ခံ တန်းမစီချင်သူများ၊ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများမှ အမြတ်ငွေပေးဝယ်ယူသူများကြောင့် ဒွေကျပ် ၁၅၀၀တန် Sim Card များသည် ၃၀၀၀၀ ကျပ်မှ ၇၀၀၀၀ ကျပ်အထိ စျေးနှုန်းမြင့်တင် အရောင်းအဝယ်ဖြစ်နေကြသည်ကို တွေ့ရသည်။

နိုင်ငံတော်မှ ပြည်သူအားလုံး တန်ဖိုးနည်းမိုဘိုင်းဖုန်း ကိုင်ဆောင်နိုင်ရန် လစဉ်ရောင်းချသွားမည်ဖြစ်ရာ ပြည်သူများက နိုင်ငံတော်၏စေတနာကို တန်ဖိုးထားသောအားဖြင့် ယခုလမရလျှင် နောက်လရမည်ဖြစ်၍ စိတ်ရှည်ရှည်ဖြင့် ဒွေကျပ် ၁၅၀၀ Sim Card များကို မူရင်းစျေးနှုန်းနှင့် ဝယ်ယူခြင်းဖြင့် စျေးနှုန်းမြင့်တင်မှုကို ကာကွယ်နိုင်မည်ဖြစ်ပေသည်။ **(၅၈၀)**

ကလွင်ကျေးရွာ၌ အခမဲ့ကွင်းဆင်း ဆေးကုသ

မြိတ် မေ ၂၁

မြိတ်မြို့ သံသရာအေးဘုန်းတော်ကြီး သင်ပညာရေးကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇာတနှင့် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့ဦးဆောင်သော အထူးကုပါရဂူကြီးများနှင့် အထူးကုဆရာဝန်ကြီးများက မေ ၁၂ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ရှားတောဝကျေးရွာ နဂ်ီးရာဇိတောင်ဘုန်းတော်ကြီး ကျောင်း၌ အခမဲ့ကွင်းဆင်း ဆေးကုသပေးသည်။

အဆိုပါ ကွင်းဆင်းဆေးကုသအဖွဲ့သည် ကျွဲကူးကျေးရွာ၊ ကလွင်ကျေးရွာအုပ်စု ရှားတောဝကျေးရွာအနီးရှိ ကျေးရွာများမှ ကျေးရွာနေ ပြည်သူ ၁၆၂ ဦးအား ခွဲစိတ်အထူးကုဆရာဝန်၊ အထွေထွေရောဂါကု ဆရာဝန်ကြီး၊ မျက်စိအထူးကု ဆရာဝန်ကြီး၊ သွားအထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးဆေးစစ်ပေးပြီး အခမဲ့ဆေးကုသပေးပြီး ဆေးများ အခမဲ့ပေးဝေခဲ့သည်။**(ဝဝပုံ)**

ကလွင်ကျေးရွာအုပ်စု ရှားတောဝကျေးရွာသည် အိမ်ခြေ ၁၀၀ ခန့်ရှိသော ကျေးရွာဖြစ်ပြီး သက်ကြီးဘိုးဘွား ၆၀ ခန့်ရှိသောကြောင့် ယခုကဲ့သို့ အထူးကုဆရာဝန်ကြီးများက ကျေးရွာပြည်သူများအပေါ် ထိထိရောက်ရောက် အခမဲ့ကွင်းဆင်း ဆေးကုသပေးခြင်းသည် ကျေးရွာနေ ပြည်သူများအတွက် များစွာအကျိုးရှိကြောင်းနှင့် ပြည်သူများမှာလည်း ဝမ်းသာပီတိဖြစ်ရကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အ ေ တွ ေ း အ ေ ရ ေ း | **နွယ်နွယ် (ပညာရေး)**

ထမင်းနှစ်နပ်နှင့် အတွေးတစ်ချက်

"ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး" ဟူသကဲ့သို့ မျိုးဆက်သစ် လူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏တာဝန်များကို ပခုံးပြောင်းယူကြမည့်သူများဖြစ်သည်။ ဆိုင်းဆရာကြီး စိန်ဗေဒါပြောကြားသကဲ့သို့ ယနေ့စိန်ဗေဒါသည် မနေ့က စိန်ဗေဒါထက် သာလွန်ရန် အမြဲကြိုးစားရမည်ဟူသောစကားကို လက်ခံကျင့်သုံးရမည်ဖြစ်သည်။ ကိုယ့်ဘဝတက်လမ်း အောင်မြင်အောင်ကြိုးစားရာတွင် ကိုယ်တိုင်ခံယူကျင့်သုံးရမည့်အတွေးအခေါ်၊ အယူအဆသည် အလွန်အရေးကြီးသည်။ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကိုအခြေခံ၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားမှ အောင်မြင်မည်ဖြစ်ကြောင်း သိနားလည်ရန်လိုသည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်လျက်ရှိသည်။ လူငယ်လူရွယ်တိုင်းသည် ပျင်းရိပြီးငွေ့မနေဘဲ အပြိုင်အဆိုင်ကြိုးစားမှသာလျှင် ရှေ့တန်းသို့ ရောက်ရှိမည်ဖြစ်သည်။ အတွေးအခေါ်၊ အယူအဆကောင်းများသည် လူတစ်ဦး၏ ဘဝတက်လမ်းကို အောင်မြင်စေကြောင်း သာဓကဆောင်၍ တင်ပြလိုပါသည်။

တစ်ခါက အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းနှစ်ယောက်သည် စီးပွားရှာရာတွင် အဆင်မပြေသဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်ကြီးထံ သွားရောက်ကြသည်။ ဆရာတော်ကြီးထံ အကြံဉာဏ်တောင်းလျှောက်ထားကြရာ ဆရာတော်ကြီးက စကားများများမိန့်တော်မူဘဲ "ထမင်းနှစ်နပ်အတွက်ပါပဲ"ဟု တစ်ခွန်းတည်း မိန့်တော်မူသည်။

ထို့နောက် သူငယ်ချင်းနှစ်ယောက်လည်း ရွာဦးကျောင်းမှ ထွက်ခွာလာပြီး တစ်ယောက်က မိဘဘိုးဘွားလက်ရင်း တောင်ယာလုပ်ငန်းကို လုပ်ကိုင်ရန် ရွာတွင်ကျန်ရစ်ခဲ့သည်။ ကျန်တစ်ဦးမှာ မြို့သို့တက်၍ လိုအပ်သော အချက်အလက်၊ နည်းပညာများကို လေ့လာဆည်းပူး၍ အရည်အချင်းပြည့်မီသောအခါ ကုမ္ပဏီကြီးတစ်ခုတွင် အကြီးအကဲဖြစ်လာသည်။

နောက်ထပ်နှစ်အနည်းငယ်ကြာသောအခါ သူငယ်ချင်းနှစ်ဦး ပြန်လည်ဆုံတွေ့ရာတွင် ရွာတွင်ကျန်ရစ်ခဲ့သော သူငယ်ချင်းမှာလယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်၍ ခေတ်မီသော စက်ကိရိယာများကို အသုံးချလျက် အောင်မြင်သော လယ်သမားကြီးတစ်ဦးဖြစ်ခဲ့သည်။ ကျန်တစ်ဦးမှာ ကုမ္ပဏီတစ်ခုတွင် အောင်မြင်ကျော်ကြားသော အကြီးအကဲတစ်ဦးဖြစ်ခဲ့သည်။

သူငယ်ချင်းနှစ်ဦးသည် အတူတွေ့ဆုံ၍ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်ကြီးထံ ထပ်မံရောက်ရှိကြပြန်သည်။ ထိုအခါ သူငယ်ချင်းနှစ်ဦးက ဆရာတော်ကြီးကို ထမင်းနှစ်နပ်အတွက် ရုန်းကန်ကြိုးစားခဲ့သော်လည်း သူတို့နှစ်ဦး၏ ဘဝအခြေအနေမတူညီကြသည့်အကြောင်းရင်းကို သိလိုကြောင်း လျှောက်ထားကြသည်။ ဆရာတော်ကြီးမှာ ပထမအကြိမ်ကဲ့သို့ပင် စကားများများ မိန့်တော်မမူဘဲ "အတွေးတစ်ချက်ပါပဲ"ဟု တစ်ခွန်းတည်း မိန့်ကြားခဲ့သည်။

ဤသာဓကကို နှလုံးမူ၍ လူငယ်လူရွယ်တိုင်း အောင်မြင်သောဘဝကို လက်ဝယ်ပိုင်ဆိုင်နိုင်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

အမြန်ဝယ်လိုသည်။
Container အလွတ် ၈၀(၂၀) (၃)လုံး နှင့်
၈၀(၄၀)၊ (၂)လုံး ဝယ်ယူရန် အမြန်အလိုရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၁ ၅၁၂၉၈၂ ၀၁ ၅၃၀၅၃၄၊ ၀၉ ၈၅၈၅၃၀၉

ရွှေလမ်းခရီး - ၄ ကျောက်ဝေါဒီးဇို
*ပုဂံ(စူးယိတောင်ရေလေးဆူ) ညောင်ဦး ဂုဏ် *ရွှေကေလး ပြင်ဦးကျွန်း စစ်ကိုင်း ပုန်ရွာ
*တောင်ကြီး (မွေတော်ကဏ္ဍ) (ထမ်ပစ်ကျွန်ကိုက်ဂ) အင်းလေး ပင်ဆာယာ ကုလား
(ထမင်းအလျှော် ကားပေး ဘတ်ထင်ရှားကားစု/ စတီးကလေး ကည်းနီခန်း ဝါရိုက်ကြိမ်)
* သမ်းလျှိုပ် ရွာကပိုတောင်၊ ကျီကွမ် ဓာတ်ဆီတမ်းခြေ * ချောင်းသာ/ကလွန်/နေပြည်တော်
အရှေ့ကုန်းမင်းဘိုအင်းမင်း/(ကျေးမိတ်ကေသား) 371317,095124578,09401585907

MIC
Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ
Diploma ၊ Bachelor နှင့် MBA
ရယူလိုသူများအတွက်
■ Diploma in Business (HND)
■ Diploma in Media & Marketing (HND)
■ Bachelor of Business
STUDY UK-MBA in Myanmar
MBA
edexcel
Approved Centre No. 93679

အမှတ်(၆၂)(C) အင်းလျားလမ်း၊ကာမာရွတ်၊ရန်ကုန်။ 0973210001 /537562

ဓာတ်ပုံပညာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၄၂)ကို ၃-၆-၂၀၁၃ ရက်တွင် အသင်းတိုက်ခန်းမ၌ ဖွင့်လှစ်မည် ဖြစ်ပါသည်။

အဆိုပါသင်တန်းတွင် နိုင်ငံကျော် ဓာတ်ပုံပညာရှင်ကြီးများမှ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသားများကို ၂၀၁၃ခုနှစ်၊ မေလ ၂၇ ရက် နံနက် ၁၀ နာရီတွင် စတင်လက်ခံပေးမည် ဖြစ်ပါသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများ အနေဖြင့် အသင်းတိုက်တည်ရှိရာ အမှတ်-၂၇/၂၉၊ ၃၅ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

IGCSE
Mathematics
ဆရာမကိုယ်တိုင်သင်ကြားသည်။
ဖုန်း-၀၉-၇၃၁၅၅၁၆၊ ၀၉-၇၃၁၀၉၅၇၀၊ စမ်းချောင်းမြို့နယ်

မိုနဲ့ဒါဖက်ရှင်
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မှစ၍)
  Sport Shirt - 2950 ကျပ်
  Shirt အင်္ကျီ - 2900 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြေးသည်။
- **အမှတ်-၂၉၊ ၁၂၄လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်**
- **Ph:01-292129,09-73216251**
  Website:www.facebook.com/ moneda fashion and foodwears.
  E-mail:kyonedoe@gmail.com

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
1.	Canon Laser Printer (A_4)Model LBP-6000	၂လုံး
2.	Canon Colour Printer (A_3)Model iX-6560	၂လုံး
3.	Digital Multifunction Copier(A_3)Model iR-2520	၂လုံး

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၁၈-၆-၂၀၁၃ ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက် မွန်းတည့် ၁:၀၀နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ စစ်ကိုင်းကျေးရွာအနီးတွင် နစ်မြုပ်လျက်ရှိသော (CB-9) ကုန်တွဲရေယာဉ်တစ်စင်းအား ဆယ်ယူရန်အတွက် ပြင်ပသင်္ဘော ဆယ်ယူရေးအဖွဲ့အား ငှားရမ်းအသုံးပြုလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ၃-၆-၂၀၁၃ ရက်မှ ၁၄-၆-၂၀၁၃ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း၊ အထွေထွေမန်နေဂျာ(သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်း)ဖုန်း-၀၁-၅၄၂၃၃၂ ၊ ၀၁-၅၄၅၂၄၀ တွင် စုံစမ်းမေးမြန်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကို လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၃ ရက် နံနက် ၁:၀၀နာရီအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

အိမ်နှင့်ခြံအမြန်ရောင်းမည်

တောင်ဒဂုံ(၇၀)ရပ်ကွက်၊ မဏိစည်သူလမ်း ပေ(၂၀×၆၀)(၇တိတ်ကွက်)၊ ကျပ်သိန်း ၁၁၅၊ ညှိနှိုင်း၊ ကတ္တရာလမ်းပေါ်
ဖုန်း-၀၉-၃၃၂၂၈၆၄၊ ၀၉-၄၂၀၀၆၃၀၈၂

ကခေလးနာမည်ခေါ်
ကွန်ပျူတာပုရောဟိတ်
09310789394 09517912B

နှစ်(၃၀)ပြည့်ပုလဲရတု မဂ်လာဆုတောင်း

ချစ်သားနှင့်ချစ်သမီးတို့အပေါ် အနှိုင်းမဲ့မေတ္တာနှင့် ချစ်စံနမူနာပြုအပ်သောချစ်ဖေဖေ**ဦးစိုင်းလာ**နှင့်ချစ်မေမေ**ဒေါက်တာကြည်ကြည်ဝင်း**(ပါရမီ-ဆေးခန်း)ကျိုင်းတုံမြို့တို့၏၂၂-၅-၂၀၁၃ရက်တွင်ကျရောက်သော ပုလဲရတု မဂ်လာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်သား၊ ချစ်သမီးနှင့်အတူ ပြီးပြည့်စုံ၍ ဆန္ဒနှင့်ဘဝတစ်ထပ်တည်းကျသော ရွှေရတု၊ စိန်ရတုများ တိုင်အောင် ပျော်ရွှင်စွာ ချစ်မိသားစုနှင့် နှစ်တစ်ရာတိုင်အောင်ချမ်းသာယာစွာဖြင့် အရောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းရင်း----

ချစ်သမီး -နန်းအိမ့်သက်ကြည် (Singapore)
ချစ်သမီး -ဒေါက်တာနန်းနှင်းနုနုကြည်(United Kingdom)
ချစ်သား -စိုင်းဟိန်းသူရဝင်း(United Kingdom)

အနှစ်သုံးဆယ်မြောက် ပုလဲရတုမဂ်လာဆုတောင်းလွှာ

ချစ်ဖေဖေ **ဦးဝင်းမြင့်**[ရေကြောင်းပြမှုးကြီး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]နှင့် ချစ်မေမေ **ဒေါ်ငယ်ငယ်ဝေ**တို့၏ ၂၂-၅-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက် ပုလဲရတုမဂ်လာရက်မြတ်မှသည် နောင်ရတုပေါင်းများစွာတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ချစ်သော သားများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်ခ္ဍနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားကြီး - အောင်ဖြိုးမြင့်
သားလတ်-ဘုန်းဇော်မြင့် (Second Officer)
သားငယ် - ပြည့်စုံမြင့် CADET (OCEAN TANKER)

ပိုင်ရင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ မ/ဒဂုံ(၃၆)ရပ်ကွက်မြတ်မွန်လမ်းပေ(၈၀×၆၀)ဂရန်မြေဖို့၊ ခြံအုတ်တံတိုင်းခတ်၊ အဝီစိတွင်း၊ မီတာ(၂)လုံးပါ။ ဈေး၊ ကျောင်း၊ ဆေးရုံ၊ ကားဂိတ် အနီး(နေရာအလွန်ကောင်းသည်) ဈေးနှုန်း သိန်း(၁၈၀၀)ကျပ်
ဖုန်း-၀၉-၇၃၁၄၂၅၄၆၊ ၀၉-၅၁၀၀၂၄၆၁

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားဖိတ်ကြားခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကို ၁၀-၆-၂၀၁၃ရက်နှင့် ၁၁-၆-၂၀၁၃ရက်များတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ယင်းအခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် နှစ်ပေါင်း(၅၀)အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သုတေသီပညာရှင်ဆရာကြီး၊ ဆရာမကြီးများနှင့် ဝန်ထမ်းဟောင်းများ ပါဝင်ဆင်ခ္ဍနိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

ဝန်ထမ်းဟောင်းများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ/ မရရှိသည်ဖြစ်စေ အခမ်းအနားသို့ အထက်ပါနေ့ရက်များတွင် တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

အထက်ပါရွှေရတုအခမ်းအနားတွင် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်မှကျင်းပပြုလုပ်သော သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများမှ ချီးမြှင့်သောထူးချွန်ဆုတံဆိပ်၊ ဘွဲ့တံဆိပ်ရရှိခဲ့သောဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်မည့်အစီအစဉ် ပါဝင်သောကြောင့် ထူးချွန်ဆု၊ ဘွဲ့တံဆိပ်ရရှိခဲ့သူ ဝန်ထမ်းများသည် ဤဦးစီးဌာန စီမံရေးရာဌာနခွဲ(ဝန်ထမ်းရေးရာဌာနစိတ်)သို့ ၃၀-၅-၂၀၁၃ရက် နောက်ဆုံးထား ဆက်သွယ်သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)သည် ၂၄-၅-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် လမ်းမတော်၊ ညောင်ပင်လေးစေ့း အပေါ်ဆုံးထပ် G.T.P Hall ၌ သင်းလုံးကျွတ်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ/သားများ၊ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)

ရုံးခန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Educasia Education is central

Thabyay Education Foundation

သိမ်ဖြူလမ်း၊ အမှတ်(၁၀၂)၊ ပထမထပ်ရှိ Educasia ရုံးခန်းအား(၃၁ မေလ ၂၀၁၃ရက်)မှစ၍ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းလဲရွှေ့ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေးအပ်ပါသည်။

အမှတ်(၆၆)၊ ၆၈)၊ ပထမထပ်၊ အခန်းအမှတ်(၂)(အေ)၊ စံရိပ်ငြိမ် (၆)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
TEL:095407036
E-mail:educasiaadmin @ thabyay.org

သေချာ်ဘာသာလက်ကို သင်ကြားနေရသော မူကြမ်းနှင့် အလယ်တန်းကျောင်းသားများ၊ ဆရာ/ဆရာမများ

ကျောင်းသားသုံး
သချာ်ဘာသာလက်စွဲ

အလီများ ရုံးသေးညီများ၊ ဒသမသေးများ၊ အတိုင်းအတာများ၊ အခြေခံပေါ်အခေါ်ခြင်း၊ ထူးပြား သေတ္တိ သချာ်ဘာသာဆိုင်ရာ အချက်အလက်များ ... ထုတ်ပြီ

ဆိုင်းဘုတ်နှိုးရေး - ဒေါက်တာ (ဒီ) ဇူ ဒုဂ ဘုန်းကြီး ၊ ရေးသား - ဒေါက်ခင်ပေးဆန်း - ၅၃-၂၇၈၅

OASIS
ဘေးကြားရေးလျှပ် ဝယ်ယူနိုင်ပြီ
Phone-09-73103031

ဆရာမအလိုရှိသည်

နိုင်ငံခြားသားကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာစာ၊ စကားသင်ပေးနိုင်သူ အလိုရှိသည်။
(အတွေ့အကြုံရှိရမည်။)

ရောင်းမည်

လက်ရှိအသုံးပြုနေသော ဗီနိုင်းစက် (၂)လုံး
ဖုန်း-၀၉-၇၃၀၀၈၂၁၁

ဒဂုံမြို့သစ်အရှေ့ပိုင်း/ တောင်ပိုင်း/ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၇၃၂၁၀၂၈၉၊
၀၉-၄၂၀၀၅၀၅၄၀

MCIA Yangon
ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း
Yangon Region Computer Industry Association
အမှတ်(၃)၊ အဆောင်(၁)၊ မြန်မာအင်ဂျင်နီယာဂန်းလိုင်ဘဏ္ဍာသိုလ်ရပ်ကွက်
ဖုန်း - ၀၁ ၂၃၀၅၃၃
Mail - yangonmcia@gmail.com
Website - yangon@mciamyanmar.org

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ICT Industry Survey အား ကောက်ယူရန်စီစဉ်နေပါသည်။ Survey ပြုလုပ်ပေးနိုင်မည့် Company များ အနေဖြင့် အသင်းရုံးသို့ ဆက်သွယ်ပေးကြပါရန်။

MY GUIDE ကျောင်းသားများ၏ သင်ကြားခြင်းနှင့် ကျောင်းပြီးနောက် ... ထုတ်ပြီ

ENGLISH Exercise Book
GRADE 3 4 5
Standard 2,3,4

ဆိုင်းဘုတ်နှိုးရေး - ဒေါက်တာ (ဒီ) ဇူ ဒုဂ ဘုန်းကြီး ၊ ရေးသား - ဒေါက်ခင်ပေးဆန်း - ၅၃-၂၇၈၅

ရောင်းရန်

၁။ KIA.Express ၄၅ယောက်စီး၊ 2000 Model လုံးဝမသုံးရသေး အသင့်သုံးရန်-ENG အသစ် ၇/ယ ရှစ်ထောင်ကျော်

၂။ စူပါစလွန်း 87 Model တစ်လက်ကိုင် အမည်ပေါက်-ဓာတ်ဆီ ၇က- ၂၀၀၀ ကျော် ကားသန့်

၃။ သန်လျင်အောင်ချမ်းသာတိုးချဲ့(၂)၊ အေးသာယာရပ်ကွက်၊ ကုန်းမြင့်တော်ဝင်(၃)လမ်း(အိုင်-၁၉-၂၀) ပေ(၄၀×၆၀) ၂ကွက်တွဲ
ဆက်သွယ်ရန်-ဖုန်း-၅၅၂၆၀၆၊ ၀၉-၇၃၀၅၂၆၇၂၂

ယာဉ်မောင်း(၃)ဦးအမြန်အလိုရှိသည်
(ပြည်တွင်းခ်ိန်သာခန့်ထားရန်)

- ၁၀တန်းအောင်၊ အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း
- လိုင်စင်သက်တမ်း(၄)နှစ်အထက်ရှိရမည်။
- ကိုယ်ရေးမှတ်တမ်းအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ ဓာတ်ပုံ(၂)ပုံဖြင့်အမှတ်(SB/4) အောင်ဇယ္ယအိမ်ရာ၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်(ဆင်မင်းစျေးမှတ်တိုင်)သို့လာရောက် လျှောက်ထားနိုင်သည်။

device Business Management Academy
IN COLLABORATION WITH
SIBME The Name You Can Trust

THE NEW SUPERLEADERSHIP

Methodology:
- Workshop
- Case Studies
- Brainstorming Sessions

Contents Outline
- The Ghosts of Leadership:
  - Past,
  - Present, and
  - Future
- Self-Leadership Strategies; Leading the one in the mirror
- SuperLeadership - It's in the Details
- SuperLeadership in the 21st Century

HONORABLE SPEAKER : Prof. Dr. Aung Tun Thet
(Senior Advisor - UN Resident Coordinator's Office)
MAIN SPEAKER : U Tin Zan Kyaw
(Principal - Device Business Management Academy)

ENROLL NOW!
No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366–33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313 Email : training@devicemyanmar.com

Venue: Device Executive Hall
Date: 25th – 26th May, 2013
Time: 8:00 am – 5:00 pm

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင် အလုပ်စခန်းများမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးထွက်ရှိခဲ့သော စပါး(၉၀၅၆၄) တင်းအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ရောင်းချရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ စပါး(၄၆)ပေါင်ပါ စပါးတစ်တင်းလျှင် ကြမ်းခင်းဈေးအနိမ့်ဆုံး(၃၁၀၀)ကျပ်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်အား ၃၁-၅-၂၀၁၃ရက် ၁၃း၀၀ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင်-၁၀၀၀ဝိ/-နှုန်းဖြင့် ၂၂-၅-၂၀၁၃ ရက်မှ ၃၀-၅-၂၀၁၃ ရက်အထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက စပါးရောင်းချရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၇၅၂၂/၀၁-၂၇၅၁၀၊ အကျဉ်းဦးစီးဌာနဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(မြောက်ပိုင်းခရိုင်) ဖုန်းအမှတ်-၀၁-၆၄၅၈၂၃၊ ၀၁-၆၄၅၈၂၄၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ ဖုန်းအမှတ်-၀၁-၅၇၉၀၀၃/၀၁-၅၃၆၁၂၇/၀၅၆-၂၁၁၄၂/၀၁-၆၄၂၂၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စပါးရောင်းချရေးအဖွဲ့
အကျဉ်းဦးစီးဌာန

ကုသိုလ်ရှင်များသို့

သီလရှင်ဆရာကြီးဒေါက်တာမောဋ္ဌိနီ (Ph.D)ဦးစီးသော ဓမ္မမောဋ္ဌိဝိဟာရသီလရှင်စာသင်တိုက်သည် အောက်ပါရည်ရွယ်ချက်များဖြင့် သာသနာအကျိုးကို ဆောင်ရွက်လျက်ရှိပါသည်။

(၁) မိဘမဲ့ခိုကိုးရာမဲ့နေသော အမျိုးသမီးငယ်များကို ပညာတတ်သူတော်ကောင်းများဖြစ်လာစေရန်၊

(၂) ပညာထူးချွန်သည့်သီလရှင်ဆရာလေးများ ပေါ်ထွန်းစေ၍ ပြည်ပတက္ကသိုလ်များတွင် ဗုဒ္ဓစာပေများကို သင်ကြားပို့ချနိုင်စေရန်၊

(၃) ပြည်ပမှ သီလရှင်ငယ်များကို မြန်မာနိုင်ငံတွင် ဗုဒ္ဓစာပေသင်ယူစေ၍ သာသနာပြန့်ပွားစေရန်၊

အထက်ပါရည်ရွယ်ချက်များ ပြည့်ဝစေရေးအတွက် ဆောက်လုပ်လျက်ရှိသော "ပညာဒီပ" လေးထပ်ကျောင်းတော်ကြီးတွင် ရေ၊ မီး၊ စာကြည့်တိုက်နှင့် ပရိဘောဂများ လိုအပ်လျက်ရှိပြီး စုစုပေါင်းခန့်မှန်းကုန်ကျငွေမှာ သိန်း(၁၅၀၀)ဖြစ်ပါသည်။

နိဗ္ဗာန်မရောက်မီ သံသရာခရီးအတွက် ဒါနကုသိုလ်များယူဆောင်သွားလိုသည့် ကုသိုလ်ရှင်များသည် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီလရှင်ဆရာကြီးဒေါက်တာမောဋ္ဌိနီ(Ph.D.Buddhism,India)
First Women in Engaged Buddhism Award (The Buddhist Council of the Midwest, Chicago,USA 10th March 2006
International Outstanding Buddhist Woman Award (2009)

ဂန္ထဝါစကပဏ္ဍိတ(၂၀၁၂)၊ ဓမ္မမောဋ္ဌိဝိဟာရသီလရှင်ကျောင်းတိုက်၊ မင်းဓမ္မလမ်း၊ တော်ဝင်လမ်းထိပ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၆၆၀၅၃၉၊ ၀၉-၅၀၈၀၁၃၁၊ ၀၉-၄၂၁၀၃၆၃၉၅

ဗုဒ္ဓံ ဓမ္မံ သံဃာ
ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်

ရောဝတီမန်းကျောက်မျက်ရတနာ
(၁၉)နှစ်မြောက်မင်္ဂလာ

ဝယ်ယူအားပေးသူအားလုံးကျန်းမာချမ်းသာကြပါစေ

အမှတ်(၃၃၀က+၃၂၉က)၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်း၊ ကျောက်မျက်ခန်းမနှင့် မျက်နှာချင်းဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်
Ph-01-665032, 09-5149536, 09-450040066, 09-421100211, 09-73151058, Fax-01-665032
Email-ayagems@gmail.com
SINCE-1994

ကျေးဇူးဆပ်ပါမည်

MAZDA ကားသော့ တက္ကစီပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၄၈၀၀၇၀၂၈၊ ၀၉-၅၁၅၅၉၀၊ ၀၉-၇၃၁၄၄၉၄၉**

အမည်ပြောင်းခြင်း

အဖ ဦးကျော်ဇေယျာဝင်း[၁၂/သဃက(နိုင်)၁၄၆၀၀၈]၏ သမီး မမို့မို့အောင်အား မဇင်လှိုင်နှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အများပြည်သူပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(ကျပ် ၁၀၀၀၀ဝိ/-)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒါရိုက်တာဘုတ်အဖွဲ့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၀)၊မြေကွက်အမှတ်-(၅၉၆)၊မြေကွက်တည်နေရာအမှတ်(၅၉၆)၊ဗန္ဓုလလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးမြင့်ဦး)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြင့်ဦး ကွယ်လွန်သဖြင့် ဒေါ်တင်ရီ[၁၂/တမန(နိုင်)၀၄၁၆၈၂]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်(၂၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၂၁)၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မောင်သွင်၊ ဒေါ်ရင်မေအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်လွင်၊ ဒေါ်ရင်မေတို့ကွယ်လွန်သဖြင့် ၎င်းတို့၏သားကြီးဦးဇော်မြင့် သည်လည်းကောင်း၊ တတိယသားဦးသန်းဌေး(လူပျိုကြီး)ဘ၀ဖြင့်လည်းကောင်း ကွယ်လွန်သဖြင့် ဒုတိယသမီးဒေါ်နွဲ့နွဲ့အေး[၁၂/သကတ(နိုင်)၀၈၈၅၂၀]နှင့် စတုတ္ထသားဦးတိုးတိုး[၁၂/သကတ(နိုင်)၁၄၃၃၇၇]တို့က (ဦးသန်းဌေး)ကွယ်လွန်၏သား သမီးများဖြစ်သည့် ဒေါ်မြင့်မြင့်ဦး[၁၂/သကတ(နိုင်)၁၄၃၃၀၆]၊ ဦးမင်းဝေ[၁၂/သကတ(နိုင်)၁၅၆၅၇၉]တို့နှင့် ပူးတွဲ၍ သားသမီးနှင့်မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

KMD LUCKY DRAW အစီအစဉ်
COMPUTER CENTRE

ကဆုန်လပြည့်နေ့ [24-May-2013] အထူးအစီအစဉ်
ကွန်ပျူတာသင်တန်းတက်ရောက်မည့် မိတ်ဟောင်း / မိတ်သစ်များအတွက်
10% 15% 1 သိန်း

• လှည်းတန်းစင်တာ • မြေနီကုန်းစင်တာ • ပန်းဆိုးတန်းစင်တာ • သိမ်ကြီးဈေးစင်တာ • တာမွေစင်တာ
• ကြက်မြေနီအဆောက်အအုံစင်တာ • လှည်းတန်းလမ်း (China Town) စင်တာ

Tel: 381035, 384268, 527436, 524400, 502211, 541328, 546600, 700895, 220555

(ရွှေ၊ ငွေ၊ ကြေး) "ဇောင်းကြွပန်းချီကားချပ်များ" စဉ်းတီထွင်သူ၊ ပထမ "ရွှေတံဆိပ်" ဆုရှင် ကိုသာခု (ခ) ဦးမြင့်ထွေး "အိုးရိုးမြန်မာ" ရိုးရာလက်မှုအနုပညာလုပ်ငန်းအား (၃၀-၄-၂၀၁၃)ရက်နေ့ နေပြည်တော်(MICC)ခန်းမ၌ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရှင်ဆုချီးမြှင့်ခြင်းအခမ်းအနား၌ **နိုင်ငံ့ဂုဏ်ထူးဆောင်လက်မှတ်** အားထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ခြင်း ခံရသည့်အတွက်၊ အလွန်တရာ မှဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

မြန်မာ့လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များနှင့် ဝန်ထမ်းများ
Excel Treasure Hotel , 2nd floor, (Shwe Gone Dine)

ဆရာကြီးဦးမင်းဆွေ(ရူပတံခွန်)ဦးစီးသော

HEADWAY
EDUCATION CENTRE
ကိုယ်ပိုင်အထက်တန်းကျောင်း
ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ
နေ့ထက်ကျောင်းကြီး

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်
မှတ်ပုံတင်အမှတ် - ၁၃/၄၃/၀၂၉

၂၀၁၃ – ၂၀၁၄ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံပြီ။

အမှတ်၅၃(က)၊ ဗိုလ်ဆိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၅၅၈၆ ၊ ၀၉ ၇၃၀၅၂၅၇၅ ၊ ၀၉ ၅၀၂၀၄၃၀ ၊ ၀၉ ၅၀၉၄၄၇၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-ကံ၁၃)၊ မြေကွက်အမှတ်(၂၂)၊ လူနေရပ်ကွက်အမှတ်(၁၄) အကျယ်အဝန်း(၀.၀၈၆ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောင်းလမ်း၊ အိမ်အမှတ်(၃) ပေါ်တွင်တည်ရှိ အိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် မြေအမည်ပေါက်ပိုင်ဆိုင်သူ [illegible] ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ [illegible] ကန့်ကွက်လိုပါက [illegible] (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သို့ရက်ထက် ကျော်လွန်ပါက [illegible] ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးဝင်းဆေ (စဉ်-၆၂၄၃)	ဒေါ်ဝေမည်ရီချိုး	ဒေါ်နိုင်ဝင်းဦး	ဒေါ်ခိုင်ခိုင်ဝန်း
B.A,LL.B,B.C.S,B.J.S	LL.B, D.B.L(စဉ်-၈၁၁၂)	LL.B,D.B.L	LL.B,D.B.L

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၇၀)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ စံရိပ်မြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်
☎ – 510760, 510940, 510950, 500643, 502517, 2304311

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မင်းဓမ္မ(၁)လမ်း၊ မြေကွက်အမှတ်(၃၂၈-က)၊ အကျယ်အဝန်း(၂၀' x ၆၀')၊ မြေကွက်အမှတ်(၃၂၈-ခ)၊ အကျယ်အဝန်း(၂၀' x ၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ကြောင်း [illegible] ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ် [illegible] ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက [illegible] (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သို့ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးဝင်းဆေ (စဉ်-၆၂၄၃)	ဒေါ်ဝေမည်ရီချိုး	ဒေါ်နိုင်ဝင်းဦး	ဒေါ်ခိုင်ခိုင်ဝန်း
B.A,LL.B,B.C.S,B.J.S	LL.B, D.B.L(စဉ်-၈၁၁၂)	LL.B,D.B.L	LL.B,D.B.L

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၂၈၄)၊ မြေညီထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742, 01 - 8603232, 09 5060940, 09 8634090, 09 73033183

ဆရာဝန်ကောင်းမှ တာယည်ခံကောင်းပည်

မူလပတန်း၊ အထက်တန်းအကျင်း

- **ရည်မှန်းချက်** ပေတံမဲ့ပြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ခိုင်မြဲ အတွက် ပေတံမဲ့ညာဏရောသည် အဓိကသင်တန်းသားများကိုယ်တိုင် ပြုစုပြင်ဆင်ကာ ပျံ့ကြဲညီညာ။
- **အခြေခံချက်များ** ကမ္ဘာ့ကျယ်ပြန့်ခြင်းနှင့်ပေး ရည်ကမ်း ကျွန်တော် ပေတံမဲ့ပုံစံကိုနောက်ရောရေ ညာရည် ထူးမြန်ထက်မြက်ရေးတို့ မျှော်လင့်ချက်ထားကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများကြီး တာဝန်ယူ တည်ဆောက်ခန့်ကြပါသည်။
- **ကျောင်းမှန်ခန့်ခန်းတစ် စာသင်** သိပ္ပံကျောင်းများ နိုင်ငံကျော် ကျွန်ုပ်ဆရာကြီးများနှင့် သိပ္ပံဆရာ ဆရာကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားနည်းများကို တိကျမှန်ကန်သော နှာသည်ကျင့်ကြံကြပြီး ကျောင်းသူကျောင်းသားများသည် ကျွန်ုပ်သင်ယူမှုနှင့် မတိုးတက်ပါ။
- **ပညာပည်မှန်ရေ** ကျောင်းတက်ခင်းတွင် နေ့စဉ်ခန်းကောမေ့ကြီးနှင့် အသက် ၁ မှ ၃ အထိ ရှိကြသူများသာ အခေါ်ပညာသင်ကြားမှုဝန်းရေ ဖိတ်ခေါ်ပါသည်။
- **ဝိဇ္ဇာပညာသင်ရေ** နေ့ပတန်းနှင့် ဒေသတန်းတွင် (၂၀၀၈ ခေတာ သင်ကြား)ဘာသာတွဲ သင်ယူ လိုသူများကို အခေါ်ပညာသင်ရေ ဖိတ်ခေါ်ပါသည်။

ရန်ကုန်မြို့ခန့် ကျောင်းကားရှိသည်

ကြားရန်တာ 118 A/B ကျွန်းဆွယ်ပြင်ဝန်း VIP-1 ရပ်ကွက်ဝင်ဝတွင်း Ph : 01-577605

ယူဆောရမ်ကြီးဦး မှတ်ပုံတင်နံပါတ် ၀၁၀-၁၃/ဘတ(နိုင်)

စာရိုးကျ ဗဟုသုတပြည့် ပညာတွင် ဖ

ဂုဏ်ထူးဦးဆောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန်ဦးတွန်းနွယ်

ဦးစီးညွှန်ကြားရေးမှူး

ပညာနန်းဝတော်

အ.ထ.တ

ကိုယ်ပိုင်အထက်တန်းကျောင်း "အရှေ့အဆင့်မြင့်ဘော်ဒါ"

အရှေ့ဘဝဆင့်မြင့်ပဒေသာ ဝေး၊ ဒုတန်း ၁၀တန်း
ကမ္ဘာ့ပတ်ဝန်းကျင်ရေးမြင့်တွားဆန်းမြင်း ကတိပမ်းတောက်
၂၀၁၃ - ၀၅ ပညာသစ်နှစ်အတွက် ကြိုတင်စာရင်းသွင်းနေပါပြီဖြစ်ပါသည်။

ဆေးတောရကောင်းမှ ပညာရေးတောင်းပည်

မူလပတန်း၊ အထက်တန်းအကျင်း

- ကျွန်ုပ်ဝေဘာကိုယ်ခန္ဓာမှတ်ကြီးသော ကျောင်းသားမြင်ပြီ အကောင်းဆုံးပညာရေးကို နိုင်ငံတော်၏ ဆရာ ဆရာကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

အတန်း	ကျောင်းချိန်	ကျောင်းသား	တစ်ချက်
မူလတန်း	ညနေ ၃၂၀၀ မှ ၅၂၀၀ ရောက်	၃၅၀၀၀	၂၀၀၀
၅ တန်း	ညနေ ၃၂၀၀ မှ ၅၂၀၀ ရောက်	၃၅၀၀၀	"
၆ တန်း	"	၃၅၀၀၀	"
၇ တန်း	"	၃၅၀၀၀	"
၈ တန်း	"	၄၀၀၀၀	"
၉ တန်း	နံနက် ၆၂၀၀ မှ ၁၀၂၀ ရောက်	၄၅၀၀၀	"
၁၀ တန်း	"	၄၅၀၀၀	"

- ယခုနေ့ ကန်သင်္ဘောဆိပ်ကမ်းကြီး ကြိုတင်ဆင်နှံမှု စပ်ဖူးပါပြီ (ကျောင်းပြောင်း၊ ပေါက်မှတ်ကို ရောက်ပေးပေးပါ)
- အထောက်အကူ ဘုံ၃ ဆရာ ဆရာများ အတိုးပြုသည်။

ဖွန် ၆ ရက် ဖွင့်မည်

A-2, A-3 (တက်ဝန်း)၊ သံသုဝေဝန်း ဘဝတွင်း ရန်ကုန်။ Ph : 09 730 36827

Life Energy Device

ကိုယ်ခန္ဓာအတွက် လိုအပ်သော Energy များကို Battery Charging သွင်းသကဲ့သို့ ပြန်လည်ဖြည့်တင်းပေးနိုင်သော Life Energy စက်များကို လက်လီ/လက်ကား ရောင်းချပြီး အကျိုး အထေထ၊ အရွတ်များ သွေးကို ဆီးရိုး ဦးနှောက်နှင့်အာရုံကြော၊ ဝေးခြောက်/ခေါင်းသွေးတွင်းအထိမ်းများမှ အသည်းရောဂါ၊ ဆေးရောဂါ၊ အရေပြားရောဂါ၊ စသည့်ရောဂါများကို ဆေးကုသပြီးသက်သာပျောက်ကင်းစေနိုင်ပါသည်။

Address - အမှတ်(၂၀၉)ပြည်ပန်း ကြေးကုန်း ဝင်ပေါက်ပြည်ပန်း (ရန်ကုန်၊ ပဲခူးနှင့်မော်လမြင်ကြီးတို့)

Ph. 01-526989, 09-5109247

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ ပေါက်ဖြူနယ်၊ ရွှေ့တိုင်လမ်း (အနောက်)၊ အမှတ်-၁၈၂ ရှိ KING METAL TRADING COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာရင်းစာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၉၃၇/ ၂၀၀၃) ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

K-MARK®

JAPAN DESIGN

2 WAY COMBINATION LADDER

K - MARK စာသားကို အနီရောင်နှင့် အပြာရောင်တွဲမက်အသုံးပြုကာ ရေးသားထားပြီး အနီရောင်လိုင်းပေါ် တွင် 2-WAY COMBINATION ဟုလည်းကောင်း အပြာရောင်လိုင်းပေါ် တွင် LADDER ဟုလည်းကောင်း ရေးသားထားလျှက် အထက်ပါကုန်အမှတ်တံဆိပ်ကို အရည်အသွေးမြင့် အလှမိန်းယ်ဖြင့် ပြုလုပ်ထားသည့်အလှမိန်းယ်လှေကား၊ မျိုးစုံတို့တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ဖိုက်နှိပ်၍ ကိုယ်တိုင်တီထွင်ထုတ်လုပ်ကာ မြန်မာနိုင်ငံတစ်လွန်းလုံးသို့ ထုတ်လုပ်ဖြန့်ဝေခြင်းချလျက်ရှိပါသည်။

ယခုအခါ K - MARK 2-WAY COMBINATION LADDER အမှတ်တံဆိပ် အလှမိန်းယ်လှေကားကို လူကြိုက်များမှုကောင်းသောင်းကျန်းကြားမှုအပေါ် အခြေခံအရေးယူ၍ မသမာသူစီးပွားရှာသူတချို့က အထက်ပါကုန်အမှတ်တံဆိပ်ကို တစ်ပုံစံတည်းပြုလုပ်ခြင်း၊ တစ်စိတ်တစ်ပိုင်းအသုံးပြုခြင်း၊ အရောင်ဆင်တူပြုလုပ်ခြင်းတို့ဖြင့် တုပသုံးနေခဲ့ကာ အလှမိန်းယ်လှေကားများ ပြန်ပြုပြုပြင်ရောင်းချနေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်များကို တိုက်ခိုက်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပခြင်း၊ ထုတ်လုပ်ခြင်း၊ မှားယွင်းသွင်းခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေအရ ထိထရက်ရှာဘေးရေးယူ သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

KING METAL TRADING COMPANY LIMITED ၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းနိုင် (မုံရွာ)
တရားလွှတ်တော်ရှေ့နေ (၅၂၀၉)

ဒေါ် တင်တင်လှ (၂၃၈၆၂)
ဒေါ် သင်းသင်းညို (၂၆၅၆၅)
အထက်တန်းရှေ့နေများ

အမှတ်-၅၀၊ ပထမထပ်၊ အခန်း (A-15)၊ ဘတ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပိုလ်သင်တန်းအပတ်စဉ်(၂၉)ကျောင်းဆင်းအရာရှိများနှင့်မိသားစုများသို့

ရွှေတိဝုံစေတီတော်အနောက်မြောက်ထောင့် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်တို့ကိုဆက်သွယ်မည့် ပေါင်းကူးလျှောက်လမ်းတံတားသစ်အတွက် အလျားရှင်များပါဝင်လျှပ်ဒါန်းနိုင်ကြောင်း သိရှိရပါ၍ ပိုလ်သင်တန်းအပတ်စဉ်(၂၉)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများအမည်ဖြင့် ပေ(၁၀×၂၅) အခန်းတစ်ခန်းလျှင် ကျပ်သိန်းရှစ်ဆယ်နှုန်းဖြင့် အခန်းနှစ်ခန်းကျပ်သိန်း(၁၆၀) ပါဝင်လျှပ်ဒါန်းနိုင်ရန် စီစဉ်လျက်ရှိပါသည်။

ပိုလ်သင်တန်းအပတ်စဉ်(၂၉)မိသားစုများ တစ်သက်တာအမှတ်တရ ကောင်းမှုကုသိုလ် (Landmark)အဖြစ် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လျှပ်ဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဦးအောင်သိန်း(၀၉-၄၃၀၈၆၀၀၁)၊ ဦးစောဌေ(၀၉-၅၀၈၅၉၂၂)၊ ဦးမောင်မောင်(၀၉-၅၀၀၆၅၆၁)၊ သူရအောင်ကြည်(၀၉-၃၃၀၉၁၄၄)၊ သူရဆွေဝင်း(၀၁-၅၀၀၂၃)၊ ဦးမြင့်မော(၀၁-၅၅၆၁၉၈)၊ ၀၉-၄၁၉၁၉၂၁)

မြေကွက်များ၀ယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ၀ယ်လိုသည်။

ဖုန်း- ၀၉-၄၂၀၁၀၃၀၂
၀၉-၄၄၈၀၂၅၃၄၂
၀၉-၃၃၂၃၄၆၅
၀၉-၃၃၂၂၉၉၆

အကျိုးတူ လုပ်ငန်းလုပ်ကိုင်ရန် ဖိတ်ခေါ်ခြင်း

မိမိတို့ ကုမ္ဗဏီရှိ (7)Ton ကားသစ် (၁၀)စီးအား မြို့တွင်း နယ်ဝေးကုန်ပစ္စည်းတင်ဆောင်ရန် အကျိုးတူလုပ်ကိုင် လိုသူများ အရင်းအနှီးရှိရန်မလိုပါ။ လိုင်စင်အနှီနှင့် ယာဉ်မောင်း ကျွမ်းကျင်ရန်သာ လိုအပ်ပါသည်။

ဆက်သွယ်ရန် - 19/20, Aung San Stadium (West Wing)
Mingalar Taung Nyunt Township,
Yangon,Myanmar.
Tel : 01-384623, 394820, 09 730 73014

အမည်ပြောင်း

ပေါင်ဖြို့နေ ဦးအောင်ထွန်းသိန်း၏ သမီး မဖူးပြည့်ပြည့်အောင်[၁၀/ပမန (နိုင်)၂၁၃၆၇၃]အား မဖူးပြည့်ပြည့်ယင်ဟု ပြောင်းလဲခေါ်ပါရန်။

ပုဂ္ဂလိကကျောင်းဆရာလက်မှတ် ရရှိထားသော ဆရာမျိုး

(ပန်းတိုင်)မှလုပ်ငန်းခွင်သုံးကွန်ပျူတာနှင့် Android ဖုန်းပညာရပ်များကို ပုဂ္ဂလိကကျောင်း၊ စက်ရုံ၊ ကုမ္ပဏီ၊ အိမ်အရောက် အသက်မွေး ဝမ်းကြောင်းပြုနိုင်သည်အထိ သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၁၀၂၂၆၁၆ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်၊ ရူပ၊ သချာကို ဂုဏ်ထူးမှတ်ကျော်သည်အထိ သင်ကြားပေးသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလဖြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ မြေကွက်အမှတ်(၄၈၀/က)၊ မြေကွက်တည်နေရာအမှတ်(၄၈၀/က)၊ ခွာညိုလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလဖြို့နယ်(ဒေါ်သန်းသန်း) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းသန်း(CK-၀၁၇၆၉၆)ထံမှ အရောင်းအယ်ဈေးအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ၁။ဦးအုံးမောင် [၁၂/ဒလန(နိုင်)၀၂၈၅၅]၊ ၂။ဒေါ်မြင့် မြင့်ညို[၁၂/ဒလန(နိုင်)၀၂၄၈၇]တို့က ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်စာ၊ ဝန်ခံချက်တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(၀ရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

(ပိုင်ရှင်ကိုယ်တိုင်)
odyssey (2001)
ပုလဲအဖြူရောင်
AC/ ၃တန်းပါ
၇ ယောက်စီး၊ ၂၃၅သိန်း(ညှိနှိုင်းစေး)
Ph: 095074913
0949296467

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပဖြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၃၅)၊ မြေကွက်တည်နေရာအမှတ်(၃၅)၊ နေမျိုးကျော်သူလမ်း၊ (၁၄)ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ ဖြို့နယ် (ဦးထွန်းရွှေ) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးထွန်းရွှေထံမှ အရပ်ကတိစာချုပ်ဖြင့်ရရှိသူ ဦးအောင်ကိုထွန်း [၁၂/ဥကမ(နိုင်)၁၅၃ဝ၂]က မြေချပါမစ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဝရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆိုင် (၁)
တံတားတိုလမ်း
538736, 527850

ဆိုင် (၂)
Ocean (North Point)

ဆိုင် (၃)
Junction - 8

ဆိုင် (၄)
Junction - Square

ဆိုင် (၅)
Junction - Maw Tin

ရွှေပလွင်
TEA. COFFEE. NOODLES.

"နံရိုးပေါင်းကော်ရည်"

အရမ်းကောင်းဆိုပဲ!

စတွေ့ ကြ ရ အောင် "ရွှေပလွင်" မှာ . . .

Sweet Angel Nail Art & Beauty Training School

လက်သည်နှင့် အလှအပဆိုင်ရာ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများ

ဘာသာရပ်	သင်တန်းကြေး	သင်တန်းကာလ
[illegible]	150'000	2 months
[illegible]	150'000	2 months
[illegible]	150'000	1 month
[illegible]	150'000	2 months
[illegible]	150'000	2 months

(ပြည်ပကွင်းပြည်ပ) ရန်ကုန်တစ်ဝန်းရှိ ကျောင်းသားများတွေ့ ယခင်သင်ကြားခဲ့ရာ ရပ်ကွက်ပြီး သင်တန်းများကို တစ်ခြားမှာ (250,000)ကျော်ပြီး ပို့ကုန်သင်ကြားပေးနေပါပြီ
(လူကြီးမရောက်နိုင်သော်လည်း ကြိုတင်စာရင်းပေးသွင်းပါ)

အမှတ်(၉၁)အခန်း(၃)ဝေဒနာကုဆေးလမ်းတန်း(119 လက်ဆောင်)ရပ်ကွက်၊ ရန်ကုန်။

Ph : 01-538510,09-49261839,09-5107347

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနေ
ဗိုလ်မှူးကျော်လင်းခိုင်(ငြိမ်း)ညွှန်ကြားရေးမှူး-(ငြိမ်း)၊ (ဆောက်လုပ်ရေးဝန်ကြီးဌာန)-
ဒေါ်ခင်အေးမော်တို့၏သားကြီး

မောင်လင်းသူရိန်

(Diploma in Logistics & Operations Management,Temasek Polytechnic,S'pore)
(Director-Asia Myanmar Land Travels & Tour Co.,Ltd)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ အမှတ်(၂)၊ ညီနောင်ကွက်သစ်ရပ်နေ
ဦးထွန်းဇော်-ဒေါ်အမာစိန်(ရွှေနဂါး-ချည်ချောလုံချည်ရောင်းဝယ်ရေးနှင့်
ကုန်စည်ပို့ဆောင်ရေး)တို့၏သမီး

မမေနှင်းရတနာထွန်းဇော်

(Diploma in Hospitality & Tourism Management,MDIS,S'pore)
(Director-Asia Myanmar Land Travels & Tour Co.,Ltd)

တို့သည် ၁၂-၅-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လင်းသူရိန်-မမေနှင်းရတနာထွန်းဇော်



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၃၇၃/က၊ မြေကွက်တည်နေရာအမှတ်-၁၃၇၃/က၊ ၃၈လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးချိန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးချိန်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်မြဝင်းမှ ဝယ်ယူခဲ့ပြီး ဒေါ်မြဝင်း၏ သားသမီးများဖြစ်သော ဒေါ်မြမြမူ+၄ အား တရားလိုပြု၍ တရားပြိုင် ဦးခင်မောင်အေး၊ မစန်းစန်းဝင်း တို့မှ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၆၈၂/၀၇ ဖြင့် တရားစွဲဆိုပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမအယူခံမှုအမှတ်-၅၆/၁၁၊ တရားမ ဒုတိယအယူခံမှုအမှတ်-၁၄၆/၁၁၊ ဇာရီမှုအမှတ်-၆၀/၁၁ တို့ဖြင့် ဒေါ်မြမြမူ+၄ မှ တရားနိုင်ခဲ့ပါသည်။ ယခုအခါ တရားနိုင် ဒေါ်မြမြမူ+၄ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဝေါင်လောရှင်(ခ)ဦးလှသိန်း[၁၂/လမတ(နိုင်)၀၃၁၅၀၆]၊ ဒေါ်ခင်ခင်ရီ(ခ)ကိုးကျင်ဟွန်း[၁၂/ရကန(နိုင်) ၀၆၄၆၄၁]တို့မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေဆက်ခံခွင့်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

မိတ္ထီလာခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆
(ကွယ်လွန်သူဦးခင်မောင်ထိ၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း)

လျှောက်ထားသူ	ဒေါ်အုံးကြိုင်[၉/မထလ(နိုင်)၀၁၂၅၃၅]
	စက်ရုံလမ်း၊ နယ်မြေ(၂)
	ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂)၊ စက်ရုံလမ်းနေ ဒေါ်အုံးကြိုင်က ကွယ်လွန်သူ ဦးခင်မောင်ထိ၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်လိပ်စာနေ ကွယ်လွန်သူ ဦးခင်မောင်ထိ ကမ္ဘောဇဘဏ်(မိတ္ထီလာဘဏ်ခွဲ)တွင် ငွေစာရင်းအမှတ်(၀၂၃၁၂၁၀၀၂၀၀၃၀)ဖြင့် စုဆောင်းခဲ့သော ငွေကျပ်(၈၆၃၅၇၀၀ဝိ/၉၂ပြား)ကျန်ရှိရစ်သော ကြွေးမြီများကို ထုတ်ယူရန်အတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိရှိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ထိမှာ ကျန်ရှိရစ်သောပစ္စည်းများအပေါ်တွင် ရရန်ရှိသူတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ်၊ မေလ ၂၃ရက် (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အုံးကြိုင်၏ လျှောက်ထားချက်ကြားနာ၍ လက်မှတ်စာရသင့် မရသင့် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ်၊ မေလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်တော်)
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာမြို့

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဂုဏပူဇာဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်တွင် ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၃)လမ်းရှိ ရွှေနံ့သာပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အရှင်ဉာဏောဘာသအား တပည့် ဒါယကာ၊ ဒါယိကာမများက မေလ ၂၆ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဂုဏဝိသိဋ္ဌပူဇာပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အမည်မှန်

ရှမ်းပြည်နယ်၊ လားရှိုးတက္ကသိုလ်၊ စီးပွားရေးနောက်ဆုံးနှစ်ကျောင်းသူ မစန်းနွယ်မိုး[၁၃/ကမန(နိုင်)၁၂၉၁၅၈]ကိုင်ဆောင်သူ၏ မိဘအမည်မှန်မှာ ဦးနေဝင်း-ဒေါ်အေးအေးဆင့် ဖြစ်ပါသည်။ **မစန်းနွယ်မိုး**

ပျောက်ဆုံး

ကျွန်တော် မောင်နေလင်းသက်နိုင် ကိုင်ဆောင်သော Passport No.M-402449 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၀၃၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထုပါရုံ၊ မြေကွက်အမှတ်-၁၅၁၃/ခ၊ မြေကွက်တည်နေရာအမှတ်-၁၅၁၃/ခ၊ ထုပါရုံ(၁၆)လမ်းရှေ့၊ (၁)ထုပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြသောင်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြသောင်း(ဖခင်) နှင့် ဒေါ်ရွှေလှိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးသန်းလွင်[၁၂/ သကတ(နိုင်)၀၉၄၉၃၁]၊ ၂။ ဦးအေးသန်း[၁၂/ သကတ(နိုင်)၀၅၀၉၉၇]၊ ၃။ ဦးမျိုးသန်း[၁၂/ သကတ(နိုင်)၀၉၂၉၈၀]၊ ၄။ ဒေါ်ခင်သစ်[၁၂/ သကတ(နိုင်)၀၄၀၇၇၀]၊ ၅။ ဒေါ်ခင်ချစ်[၁၂/ သကတ(နိုင်)၀၄၆၇၆၅]၊ ၆။ ဒေါ်ခင်အေးသွင်[၁၂/သကတ(နိုင်)၀၉၉၃၁၈]၊ ၇။ ဦးမျိုးမင်း [၁၂/သကတ(နိုင်)၁၃၇၆၁၃]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေတိဂုံစေတီတော် အကြိမ်(၃၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် မဟာဗောဓိကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကြီးကို (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်နေ့) ၂၄-၅-၂၀၁၃ရက် (သောကြာနေ့)နံနက် ၇နာရီမှစတင်၍ စေတီတော်ရင်ပြင် အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြင့် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည် ဖြစ်ပါသည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော် ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်လည်း ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ကုသိုလ်ယူကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ပါ၍ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့.

မင်္ဂလာဆုတောင်းလွှာ

ပါးပါး **ဦးအုန်းခိုင်**(မြန်မာ့သစ်လုပ်ငန်း)-မေမေ **ဒေါ်စုစုမေ**(အထက်တန်းပြ-ငြိမ်း) တို့၏ ၂၂-၅-၂၀၁၃ ရက်တွင် ကျရောက်သော "၂၇နှစ်မြောက်မင်္ဂလာရက်မြတ်"မှသည် ရွှေရတု၊ စိန်ရတု မင်္ဂလာရက်များတိုင် ကျန်းမာ၊ ချမ်းသာစွာ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ချမ်းမြေ့စွာဖြင့် ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်ပါ။

သားကြီး - Dr.ခိုင်ခန့်လင်း(လန်ဒန်-UK)
သမီး - Dr.စန္ဒီလင်း(လန်ဒန်-UK)
သားငယ် - Dr.ညီသန့်ထွန်း(အလုပ်သင်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-ခ/၉၃၊ မြေကွက်တည်နေရာ-၂၇၉၊ စကားဝါ(၃)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးမောင်သိန်း) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမောင်သိန်းနှင့်ဇနီး ဒေါ်စိန်မြ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်နွဲ့ရီမှ ပိုင်ဆိုင်ကြောင်းစာချုပ်-၂၂၀၅/၂၀၁၂/(၂၅-၅-၂၀၁၂)ဖြင့်ပိုင်ခဲ့ပြီး ၎င်းမှအရောင်းအဝယ်စာချုပ်အမှတ်-၆၄၈၆/၂၀၁၂/(၂၀-၁၁-၂၀၁၂)ဖြင့်ဦးအဘူအော်ဖာ(အေအိုင်-၁၃၇၅၈၈)ရောင်းခဲ့ပြီး ယခုအခါ ဦးအဘူအော်ဖာမှ ယင်းစာချုပ်များတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၃၁/ခ၊ မြေကွက်တည်နေရာ စန္ဒာမြိုင်ရပ်ရှင်ရုံ၊ ရန်ကုန်-အင်းစိန်လမ်း၊ ၉ ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ကော်ပိုရေးရှင်း၊ စန္ဒာမြိုင်ရုပ်ရှင်ရုံ) အမည်ပေါက် မြေပိုင်မြေ(လ/န ၃၉ရပြီး)မြေအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ ဝယ်ယူထားသူ ဦးကျော်ဝင်း ကွယ်လွန်သဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၂၆၃/၂၀၁၁ (၆-၉-၂၀၁၂)အရ အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအသေးအဖွဲ့မှုအမှတ် -၅၄/၂၀၁၃(၁-၄-၂၀၁၃)ဖြင့် စီမံခန့်ခွဲခွင့်အမိန့်၊ ဦးကျော်ဝင်း၏သေစာရင်းတို့တင်ပြ၍ ဒေါ်လတ်လတ်[၁၂/ဗဟန(နိုင်)၀၀၆၃၀၃]က ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ မြေကွက်အမှတ်-၆/န(၂၂)၊ မြေကွက်တည်နေရာအမှတ်(၁)၊ ပန်းခြံကျောင်းလမ်းနှင့် ပဏ္ဍိတာရာမကျောင်းလမ်းထောင့်၊ သီရိမြိုင်ရပ်၊ ၁၃ ရပ်ကွက်(မအေးအေးသောင်း၊ မလှဲလှဲသောင်း) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်များထံမှ အပိုင်ပေးစာချုပ်အမှတ်-၁၀၉/၁၄-၁-၁၃ဖြင့်ရသူ ဒေါ်ခင်မာကြူ[၁၂/လမန(နိုင်)၀၂၃၄၃၆]၊ ဦးမင်းဇော်[၁၂/လမန(နိုင်)၀၂၃၄၃၅]၊ ဒေါ်အေးအေးမာ[၁၂/လမန(နိုင်)၀၂၃၄၃၇]တို့က အပိုင်ပေးစာချုပ်အမှတ်-၁၀၉/၁၄-၁-၁၃ မြေအမည်ပေါက်စာချုပ်-၃၉၂၁ (၃-၁၂-၉၈)စာချုပ်မိတ္တူမှန်တို့ကို တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများပြည်သူသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၉၆)နေ ဒေါ်နွဲ့နွဲ့ဝင်း၏ကိုယ်စား အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြို့မတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-ဒီ)၊ ပထမတန်းစားမြေအမျိုးအစား မခွဲမစိတ်ရသေးသည့် (အလျား ပေ၆၀×အနံ ပေ၅၀)၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၇၂/၁၇၄)ရှိမြေကွက်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နွဲ့နွဲ့ဝင်းမှ ၁၉၈၄ခုနှစ်၊ မတ်လ ၁ ရက်နေ့စွဲပါ အရောင်းအဝယ်စာချုပ်အရ ပါရစီမီးဘုရားကျောင်းနှင့် သုသာန်မြေဂေါပကအဖွဲ့ဥက္ကဋ္ဌ-အက်ဖ်ကေကျိဂျီဘွိုင်ထံမှ ဝယ်ယူပိုင်ဆိုင်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်နွဲ့နွဲ့ဝင်း သဘောတူညီချက်မရရှိဘဲ အဆိုပါမြေကွက်ပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုံးမောင်
တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်(စဉ်-၈၃၀)
အမှတ်(၃)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၉က/၃၅၄၇၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာသန်း[၁၄/ပသရ(နိုင်)၀၀၁၅၄၀]က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

သိရှိစေရန်ကြေညာခြင်း

ကျွန်တော်များ ထိုက်စင်ကုမ္ပဏီလီမိတက်တွင် တွဲကားမောင်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးကျော်မင်းသူ[၁၂/လကန(နိုင်)၂၀၆၁၆၀]သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စံပါယ်နံ့သာအကျော်တွင် ကုမ္ပဏီပိုင်ကားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားကာ တာဝန်ယူမှု တစ်စုံတစ်ရာမရှိပါဘဲ ထွက်ပြေးတိမ်းရှောင်သွားပါသည်။ ထို့ကြောင့် ကြေညာသည်မှ နောက်(၂)ပတ်အတွင်း နောက်ဆုံးထား၍ ကုမ္ပဏီသို့ လာရောက်တာဝန်ယူဖြေရှင်းပေးပါရန်နှင့် လာရောက်ရန် ပျက်ကွက်ခဲ့ပါက တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါသည်။

ဦးစိုးဝင်း[၁၂/ဘတထ(နိုင်)၀၃၄၄၂၉]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ သစ္စာလမ်း၊ အမှတ်-၃၃၉(၃၉)A ရပ်ကွက်နေ ဒေါ်ခင်လှ၏သား မောင်အောင်ဆန်းဦး(ခ)ဟူစိန်[၁၂/တမန(နိုင်)၁၀၁၂၉၈]သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲခွင့်မလွှတ်နိုင်မှုများကို ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်လှ[၁၂/တမန(နိုင်)၀၆၈၂၂၂]

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ် မေလ ၂၄ရက် (သောကြာနေ့) "ကဆုန်လပြည့်နေ့"သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့ရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အငြိမ်းစားကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ အာစရိယပူဇော်ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီးဆရာများအား အငြိမ်းစားကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် မေလ ၂၆ ရက်(တနင်္ဂနွေနေ့) ၉ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်လယ်ယာဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက် ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်-

ဦးတိုးအောင်မြင့်	ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇-၄၀၈၀၀၂
ဦးတင်ရွှေ	အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၇၃၂၀၆၃၀၇
ဒေါ်ခင်အေး	ဒု-အထွေထွေမန်နေဂျာ	ဖုန်း-၀၁-၅၁၃၂၆၉
ဦးသန်းအောင်ကျော်	ညွှန်ကြားရေးမှူး	ဖုန်း-၀၁-၂၅၁၁၉၇
ဦးအောင်ကျော်မိုး	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၂၅၀၁၂
ဦးဇော်မင်း	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၁၃၆၇၉
ဦးမြင့်ချို	အင်ဂျင်နီယာချုပ်	ဖုန်း-၀၉-၈၆၂၇၄၄၃
ဦးကျော်ငွေ	တိုင်းဒေသကြီးအင်ဂျင်နီယာ	ဖုန်း-၀၉-၅၀၁၄၅၅၃
ဦးလှမြင့်	တိုင်းဒေသကြီးမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၁-၅၃၅၅၆၂

ဆရာကန်တော့ပွဲ
ကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီ
အသက်(၈၀)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
နာယက၊ ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)

ဒေါ်ရီရီသည် ၁၈-၅-၂၀၁၃(စနေနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)

ဒေါ်အေးခွေ(ခ)ပီဖ

အသက်(၇၀)
(လားရှိုး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လပ်လမ်း၊ အမှတ်(၁၉)နေ ဦးကန်ခမ်း၏ ဇနီး၊ မန္တလေးမြို့နေ (ဦးမြင့်အောင်)-ဒေါ်ရွှေကြည်၊ ရန်ကုန်မြို့နေ ဦးစိုင်းဆွေမြင့်-ဒေါ်သန္တာဝင်း၊ (ဦးမြင့်အောင်)-ဒေါ်နန်းကေသွယ်၊ ဦးစိုင်းမျိုးမြင့်-ဒေါ်အေးအေးအောင်အောင်မျိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ ရက်တွင်အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဥမ္မာခင် @ VICTORIA
အသက်(၄၉)နှစ်
B.Econ (Stats)
(နမ္မတူ)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ TOSTA အိမ်ရာ၊ တိုက်(၄)၊ အခန်း(၁၀၁)နေ (ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးတင်လှိုင်-(ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော် (CEO ဝါဝါဝင်း ဆောက်လုပ်ရေး)၏ ချစ်လှစွာသောဇနီး၊ မရတနာဇော် (SEC 3 A ILBC)၊ မသီရိဇော် (PRIMARY 4 G ILBC)တို့၏ ချစ်လှစွာသော မိခင်၊ ဒေါ်ခင်မာကြည် (ပညာရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာမျိုးသန့်-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်ဝင်း-ဒေါ်လှမျိုးနွယ်၊ ဦးသိန်းဇော်-ဒေါ်သီတာဖြူ၊ ဦးမောင်မောင်မြင့်-ဒေါ် ထားစန္ဒာတို့၏ ညီမ ဒေါ်ဥမ္မာခင်သည် ၁၈-၅-၂၀၁၃(စနေနေ့) ည ၈း၃၀ နာရီတွင် ထိုင်းနိုင်ငံ ကျောက်ဖရားဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သွေးသည်အသက်

ဦးဝင်းစိန်(၈၃)နှစ်

ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)
ME.PE (မွန်ပြည်နယ်)

ရန်ကုန်မြို့၊ ခြံအမှတ်(၁၀၉)၊ ရေကူး ရွာမလမ်း၊ ကမ္ဘာအေး(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးချစ်ဆွေ-ဒေါ်ကျင်သိုက်)တို့၏ သားကြီး၊ (ဦးဖိုးဟို-ဒေါ်ဖွားတင်)တို့၏ သားသမက်၊ ဒေါ်ရှုကြည်၏ခင်ပွန်း၊ (ဦးဝမ်ကြည်)-ဒေါ်စိန်လှိုင်၊ (ဦးသန်းမြင့်-ဒေါ်စိုးကြည်)၊ ဦးညွန့်မောင်-ဒေါ်စန်းကြည်၊ဦးဝင်းဆွေ-ဒေါ်မိမိတင်တို့၏ အစ်ကိုသည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်း(ခ)ဒေါ်ကျင်ထွေး

(ပုသိမ်မြို့)
အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ (ဦးဖေသက်-ဒေါ်လှကြိုင်)တို့၏သမီးငယ်၊ ပုသိမ်မြို့နေ (ဦးအောင်သန်း)-ဒေါ်ခင်ညွန့်တို့၏သမီးချွေးမ၊ အမှတ်(၁၂၁၆) တောင်ရာမည (၄)လမ်း၊ ပုသိမ်မြို့နေ ဦးဝင်းသိန်း၏ ဇနီး၊ မသင်းမြတ်မွန်၏မိခင် ဦးဝင်းမြင့်-မငွေငွေလှိုင်(ဩစတြေးလျ)၊ ဦးလှမြင့်-ဒေါ်ငွေငွေ၊ ဒေါ်အေးအေးလွင်-ဦးရစ်ချက်သက်နိုင်၊ (ဩစတြေးလျ)တို့၏ ညီမသည် ၁၈-၅-၂၀၁၃ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းထွန်း (၅၁)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မောရဝတီလမ်း၊ B-၆၀/၂၆နေ (ဦးသန်းရွှေ)-ဒေါ်ကြည်တို့၏ သား၊ ဦးချမ်းသိန်း-ဒေါ်မြင့်မြင့်သန်း တို့၏ သားသမက်၊ ဒေါ်မြမြဦး၊ ဦးလှဦး-ဒေါ်မြမြဝင်းတို့၏မောင်၊ဦးခင်မောင်ဝင်း- ဒေါ်ချိုချို ဝင်း၊ ဦးဆန်းမြင့်(MSO Co.,Ltd.)-ဒေါ်မြင့်မြင့်ကြည်၏ ညီ၊ ဦးငွေကြိုင်-မပွင့်မာအေးတို့၏ အစ်ကို၊ မောင်ကောင်းမြတ်၏ဖခင်၊ မခင်မျိုးဦး၏ ခင်ပွန်းသည် ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့)ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)
အသက်(၆၅)နှစ်

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း) သည် ၁၆-၅-၂၀၁၃ (ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်အောင်မျိုးမင်းနှင့်ဇနီး

ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)
အသက်(၆၅)နှစ်
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး(ငြိမ်း)အမှတ်(၁)စက်မှုဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ငြိမ်း)အမှတ်(၂)စက်မှုဝန်ကြီးဌာန

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း) သည် ၁၆-၅-၂၀၁၃ (ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း၊စက်မှုဝန်ကြီးဌာန

သီရိပျံ့ချီဦးကေအက်(ဖ်)ဟိုး

I.C.S (Retired), B.C.S(1) (Retired)
အတွင်းဝန်(ငြိမ်း)
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်-၂ ရွှေလီလမ်းနေဒေါ်အော်ကင်ပေး ၏ခင်ပွန်း၊ ဒေါက်တာခင်ခင်တင့်(Melissa)၊ ဒေါက်တာခင်အေးတင့် (Tanja)၊ ဒေါက်တာလှရှိန် (Shane)၊ ဦးသိန်းရွှေ(Wayne)-Sirena တို့၏ဖခင်၊ ဒေါ်မေယုံ (Caroline)၊ ဒေါ်မေရင် (Jessamine)၊ Diana တို့၏အစ်ကို၊ Petrina၊ Eri Ka တို့၏ အဘိုးသည် ၂၃-၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် Kowloon, Hong Kog ၌ ကွယ်လွန်သွားပါ၍ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဲမှူးစိုးမြင့်(ငြိမ်း)

(မှုခင်းတပ်ဖွဲ့)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်နေ(ဦးမောင် ကြီး-ဒေါ်သောင်းစိန်)တို့၏သား၊ (ဦးဘရှိန်-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ အင်းစိန်မြို့နယ်၊ ကမ်းနား အလယ်ရပ်ကွက်၊ တိုက်(၂၃)၊ အခန်း (၁၀၃)၊ အောင်ဇေယျအိမ်ရာနေ (တပ်ကြပ်ကြီးတင်တင်ရှိန်) (မှုခင်း တပ်ဖွဲ့)၏ခင်ပွန်း၊ ကိုကျော်ဇေယျာစိုး-မချိုချိုလွင်၊ ကိုမျိုးမင်းဦး-မအိသူနွယ်စိုး တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၁၇-၅-၂၀၁၃ (သောကြာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၃၊ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြ ရောက်ကြွပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဆရာမဒေါ်လှမြိုင်(ခ)ဒေါ်နန်းခမ်းလောဝ်
အသက်(၇၉)နှစ်
(သီပေါ)

ဦးစိုင်းမြင့်သောင်း-ဒေါ်နန်းမေသူ(အထက-၁၊ အလုံ)တို့၏ မိခင်၊ မောင်ရဲကိုကို-နန်းရူပါမြင့်သောင်း(Asian Wings Airways)၊ စိုင်းဇင်ယော်မြင့်သောင်း (Myanma Airways)တို့၏ အဘွား ဆရာမဒေါ်လှမြိုင်(ခ)ဒေါ်နန်းခမ်းလောဝ်သည် ၁၇-၅-၂၀၁၃(သောကြာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီပေါအသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်နွယ် (၅၈)နှစ်
B.Sc (Zoology)
ဗဟိုမူလတန်းလွန်ကျောင်း၊ အကျိုးတော်ဆောင်၊
တွဲဖက်အတွင်းရေးမှူး၊ သန်လျင်မြို့

စိတ်ရင်းစေတနာကောင်းမွန်ပြီး ကျောင်းအပေါ် အမြဲတမ်း အကူအညီပေးတတ်သူ ဦးတင်နွယ်သည် ၁၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသစွာ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာမကြီးနှင့် ဆရာ/ဆရာမများ
ဗဟိုမူလွန်ကျောင်း၊ သန်လျင်

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ Dr. ဦးမျိုးမြင့်
အသက် (၇၀)

ဆရာကြီး Dr.ဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မမ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ ခုနှစ်ဝင် ဆေးတက္ကသိုလ်(၁)မှ တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သိန်းခင်(လေးမျက်နှာ)
အသက်(၈၉)နှစ်

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နာယက၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်)၏ မိခင်ကြီး ဒေါ်သိန်းခင်သည် ၁၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာဘုံဘဝရောက်ရှိပါစေ။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)

သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လိုအပ်သော အောက်ပါပစ္စည်းများ ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

- ရုံးသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း(Lot-1)
- ဆော့ဖ်ဝဲ(Lot-2)
- ရုံးအသုံးအဆောင်စက်နှင့် စက်ကိရိယာများ(Lot-3)
- လုပ်ငန်းသုံးပစ္စည်းများ(Lot-4)
- အခမ်းအနားသုံးကော်ဇောများ(Lot-5)
- ရုံးသုံးပရိဘောဂများ(နေပြည်တော်)(Lot-6)
- ရုံးသုံးပရိဘောဂများ(ရန်ကုန်)(Lot-7)
- ရုံးသုံးပရိဘောဂများ(မန္တလေး) (Lot-8)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၃ ရက်မှစတင်၍ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ ၂၁-၆-၂၀၁၃ ရက် ၁၀း၀၀ နာရီမှ ၁၁း၀၀ နာရီအတွင်း အိတ်ဖွင့်တင်ဒါများကို ကိုယ်တိုင် ဤဝန်ကြီးဌာန စုပေါင်းခန်းမ၊ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်ရမည်။

၄။ တင်ဒါချိန်ကုန်ဆုံးပြီးနောက် တင်ဒါတင်သွင်းသူများနှင့် ပစ္စည်းတင်ဒါကြီးကြပ်ရေးအဖွဲ့ ရှေ့မှောက်တွင် တင်ဒါများဖွင့်လှစ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကြေညာမည်ဖြစ်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်၍ အနိမ့်ဆုံးဈေး ပေးသွင်းသူအား ရွေးချယ်၍ စာချုပ်ချုပ်ဆိုဝယ်ယူမည် ဖြစ်ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၆၀၄၅

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်းနေ ဒေါ်ခင်စန်းရီ၏ ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်အေးအေးမြင့်တို့၏ ဖခင် ဦးဟပ်စိန်(ဟပ်စိန် ဦးထုပ်ဆိုင်) ကွယ်လွန်ခဲ့သည်မှာ (၁)လပြည့်ပြီးခဲ့သော်လည်း ကျန်ရစ်သူမိသားစုနဲ့ ထပ်တူဝမ်းနည်းသတိရနေပါကြောင်း။

မကေခိုင် (Hero Co.,Ltd)MDY
မမြမြစန်း(မြမြင့်မိုရ် ဦးထုပ်ဆိုင်)မုံရွာ
ကိုမျိုးလွင်-မသန်းသန်းဦး(TTOဦးထုပ်လုပ်ငန်း)

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆေးကောင်စီ၊ ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ ဥက္ကဋ္ဌ(၁၉၉၉-၂၀၀၅)

ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းက ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှတုတ်
အသက်(၈၀)
(နွားထိုးကြီး)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း-ဒေါက်တာစန်းစန်းအေးတို့၏ မိခင်၊ ဒေါ်လှတုတ်သည် ၁၉-၅-၂၀၁၃ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးနိုင်
အသက်(၇၂)နှစ်
မော်ကွန်းထိန်း(ငြိမ်း) လုပ်သားများကောလိပ်
သရုပ်ပြ(ငြိမ်း) သတ္တဗေဒ၊ မော်လမြိုင်ကောလိပ်

ဒေါ်ပေါ်လီစိုး(ကထိက-ငြိမ်း၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသော ခင်ပွန်း ဦးအေးနိုင်(မော်ကွန်းထိန်း-ငြိမ်း)သည် ၁၄-၅-၂၀၁၃(အင်္ဂါနေ့) တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(၁၉၇၅-၇၉)သတ္တဗေဒ၊ ကျောင်းသား/သူများ(မော်လမြိုင်ကောလိပ်)

အထူးဝမ်းနည်းကြေကွဲခြင်း

Capt: မျိုးသိန်း
အသက်(၅၅)နှစ်
MV.SHIN KENRYU
JSM. International Ltd.(TOSCO)

သူငယ်ချင်း ကိုမျိုးသိန်းသည် ၁၈-၅-၂၀၁၃ ရက်တွင် Shin Kenryu သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Capt: မြင့်လွင်-ဒေါ်ခင်မေသင်းရီ မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမောင်လေး(ငြိမ်း)
အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးရဲမြင့်ထွန်း-ဒေါ်ဝါဝါမြင့်တို့၏ဖခင် ဗိုလ်ကြီးမောင်လေး(ငြိမ်း)သည် ၁၆-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာမဒေါ်ခင်ဆွေထိုက်နှင့်သူငယ်ချင်းများ-
ပထဝီဝင်ဌာန၊ပဲခူးဒီဂရီ ကောလိပ်၊ မယဉ်ယဉ်ခိုင်၊ မမိုးမိုးမြင့်-နန်းအေးမြင့်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရီရီ
အသက်(၈၀)

ညီအစ်မအရင်းတွေလို ချစ်ခင်ရပါသော ငယ်သူငယ်ချင်း နုနုရီ၏ မိခင် ဒေါ်ရီရီသည် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မီမီတိုး၊ မို့မို့၊ သီတာလွင်၊
မသင်းနွယ်(ခ)မသီတာ၊
ချစ်ချစ်(ခ)မနီလာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းဝင်း(သံတွဲ/ရခိုင်)
အသက်(၇၈)နှစ်

ကိုဇော်မင်းထွန်း၏ မိခင်သည် ၂၀-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

USA အဇူဇာကျောင်းမှ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများနှင့်
ဓမ္မမိတ်ဆွေများ

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့
ဦးဆောင်နာယက၊ ဗဟိုရ်စည်ဆေးရုံ

ဗဟိုရ်စည်ဆေးရုံ၏ ဦးဆောင်နာယကကြီးဖြစ်သော ပါမောက္ခ ဦးမျိုးမြင့် ပါမောက္ခချုပ်(ငြိမ်း) (ဆေး-၁)သည် ၁၅-၅-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုရ်စည်ဆေးရုံမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်
အသက်(၇၀)
အရိုးခွဲစိတ်ကုဆရာဝန်ကြီး
ဥက္ကဋ္ဌ၊မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ ပါမောက္ခချုပ်(ငြိမ်း)(ဆေး-၁)

ဤတက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သော ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ (ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မျိုးဝင်း (Sale Engineer) (၃၉)နှစ်
အေးချမ်းမေတ္တာကုမ္ပဏီလီမိတက်

ဦးရီအောင်[ဒုရဲမှူး(ငြိမ်း)ဒုအထွေထွေမန်နေဂျာ၊ ကောင်းထက်ဝင်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်(EXCEL)]-ဒေါ်ခင်စောမူတို့၏သားကြီး၊ ဒေါ်အိအိအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းရတီအောင်၏ဖခင် ဦးအောင်မျိုးဝင်းသည် ၁၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
အေးချမ်းမေတ္တာကုမ္ပဏီ
ကောင်းထက်ဝင်းကုမ္ပဏီ

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အားမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင်လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အနိစ္စ

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်တင်မေ
အသက်(၉၇)နှစ်
စာကြည့်တိုက်မှူး၊
ပညာရေးတက္ကသိုလ်(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ အမှတ် (၄၃/ခ)နေ (ဦးဘမောင်-ဒေါ်အေးကြည်) တို့၏ သမီး၊ (ဦးဘိုဆင်-ဒေါ်အေးမေ) တို့၏ သမီးချွေးမ၊ (ပန်းချီဦးဘကြည်)၏ ဇနီး၊ ဦးရဲဝင်း-ပါမောက္ခ ဒေါ်ဝေဝေကြည် (ငြိမ်း)၊ ဦးမျိုးဇင်-ဒေါ်ခင်နွယ်နွယ်သန်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ဇင်-ဒေါ်ခင်အးမြင့်(Mandalay Hospic)၊ ဒေါက်တာသီရိဘကြည်-ဒေါ်မင်းမင်းပြုံးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွား၊ မြစ်၁၀ယောက်တို့၏ ဘွားဘွားသည် ၂၁-၅-၂၀၁၃ နံနက် ၃း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်တင်မေ
အသက်(၉၇)နှစ်
စာကြည့်တိုက်မှူး၊
ပညာရေးတက္ကသိုလ်(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ အမှတ် (၄၃/ခ)နေ (ပန်းချီဦးဘကြည်)၏ဇနီး၊ ဦးနိုင်မျိုးမွန်၊ ဦးဇော်မျိုးအောင်-အေးသီတာမျိုး၊ Capt အောင်မိုးမြင့်-ဒေါက်တာသိမ့်သိမ့်ဝင်း၊ ဦးသူရ-မယု၊ ဦးပြည့်ဖြိုးအောင်-မဇင်မာထွန်း၊ နွယ်နွယ်ဝင်း၊ ဦးငွေမိုးအောင်-ဒေါ်ငြိမ်းအေးစု၊ ဒေါက်တာ ဉာဏ်မင်းအောင်-ဒေါ်ခိုင်မာဝေ၊ ရန်မျိုးနိုင်-ဒေါ်ဖြူသက်မျိုး၊ ဦးစောလှမိုး-ဒေါ်ထက်ထက်တို့၏ ချစ်လှစွာသောအဘွား၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမြေးမြစ်တစ်စု

ဦးတင်ဝင်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၂)လမ်း၊ အမှတ်(၁၁၁၇)နေ (ဦးဘညွန့်-ဒေါ်ပျော့လေး)တို့၏ သား၊ ဒေါ်သန်းရွှေ၏ ခင်ပွန်း၊ ဦးအောင်ကျော်ဦး (ကောင်းဇော်ဟိန်းကုမ္ပဏီ)-ဒေါ်သီတာလင်း၊ ဦးအောင်ကျော်ထူး(စွမ်းအင်စီမံ)၊ (ဒုဗိုလ်အောင်ကျော်ဝမ်း)တို့၏ ဖခင်၊ ပြုံးသဒ္ဒါခိုင်(ခ)ဖူးဖူးလေး၏ အဘိုးသည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝါဝါ(၆၉)နှစ်
(ကျိုက်လတ်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၆၉-ဘီ)နေ [ဦးထန်လိုက်-ဒေါ်ကျင်စိန်(ခ)ဒေါ်လွမ်းနာ]တို့၏ သမီး၊ (ဦးသိန်းရွှေ)-ဒေါ်ကျင်တို့၏ သမီးချွေးမ၊ (ဦးအောင်လင်း)၏ ဇနီး၊ ကိုမောင်ဝင်း-မနိုင်နိုင်လင်း၊ မလှိုင်ဝေလင်း၊ ကိုကျော်ကျော်-မလှကေသီ၊ မသန္တာလင်း၊ မောင်မိုးဆန်း-မဇာဇာလှိုင်၊ မငွေငွေအလင်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်သည် ၂၁-၅-၂၀၁၃ ရက် နံနက် ၄း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးအောင်ကြီး(၈၅)နှစ်

ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ (၁၃၇) လမ်း၊ အမှတ်(၁၆/၁၈)နေ (ဒေါ်ခင်ခင်ညွန့်)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ကန်တော့ခံ ဦးအောင်ကြီးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂း၀၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ထွေး(၇၂)နှစ်
(အင်းစိန်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ (မ/၆)နေ (ဦးဘိုးကျော်-ဒေါ်သိန်းရင်)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ (ဦးပန်းစိန်-ဒေါ်ခင်မေ)၊ (ဦးမောင်နောင်-ဒေါ်ငွေဘော်)၊ ဦးလှကြည်-(ဒေါ်တင်ဥ)၊ ဦးကျော်တင့်-ဒေါ်တင်သန်း၊ (ဦးမြအေး-ဒေါ်ခင်ဝင်း)၊ (ဦးဝင်းမောင်)-ဒေါ်ပြုံးတို့၏ ညီမ၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်ချိုတို့၏ အစ်မ၊ (ဦးသိန်းဆောင်)၏ ဇနီးသည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၀၀း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

(၂)နှစ်ပြည့် လွမ်းဆွတ်တသသတိရခြင်း

သားသားလေး ဉာဏ်လင်းထွဋ်(ခ) ခန့်ခန့်(ခ) ဝမ်စွေ့လေး လောကဓံကို အန်တုရင်း နှစ်ဖက်ဘိုးဘိုးဘွားဘွား၊ ဦးလေး၊ အန်တီတွေနဲ့ ညီမလေးကို ခွဲခွာသွားခဲ့တာ ခု ၂၂-၅-၂၀၁၃ ရက်မှာ (၂) နှစ်တိုင်တိုင် ပြည့်ခဲ့ပေမယ့် တစ်နေ့မှ မေ့လို့မရခဲ့ကြပါဘူး။ သားသားလေးအတွက် ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုခဲ့သမျှ ကုသိုလ် ကောင်းမှုတွေကို ရောက်ရာဘဝဘုံဌာနကနေ အမျှရပါစေ အမျှ---အမျှ---အမျှ ပေးဝေပါတယ်။

ရန်ကုန်နှင့် ရေစကြိုမြို့မှ
နှစ်ဖက်ဘိုးဘိုးဘွားဘွား
မိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်သန်းရီ(၈၃)နှစ်
(သုံးခွ)

ရန်ကုန်မြို့နေ ဦးဘီဒန်း-ဒေါ်လှတင်တို့၏ သမီး၊ သုံးခွမြို့၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၂)နေ ဆရာစိန်-ဒေါ်စိုးရင်တို့၏ သမီးချွေးမ၊ (ဦးတိုးလှ-စက်ဆရာ)၏ ဇနီး၊ ဒေါ်သန်းယုဆွေ(တိုင်းရင်းဆေး)၊ ဦးအောင်ကျော်မျိုး၊ ဦးအောင်မြင့်ငွေး(ဦးတိုးလှ၏သားများ စက်မှုလက်မှု)၊ ဦးကျော်ဆွေသိန်း (လ/ထ ကထိက၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)-ဒေါ်အေးအေးစိုးတို့၏ မိခင်၊ မမြတ်ငြိမ်းသန့်၊ မောင်ကောင်းသစ်မင်းတို့၏ အဘွားသည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၃-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ သုံးခွမြို့ဥက္ကံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ထွေး(၇၂)နှစ်
(အင်းစိန်)

ရန်ကုန်မြို့နေ (ဦးကံညွန့်)-ဒေါ်တင်တင်ဝင်း၊ (ဗိုလ်ကြီးဇော်နိုင်လင်း)-ဒေါ်တင်တင်အေး၊ ဦးအောင်ကျော်ဦး-ဒေါ်မြ၊ ဦးသန်းငွေး(ဆမ)-ဒေါ်စီစီမာ၊ ဒေါ်နိုင်နိုင်ဦး၊ ဦးအောင်မိုး-ဒေါ်နီ၊ ဦးစိန်ဝင်း၊ ဦးကျော်ဆန်းလှိုင်-ဒေါ်တင်တင်ညို၊ ဦးအောင်အောင်-ဒေါ်သီတာ၊ ဦးဖိုးသား၊ ဦးကျော်မိုး-ဒေါ်ရွှေစင်ညွန့်၊ ဦးကျော်စိုးမိုး-ဒေါ်မာလာ၊ ဦးမျိုးညွန့်-ဒေါ်မိမိကျော်၊ ဒေါ်တင်တင်နိုင်တို့၏ အဒေါ်၊ ဦးမြင့်ဦး-ဒေါ်မြတ်ဝင့်ရည်၊ ဦးအောင်သိုက်-ဒေါ်ကေခိုင်ဦးတို့၏ အဘွားလေးသည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၀၀း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူ၊ တူမ၊မြေးများ

ဒေါ်ဒေါင်း(ခ)ဒေါ်ညိုညိုဝင်း
အသက်(၆၃)နှစ်

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်နေ ဦးခင်မောင်(ပညာရေး-ငြိမ်း)၏ဇနီး၊ မန္တလေးမြို့နေ ဦးမြင့်သန်း-ဒေါ်ဝင်းကြည်၊ ကြံခင်းမြို့နေ ဦးဇော်မင်း(လက်ထောက်စက်ရုံမှူး)-ဒေါ်ဝင်းရီတို့၏အစ်မကြီး၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်နေ ကိုသိန်းဦး-မနီနီမာ၊ ကိုတင့်လွင်ဦး-မစန်းစန်းထွေး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ မခင်မိုးအေး၊ ကိုကျော်စွာဦး (3/E Lister) တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် အမှတ်(၅၈)၊ မြယမုံအိမ်ရာ၊ (၃)လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်အေး
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဥယျာဉ်ကျေးရွာနေ (ဦးကြာညွန့်-ဒေါ်နှင်းညွန့်)တို့၏သမီး၊(ဦးတင်ညွန့်-ဒေါ်သန်းရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊ သီရိဂုဏ်ရည်ခြံ (၂) လမ်း၊ အမှတ်(၂၀)နေ ဦးလှိုင်ရွှေ၏ ဇနီး၊ ကိုခင်ဇော် (Moon Soon MARITIME)-မပပဝင်း၊ ကိုတင်ဝင်းလှိုင် (MYANMAR C-P LIVESTOCK) ကိုမိုးကျော်သူ- မသင်းသင်းလှိုင် (DYNASTY GEMS တို့၏မွေးသမိခင်၊ မရတနာခင်ဇော် (DYNASTY GEMS) မောင်ကောင်းထက်ဇော်၊ မသင်းသူသူလှိုင်တို့၏ အဘွားသည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းထွန်း
အသက်(၆၀)
သွားတုကျွမ်းကျင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၅၇၂ (ခြောက်လွှာ)နေ (ဦးဘိုခင်-ဒေါ်သိန်းခင်)တို့၏ သားကြီး၊ (ဦးအောင်စိန်-ဒေါ်အောင်တင်) တို့၏သားသမက်၊ ဦးသန်းမြင့်-ဒေါ်လှလှဝင်း၊ ဒေါ်ခင်စန်းဝင်း၊ ဦးငွေအောင်-ဒေါ်ဝါဝါတို့၏ အစ်ကိုကြီး၊ ဒေါ်ထွေးရီ၏ ချစ်လှစွာသော ခင်ပွန်း၊ မဖြူနှင်းအေး (အလုပ်သင် ဆရာဝန်၊ ဗဟိုအမျိုးသမီး ဆေးရုံကြီး)၏ ချစ်လှစွာသောဖခင်သည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်ဦး(ခ)တိုးလေး
အသက်(၅၀)
(မြန်မာ့ရုပ်ရှင်လုပ်ငန်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၇)လမ်း၊ အရှေ့နေ (ဦးတင်ဦး-ဒေါ်မြင့်မြင့်)တို့၏ သား၊ (ဦးစောမောင်)-ဒေါ်တင်လှိုင်တို့၏ သားသမက်၊ ဒေါ်ခင်ညွန့်၏ တူသား၊ (ဦးဟန်ငွေ)-ဒေါ်ခင်ပြုံး၊ ဦးဇော်ဝင်း-ဒေါ်မြထွေး၊ ဦးဝင်းမောင် (အင်္ဂလိပ်စာနည်းပြ)-ဒေါ်ရီရီတင်၊ (ဦးသန်းဦး)-ဒေါ်လှလှမြင့်တို့၏ ညီ/မောင်၊ ဦးအောင်ဝင်း-ဒေါ်ယဉ်စောမြိုင်တို့၏ အစ်ကို၊ ဒေါ်ခင်စောလှိုင်၏ ခင်ပွန်း၊ ကိုတင်မောင်မောင်ထွန်း-မသင်းသင်းမြိုင်၊ မောင်အောင်အောင်၊ မောင်နိုင်ထက်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သုန္ဒရ (မူလဓမ္မာစရိယ)
သိက္ခာတော် (၆၂)ဝါ၊ သက်တော်(၈၂)နှစ်
ကျားကူးဓမ္မဗိမာန်ကျောင်းပဓာနနာယကဆရာတော်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဓမ္မဗိမာန်တော်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုန္ဒရသည် (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်) ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်၅း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်) ၂၃-၅-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနပွဲ ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။ ဈာပနဖြစ်မြောက်ရေးကော်မတီ

ဦးသန်းမောင်(ဝေါ)
အသက်(၆၉)နှစ်
(B.Com-IT)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးရွာနေ (ဦးထွန်းဝင်း-ဒေါ်အုန်း)တို့၏သား၊ ပဲခူးမြို့နေ (ဦးမောင်မောင်-ဒေါ်တုတ်)တို့၏ သားသမက်၊ (ဦးဘိုနီ)-ဒေါ်ကြည်အောင်၊ (ဦးဘမြင့်-ဒေါ်ချိုချို)၊ ဦးစံတင်-ဒေါ်စိန်စိန်ရီတို့၏ ညီ/မောင်၊ ဦးထွန်းအောင်ကျော်(ညွှန်ကြားရေးမှူး၊ ကညန)၊ ဒေါ်ခင်လေးစု၊ ဦးတင့်လွင်-ဒေါ်ငွေငွေအေး၊ ဦးမြင့်ဦး-ဒေါ်ကျင်ထွေး၊ ဦးတင်ဝင်းတို့၏ အစ်ကို၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ရွာမပိုင်းနေ ဒေါ်ခင်မြင့်ဦး(သမဦးစီးမှူး-ငြိမ်း)၏ ခင်ပွန်း ဦးသန်းမောင်သည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် လှည်းကူးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှအောင်
အသက်(၅၆)နှစ်
(မြမဥ္ဇူလက်ဖက်ရည်ဆိုင်)

ပဲခူးတိုင်းဒေသကြီး၊ သူရဲသူမိန်ကျေးရွာနေ (ဦးကျွတ်ဝါ-ဒေါ်ခင်တင့်)တို့၏ သားထွေး၊ (ဦးစံဝင်း)-ဒေါ်အုန်းကြည်တို့၏ သားသမက်၊ (ဦးကျော်မောင်-ဒေါ်ကျင်မေ)၊ ဦးသိန်းမြင့်-(ဒေါ်ကျင်အေး)၊ ဒေါ်ကျင်ငွေ၊ ဦးကျင်တိ၊ ဦးသက်တင်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၈/၁၁၉)နေ ဒေါ်စန်းစန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးမိုးအောင်၏ ဖခင်သည် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအုန်းမောင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊(၂၁)ရပ်ကွက်၊ ကွန်း (၂) လမ်း၊ အိမ်အမှတ်(၈၃၇)နေ (ဦးထင်ကျော်-ဒေါ်စိန်အေး)တို့၏သား၊ (ဦးဖိုးရီ-ဒေါ်အုန်းမြင့်)တို့၏မောင်၊ ဦးဝင်းမြင့်-ဒေါ်အေးတင့်၊ ဦးလှဝင်း၊ ဦးလှမြင့်၊ (ဦးမြစိန်)တို့၏အစ်ကို၊ ဒေါ်လှဝင်း၏ ခင်ပွန်း၊ ဦးအောင်မြတင်-ဒေါ်သင်းသင်းဦး၊ ဦးကိုကိုမောင် (Max Energy Co.,Ltd.) - ဒေါ်သန်းသန်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းသူခန့်၊ မမေသူကိုတို့၏အဘိုးသည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂း၀၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုအောင်သော်ထင်
အသက်(၄၀)
C.D.C 37924 Fitter
M.T.M SOUTH PORT
သင်္ဘော

ဝါးခယ်မမြို့နယ်၊ ကွင်းကျောင်းကျေးရွာနေဦးစိန်သော် (ဒုအရာခံဗိုလ်၊ တပ်မတော်-ရေ၊ ငြိမ်း)-(ဒေါ်နန်းမြသန်း) တို့၏ သားကြီး၊ ဦးစောရန်အောင်-ဒေါ်လေ့လေ့ထွန်းတို့၏သားသမက်၊ ဒေါ်နန့်နယ်လီအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဇော်လင်း(ခ)ကိုတွတ်နီ၊ ကိုစောသန်းအောင်တို့၏ အစ်ကိုကြီး၊ နန့်လင်းသော်တာအောင်၊ နန့်နှင်းသူဇာအောင်၊ နန်းဖြိုးစန္ဒီအောင်တို့၏ ချစ်လှစွာသော ဖခင်သည် ၂၀-၅-၂၀၁၃ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်ဦး(၇၉)နှစ်
လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၅၁)၊ မအူပင်လမ်း၊ ခြောက်လွှာနေ (ဦးသောင်းရွှေ-ဒေါ်တင်ညွန့်)တို့၏ သမီးကြီး၊ (ဦးကြည်ဝင်း)-ဒေါ်ငွေငွေ၊ ဦးမောင်မောင်သက် - ဒေါ်စုစုထက်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မာတို့၏ အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ ကြီးကြီးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သင်းရီ
(အမက-၂၊ ဆရာမ၊ ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈လမ်း/လယ်) ပ-ထပ်နေ (ဦးဘိုးရွှေ-ဒေါ်တင်ဦး)တို့၏ သမီး၊ (ဦးထွန်းမောင်-ဒေါ်သန်းလှ)တို့၏သမီးချွေးမ၊ ဦးဉာဏ်ထွန်း၏ဇနီး၊ (ဦးစိန်ဝင်းမောင်)-ဒေါ်တင်တင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း(ငြိမ်း)-ဒေါ်အေးကြွယ်တို့၏ညီမ၊ ဦးဇော်ထူး(လောက်ကိုင်ခရိုင် ခရိုင်တရားသူကြီး) - ဒေါ်နုနုဝေ (ဒုတိယမြို့နယ်တရားသူကြီး၊ ဒဂုံတောင်မြို့နယ်) တို့၏ အစ်မ၊ ဦးရွှေမျိုးသက်ဦး-ဒေါ်ညိုညိုမင်း၊ ဦးနိုင်လင်းထွန်းတို့၏မိခင်၊ တူ/တူမ လေးယောက်တို့၏ အဒေါ်၊ မြေးတစ်ယောက်၏အဘွားသည် ၂၀-၅-၂၀၁၃ ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၀)ကြိမ်မြောက် ကုလသမဂ္ဂပုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည်ညို

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီတဝူပုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိသရအား နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ မေ ၂၁ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့ရုံးခွဲကျင်းပသည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂပုဒ္ဓနေ့ (ကဆုန်လပြည့်နေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် နံနက် ၈ နာရီ မိနစ် ၄၀ တွင် အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိပြီး အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra အမှူးပြုသော ဆရာတော်၊ သံယာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ကုလသမဂ္ဂပုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ရာ အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌဆရာတော်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် ဗုဒ္ဓဘာသာဝင် ဆရာတော်၊ သံယာတော်များ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသောနိုင်ငံများမှ ဝန်ကြီးများ၊ စာတမ်းဖတ်ကြားကြမည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် Dr. Phra Brahmapundit က ယခုနှစ် ကုလသမဂ္ဂပုဒ္ဓနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော Education and Global Citizenship; A Buddhist Perspective နှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra က ဩဝါဒစကား မြွက်ကြားသည်။

ယင်းနောက် မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် Dr. Phra Brahmapundit က အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး Mr. Pongthep Thepkanchana က မိန့်ခွန်းပြောကြားကာ ကမ္ဘာ့ခေါင်းဆောင်များ၏ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့

ရန်ကုန်မြို့ ရွှေတောင်တန်းဗောတံတား၌ စက်တပ်သမ္မန်နစ်မြုပ်

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရွှေတောင်တန်း (၁)ဗောတံတားအနီး၌ ခရီးသည်နှင့် ကုန်တင်စက်တပ်သမ္မန်တစ်စင်းသည် မေ ၂၁ ရက် နံနက် ၅ နာရီခန့်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်တပ်သမ္မန်သည် ရန်ကုန်-ကွမ်းခြံကုန်းမြို့နယ်သို့ ပြေးဆွဲလျက်ရှိသည့် ခရီးသည်နှင့်ကုန်တင်စက်တပ်သမ္မန်အမျိုးအစားဖြစ်ပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်းခရီးသည် ၂၄ ဦးနှင့် ဘိလပ်မြေ၊ သံချောင်းနှင့် အခြားကုန်များတင်ဆောင်ကာ ရွှေတောင်တန်းဆိပ်ကမ်း ဗောတံတားအနီး ၁၀ ပေ ကျော်အကွာအဝေး အရောက်၌ ရေစီးအားကိုမထိန်းနိုင်ဘဲ နစ်မြုပ်သွားခြင်းဖြစ်သည်။

စက်တပ်သမ္မန်နစ်မြုပ်မှုတွင် အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦးကို ကယ်တင်နိုင်ခဲ့ပြီး အမျိုးသမီး အလောင်းတစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ကျန်ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

နစ်မြုပ်သွားသည့် စက်တပ်သမ္မန်မှာ အောင်ရတနာမြင့်ဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ကိုးပေ၊ ဇောက်ငါးပေ ရှိကြောင်း သိရသည်။

ရွှေတောင်တန်း(၁)ဗောတံတားမှ ၁၀ ပေကျော်အကွာ အောင်ရတနာမြင့်စက်တပ်သမ္မန်နစ်မြုပ်သည့်နေရာကို တွေ့ရစဉ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်ရှိသော တပ်မတော်တစ်ရပ်ဖြစ်ရေး စွမ်းရည်သုံးရပ်ကို ပြည့်ဝအောင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို

နေပြည်တော် မေ ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းတပ်နယ်သို့ရောက်ရှိပြီး တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေ့လယ်ပိုင်းတွင် ပုပ္ပားတပ်နယ်သို့ ရောက်ရှိပြီး ဦးအောင်ဇေယျခန်းမ၌ တပ်နယ်မှ အရာရှိစစ်သည်မိသားစုများအား တွေ့ဆုံမှာကြားခဲ့သည်။ စာမျက်နှာ ၂ ကော်လံ ၁ သို့

မြောက်ဝင်ရိုးစွန်းသဘာဝပတ်ဝန်းကျင် နာဆာ၏စက်ရုပ်ယာဉ်လေ့လာ

ဝါရှင်တန် မေ ၂၁

အာကာသဂြိုဟ်ဆင်းယာဉ် ကဲ့သို့သော စက်ရုပ်ယာဉ် တစ်စင်းကို အသုံးပြု၍ မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေကို အမေရိကန် အာကာသအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြသည်။

နာဆာက တည်ဆောက်ခဲ့သော စက်ရုပ်ယာဉ်သည် မြောက်ဝင်ရိုးစွန်းဒေသ၏ ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို လေ့လာလိုသော သိပ္ပံပညာရှင်များနှင့် သုတေသီများအား ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် ကုန်ကျစရိတ်သက်သာစွာဖြင့်

စာမျက်နှာ ၄ ကော်လံ ၃ သို့

GROVER စက်ရုပ်ယာဉ်ကို အမေရိကန်ပြည်ထောင်စု အိုင်ဒါဟို ပြည်နယ်ရှိ နှင်းလျှောစီး အပန်းဖြေစခန်းတစ်ခုတွင် စမ်းသပ်မောင်းနှင်စဉ်။